# နတ်သမီး

တိတ်တခိုး

နတ်သမီး

တိတ်တခိုး

ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသူ**

ဒေါ်မြင့်မြင့်ရီ (မြဲ-၀၀၆၆၆) (ဗျူးစာပေ)

အမှတ်-၅၂၀(က)၊ အင်း၀ (၄)လမ်း၊

(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးကျင်ရင် (မြဲ-၀၀၃၂၆) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ ဆော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**

သိန်းရွှေကြည်

**အတွင်းဖလင်**

ကိုဇင်ဦးနှင့်ညီများ

**ပုံနှိပ်ခြင်း**

ပထမအကြိမ်

၂၀၁၆ ခုနှစ်၊ မေလ

တန်ဖိုး-၁၀၀ ကျပ်၊ အုပ်ရေ- ၅၀၀

**ဖြန့်ချိရေး**

ဗျူးစာပေ

၀၉ ၅၀၃၀၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

**နတ်သမီး**

တိတ်တခိုး

ဗျူးစာပေ၊ ၂၀၁၆။

၂၂၄-စာ၊ ၁၂ x ၁၈ စင်တီ။

(၁) တိတ်တခိုး

## အခန်း (၁)

"အလွမ်းရေ"

"ရှင် မမ"

"အဲဒီလျှော်တစ်ခေါင်းပြီးရင် ဒီဘက်က ဖယောင်းသွင်းမယ့် အဖြောင့်ခေါင်းလေး ဆက်ကိုင်လိုက်ပါဦး"

"ဟုတ်ကဲ့ပါ"

"အလွမ်းရေ"

"ရှင့်"

ခေါ်ပြန်ပြီ နောက်တစ်ယောက်။

"ကောက်တံတွေကုန်သွားလို့ စတိုခန်းထဲမှာ သွားထုတ်ပေး ပါဦး၊ ဒီမှာ ဘယ်လိုမှ သွားယူဖို့ မအားလို့ပါ"

"ဟုတ်ကဲ့ ရပါမယ်"

လျှော်စင်ပေါ်မှ ကာစတန်မာကို ခဏထားခဲ့ပြီး စတိုခန်းထဲသို့ ပြေးရပြန်သည်။ စတိုခန်းထဲမှ ပြန်ထွက်လာပြီး ချုပ်ဆေးရည်ထည့်ပေးနေသော မပွင့်က ခေါ်ပြန်သည်။

"အလွမ်းရေ"

"ရှန်လို့"

"ဒီမှာ နင့်ကာစတန်မာ ရောက်နေပြီ Nail Art ကို နင်မှ စိတ်တိုင်းကျလို့ပါတဲ့"

မပွင့်၏မြှောက်ပင့်ပြောလိုက်သော စကားသံအဆုံး မှန်တံခါးကြီး တွန်းဖွင့်ဝင်လာသည့် မိန်းမငယ်လေး အလွမ်းကိုတွေ့ပြီး ဟိုင်းဟု လက်လှမ်းပြသည်။

အလှပြင်မှန်လုံခန်းထဲ မဝင်ခင်ကတည်းက သူကလေးက အလွမ်း၏ကာစတန်မာဟုဆိုကာ မြှောက်ခိုင်းနေကြသည်မှာ အခုမှ မဟုတ်။

သို့သော် ဒါဟာ ကိုယ်ပဲလုပ်ရမည့်တာဝန်မို့ အလွမ်းတို့ မောတယ်ပန်းတယ် မရှိ။

"ခဏလေးစောင့်နော် စနိုးရေ၊ စိတ်တိုင်းကျစေရပါမယ်"

"ရတယ် အလွမ်းနဲ့ဆို တစ်နေကုန်ထိုင်စောင့်ရလည်း စနိုးက စောင့်မှာပဲ၊ ဒီတစ်ခေါက် ခြေထောက်ပါ ကြေးချွတ်ဆေးစိမ်မှာနော်၊ Nail Art ကတော့ အရင်ဒီဇိုင်းထက်ပိုလန်းတာ ဆွဲပေးရမယ်"

"အိုကေပါ သုံးမိနစ် အဲ နာရီဝက် သုံးခါလောက်တော့စောင့်၊





ခြေထောက်တင်မဟုတ်ဘူး တစ်ကိုယ်လုံးကို ချွတ်ပေးလိုက်မယ်"

"ဟယ် ဘာတုံး ဘာချွတ်မှာလဲ"

မျက်လုံးလေးဝင့်ကာ ရယ်ဟာဟာ မေးလာသော စနိုးစကားကြောင့် ဆိုင်ထဲမှ အလှပြင်မာမီတွေရော ကာစတန်မာတွေပါ လိုက်ရယ်သူကရယ် ပြုံးတုံ့တုံ့ဖြစ်သွားသူကဖြစ်သွားမို့ အလွမ်းပါ လိုက်ရယ်ရင်း

"တစ်ကိုယ်လုံးကို ကြေးချွတ်မှာကိုပြောတာပါ စနိုးရယ် ဘကယ်ပါပဲ"

"အို တစ်ကိုယ်လုံးတော့ ရှက်စရာကြီး နေပါ"

"အို မိန်းမချင်းပဲ"

"မာမီက မိန်းမမှမဟုတ်တာ"

"ဟယ် ကြည့် အလှပြင်မာမီတွေရဲ့ဂုဏ်သိက္ခာကို လုံးဝ ချိုးနှိမ်လိုက်တဲ့စကားပဲ၊ ဒီမှာကွယ့် လူကသာ အတုလေးကြောင့် မိန်းမစစ်စစ်လို့ အမည်တပ်မရပေမယ့် အလွမ်းတို့ရဲ့စိတ်တွေ ဘဝတွေက မိန်းမပဲ၊ ဒါကြောင့် မိန်းမစိတ်နဲ့ပဲ ရှင်သန်နေကြတာလေ၊ အိမ်ထောင်ပြုရင်တောင် လီမင်ဟိုတို့ ကင်ဟာန်ဂျွန်တို့ ရိန်းတို့လောက်ကိုပဲ စဉ်းစားမှာ"

"ဟမ် လီမင်ဟိုကိုတော့ မရပါဘူးနော်၊ စနိုးရဲ့အသည်းကျော်လေးကို"

"စနိုးက အသည်းကြော် အလွမ်းက အသည်းစွဲပြီး နစ်တောင်ဝင်နေပြီ၊ မနေ့က facebook ပေါ်မှာ သူ ရေကူးနေတဲ့ပုံတင်ထားတာ ဒါး မိုက်လိုက်တာ ခုပြော ခုကြက်သီးထတယ်ကွယ် ညက သူနဲ့အိပ်မက်

ကောင်း တော်တယ်''

အလွမ်း၏ နှဲ့နှဲ့နှောင်းနှောင်းစီကာပတ်ကုံး ပြောနေပုံက ချစ်ရေးကောင်းသလို ရယ်စရာလည်းကောင်းနေ၍ စနိုး တခစ်ခစ်ရယ်၏။

စနိုးရယ်တော့ အလွမ်းပါ မခို့တရို့လေး လိုက်ရယ်သည်။

''ကဲ အလွမ်းရေ ဒီမှာ နှာချေနေပြီကွယ် ခေါင်းလျှော်ရင်း တန်းလန်းကြီးကိုထားခဲ့တယ်''

လျှော်စင်ပေါ်မှ ကာစတန်မာအမျိုးသမီး နှာတချေချေဖြင့် လှမ်းအော်ပြောတော့မှ လုပ်လက်စအလုပ်ကို အလွမ်း ပြန်သတိရပြီး

''ဟယ် ဟုတ်ပါရဲ့ ချစ်ချစ်တုံးကြီး အကြောင်းပြောရရင် အဲလိုကို မေ့တာ၊ စိတ်မဆိုးပါနဲ့နော် ကြာသွားတဲ့အတွက် နောက်ထပ် နာရီဝက် အပိုစောင်းပြီး, လျှော်ပေးမယ်''

''ဘုရားရေ ဖျားတော့မှာပဲ တော် တော် ခုတောင် နှုတ်ခမ်းတွေ ပြာနေပြီ''

ကာစတန်မာစကားကြောင့် အလွမ်း ရယ်ပြန်သည်။ အလွမ်းဘဝက ဒီလိုမျိုး ပျော်ပျော်နေမှ အဓိပ္ပာယ်တွေ ရှိမှာမို့ ဘယ်လောက်ပဲ သောကတွေထုထပ်အုံ့မှိုင်းနေပါစေ အလွမ်း အမြဲတမ်း ကိုယ့်စိတ်ကို ပျော်အောင်နေသည်။

ထိုအရာသည် အလွမ်း၏နေထိုင်မှုစရိုက်ပင်ဖြစ်သည်။

■ ■ ■

''အလွမ်းရေ ပြန်လာပြီလားဟေ့''





''ပြန်လာပြီ အန်တီခိုင်မာရေ အလွမ်းရဲ့အခန်းသော့လေး ပေးပါဦး''

''ဩော် အေး အေး ခဏနော်''

အန်တီခိုင်မာ အများသုံးအုတ်ကန်တွင် အဝတ်လျှော်နေရင်းမှ မလှမ်းမကမ်းရှိ သူ့အခန်းတွင်းသို့ ဝင်သွားသည်။ သိပ်မကြာလိုက်သုတ်ခနဲ ပြန်ထွက်လာပြီး

''ရော့ အလွမ်းရေ ဒါနဲ့ လက်ထဲက ဘာတွေတုံး''

''ဟင်းဝယ်လာတာလေ အန်တီခိုင်မာရဲ့၊ အိမ်မှာထမင်းပဲရှိတယ်၊ ဟင်းမရှိဘူး ဒါကြောင့် လမ်းထိပ် ဟင်းဆိုင်က အရှာဘီဆိုင်မှာ ဆိတ်ပဲဝယ်လာတယ်''

''ငါ့အိမ်မှာ ငါးငါးပိချက် ချက်တယ်၊ စားချင်ရင် လာယူလေ''

''ဟုတ်လား ကောင်းတာပေ့ါ အလွမ်း ထမင်းစားမကောင်းနေတာ ကြာပြီ၊ ငပိချက်ပေးမှတော့ တို့စရာလေးပါ အစစ်ပေးရမယ်နော်''

''အေးပါတော် အေးပါ''

''ဒါကြောင့် အန်တီခိုင်မာကို အားကိုးရတာ အဟိ''

တစ်ကိုယ်တော်သမားမို့ ထမင်းဟင်း ဖွယ်ဖွယ်ရာရာ မချက်နိုင်၍ ဆိုင်ထမင်းဆိုင်ဟင်းနှင့်သာ နှစ်ပါးသွားနေရသော အလွမ်းအတွက်ထိုကဲ့သို့သော အိမ်နီးနားချင်းမျိုးတွေလည်း ရှိပါသည်။

''ဟေး အလွမ်း ပြန်လာပြီလား''

''ပြန်လာပြီ ဦးပြုံးချိုရေ''

"အေး မောလာလား လာလေ ငါနှိပ်ပေးမယ်"

"ဟင်းနော် လူကြီး အလွမ်းကို ခပ်ပေါပေါမိန်းမများ ထင်နေလား။ မနက်ဖြန် အရက်ထပ်မသောက်နိုင်ဖြစ်သွားမယ်"

အလွမ်း ရန်တွေ့လိုက်သဖြင့် ဦးပြုံးချိုကြီး စပ်ဖြီးဖြီးဖြင့် ရယ်ချေ။

"ဟဲ့ နင့်ရဲ့အောက်ထပ်ကို လူသစ်ပြောင်းလာတယ် သိလား"

"ဟင် ဟုတ်လား ဘယ်သူတွေလဲ ဘယ်ကပြောင်းလာတာလဲ ဟင်၊ ဦးပြုံးချိုလို အရက်သမားလား ဒါမှမဟုတ် ချဲသမား ဖဲသမားတွေပါလား"

အပေါ်ထပ် အောက်ထပ်ကို တန်းလျားပုံစံမျိုး ဆောက်ထားပြီး ဆယ်ပေအကျယ် နှစ်ဆယ့်ငါးပေအရှည်သာရှိသော အခန်းကျဉ်းကလေးကို တော်ရုံတန်ရုံ စီးပွားရေးချောင်လည်တဲ့သူမျိုးတွေ လာငှားမနေဘူးဆိုတာ အလွမ်း သိသည်။

အလွမ်း ငှားနေသည့်တန်းလျားမှာ အပေါ်ငါးခန်း အောက်ငါးခန်းရှိသည်။ အားလုံးက လက်လုပ်လက်စားသမားတွေချည်းပဲ ဖြစ်သည်။ ရပ်ကွက်ထဲမှာ လုံးချင်းအိမ်တစ်လုံး ငှားမည်ဆိုလျှင် တစ်လကို တစ်သိန်းကျော်ပေးရမည်မို့ တော်ရုံအခြေခံလူတန်းစား လက်လုပ်လက်စားသမားအဖို့ ငှားမနေနိုင်။

ခုလို ငါးသောင်းခြောက်သောင်းလောက်သာ ပေးရသည့် အခန်းတွဲလေးတွေမှာ လာငှားနေပြီး ဘဝတွေကို ကျပ်တည်းစွာ ရှင်သန်





ကြရသည့်အတွက် ဒီလိုနေရာမျိုးကို တော်ရုံစီးပွားရေး အခိုင်အမာမရှိသော လက်လုပ်လက်စားလေးလောက်သာ လာငှားနေနိုင်သည်။

အလွမ်းတောင် တစ်ကိုယ်ရေတစ်ကာယသမားမို့ ဒီတန်းလျားမှာ လာငှားနေရပေမယ့် စိတ်တိုင်းတော့ မကျ။ လူကပြားအိမ်တန်းလျားဆိုသလို လူနေမှုစရိုက်အမျိုးမျိုးနှင့် တစ်ခါတစ်ရံ ပျော်စရာကောင်းသလို တစ်ခါတစ်ရံလည်း စိတ်ပျက်စရာကောင်းလှပါသည်။

တစ်အိမ်က လေလည်လျှင်တောင် တစ်အိမ်ကအတိုင်းသားကြားနေရသော တန်းလျားနေလူတန်းစားအဖို့ မရှိအတူရှိအတူနှင့် စည်းလုံးမှုရှိကြသလို တစ်ခါတစ်ရံ အခန့်မသင့်လျှင်လည်း အော်ကြီးဟစ်ကျယ်ရန်ဖြစ်တတ်ကြပြန်သည်။

အလွမ်း ငှားနေသော အိမ်တန်းလျားလေးသည် ရပ်ကွက်အစွန်ဘက်ကျသဖြင့် သွားရေးလာရေး ခက်ခဲကာ ကားမှတ်တိုင်ကနေဆိုက်ကား၊ ဆိုင်ကယ်ကယ်ရီစီးရသည်။

ဆိုင်ကယ်ကယ်ရီသမားတွေဆို အလွမ်းကို သိနေကြသည်။ အလွမ်းများ ကယ်ရီဂိတ်ကိုရောက်လျှင် အလွမ်းကို လိုက်ပို့ချင်ကြလို့ လုနေကြရသည့်အဖြစ်။

ယောက်ျားသားတွေဆိုတော့ အလွမ်းလို ဟိုမရောက်ဒီမရောက် ယောက်ျားမကျ မိန်းမမဟုတ်သော အလှဖန်တီးရှင်အခြောက်မကို ရိသဲ့သဲ့နှင့် သွေးတိုးစမ်းချင်ကြတာ။

အလွမ်းတို့ကလည်း ဒါမျိုးဆို အထင်ကိုမကြီးတာ။ အခြေအမြစ်

ခန့်သော ယောက်ျားတွေကိုမှ အရေးအရာပြန်လုပ်ချင်သူ နှုတ်ခမ်းပဲ့ခြင်းတော့ မီးမမှုတ်နိုင်ပါ။

"ဟဲ့ ငါပြောနေတာ ကြားလား။ ညော် ငါ့နှယ် မေးလည်းမေးသေးတယ်၊ ငါပြောတော့လည်း နားမထောင်ဘူး။ မျက်နှာက မှဲ့သွားလိုက် ပြုံးသွားလိုက်နဲ့ ဘာတွေစိတ်ကူးကြီးယဉ်နေတာလဲ"

ဒီတော့မှ အတွေးလုံးတွေ ရစ်ပတ်သွားသော စိတ်တွေကို ပြန်စုစည်းကာ

"ညော် ကြားပါတယ် အလွမ်းက ပေါက်ကရလေးဆယ်လူတွေ ပြောင်းလာမှာကို ကြိုပြီး စိတ်ပူသွားတာပါ။ ဒါနဲ့ ဘယ်သူတွေပြောင်းလာမှာလဲ"

"နို့ စောစောကတော့ ကြားပါတယ်ဆို"

"သိပ်မသည်းကွဲလို့"

"လင်မယားနှစ်ယောက်ထဲပါဟ ကောင်လေးရော ကောင်မလေးရော ငယ်ငယ်ပဲပါပဲ"

"ဟင် ဟုတ်လား ကောင်လေးက ချောရဲ့လား၊ ဘာအလုပ်လုပ်သလဲ"

"ဆောက်လုပ်ရေးလုပ်ငန်းက မန်နေဂျာဆိုလားပဲ၊ မိဘတွေက ပိုက်ဆံချမ်းသာတယ်၊ ကောင်မလေးနဲ့သဘောမတူလို့ ပစ်ထားတယ်ဆိုလား ဘာဆိုလား မသိပါဘူးဟာ ငါ့ကို ပွဲစားမခင်သန်း ပြောသွားတာ"

"ညော် ဟုတ်လား ခုရော ဘယ်သွားကြလဲ မရှိပါလား"





"မပြောတတ်ဘူး စောစောကမှ သော့ပိတ်ပြီး ဆိုင်ကယ်နဲ့ ထွက်သွားကြတာ"

အလွမ်း သူများအကြောင်းစပ်စုနေ၍ မပြီးသေး အခန်းမှာ လျှော်ရမည့်အဝတ်အစားတွေကို လျှော်ဖို့ဖွပ်ဖို့ လုပ်ရဦးမည်။

"ကဲ သူများအကြောင်းက ဗိုက်မဝဘူး ဦးပြုံးချိုရေ၊ အလွမ်း ရေမိုးချိုး လျှော်ဖွပ်လုပ်ကိုင်ရဦးမယ်၊ ဗိုက်ကလည်း ဆာနေပြီ"

အခန်းဆီသို့ လှေကားထစ်တွေက ခပ်သွက်သွက်တက်ခဲ့လိုက်သည်။

■ ■ ■

## အခန်း (၂)

အလွမ်း ဒီနေ့ညကျမှ တော်တော်နှင့်အိပ်မပျော်နိုင်လောက်အောင် မျက်လုံးတွေ ကြောင်နေသည်။ အိမ်ဘေးမှ ကြီးကြီးတင်မြနှင့် သူ့သား ကိုသောင်းထွန်းဟောက်သံကလည်း စည်းချက်ညီညီနှင့် ည၏ တိတ်ဆိတ်ခြင်းကို ထိုးဖောက်ဟိန်းထွက်နေ၏။

ထိုစဉ် ငိုရှိုက်သံသဲ့သဲ့က အလွမ်းနားထဲသို့ ခပ်စိမ့်စိမ့် တိုးဝင်လာသည်။

ညကြီးအချိန်မတော် ဘယ်သူငိုနေတာလဲ။ ငိုသံက မိန်းကလေးတစ်ယောက်၏ငိုသံလို နုပျိုကာ ကဗျာဆန်သည်။ ဒီအနီးအနားမှာ ထိုသို့ ငိုနိုင်လောက်သည့် မိန်းမငယ်မျိုးမရှိ။

အလွမ်း၏ညာဘက်အခန်းက ဗေဒင်ဆရာကြီး ဦးသိဒ္ဓိနေသည့် ဘယ်ဘက်အခန်းက ကြီးကြီးတင်မြတို့သားအမိနေသည်။ တစ်ခန်းကျော်က စက်ရုံမှာအလုပ်ဆင်းသည့် အထည်ချုပ်သမလေးတွေနေကြသည်။





ဘယ်ဘက်တစ်ခန်းကျော်က မခင်စိန်ကလည်း တစ်နေကုန် ကုန်စိမ်းသွားရောင်းပြီး မနက်သုံးနာရီမှာ ဈေးကြိုဆင်းရမှာမို့ ခုချိန် ဆင်တစ်ကောင်တက်ပြီးနင်းလျှင်တောင် သေပြေးရှင်ပြေးအိပ်နေရရာ နိုးမည်မဟုတ်။

ဒါအပေါ်ထပ်ငါးခန်းတွဲက လူတွေအကြောင်း။ အထည်ချုပ်သမတွေကလည်း ညဆိုင်းဆင်းကြ၍ အိမ်မှာ ညပြန်မအိပ်နိုင်တာ အလွမ်းအသိဆုံး။

သို့ဆိုလျှင် အောက်ထပ်က ပြောင်းလာတဲ့ လင်မယားနှစ်ယောက်ရန်ဖြစ်စကားများကြလို့ ငိုတာများလား။

အသံက အောက်ထပ်တည့်တည့်ကလာမည့်အသံ ဖြစ်နိုင်သည်မို့ မရည်ရွယ်ဘဲနှင့် ကြမ်းပြင်နှင့်နားကို ကပ်မိသွားသည်။

သေချာသည် အသံက အလွမ်း အောက်ထပ်အခန်းက အသံဖြစ်သည်။

အိပ်မပျော်ပါဘူးဆိုကာမှ စပ်စုနားစွင့်ရမည့်အကြောင်းက ပေါ်လာ၍ အိပ်မပျော်လည်း ဘာအရေးလဲ၊ အောက်ထပ်က လင်မယားဘာတွေပြဿနာဖြစ်သလဲဆိုတာ နားစွန်နားဖျားကြားလိုကြားငြား ကြမ်းပြင်မှာ မှောက်ကာ နားနှင့်ကပ်ပြီး နားစွင့်လိုက်သည်။

ခပ်တိုးတိုးစကားပြောသံတွေတော့ ကြားရသည်။ ဘာတွေပြောနေကြသလဲဆိုတာကိုတော့ ခုထိ သဲကဲွစွာမကြားရသေး။

ကောင်မလေး စိတ်ကောက်နေတာကို ကောင်လေးက ချော့နေသည်ထင်သည်။

အမလေး အားကျလိုက်တာ ညှို့နက်တိတ်ဆိတ်နေသည်မို့ အလွမ်း ရင်တွေ တဒိန်းဒိန်းနှင့်။

ဘာကြောင့် ရင်ခုန်စိတ်လှုပ်ရှားနေရသလဲဆိုတာ အလွမ်းကိုယ် အလွမ်းပင် မဝေခွဲတတ်တော့။

သူတို့ ဘာတွေပြောပြီး ဘယ်လိုတွေဖြစ်နေကြတာလဲ အလွမ်း ကရော ကိုယ်နှင့်မဆိုင်ဘဲ ဘာကြောင့် စိတ်လှုပ်ရှားပြီး သိချင်နေရတာလဲ။

ကျိန်းသေတာကတော့ အလွမ်း ရင်တွေခုန်နေတာပဲ ဖြစ်သည်။

■ ■ ■

ညက သူများအကြောင်း စပ်စုနေရ၍ ဒီမနက် ငှက်သံတွေ တော်တော်လေးဆူညံမှ အလွမ်း အိပ်ရာကနိုးပါသည်။ အိပ်ရာကနိုးနိုး ချင်း ဗိုက်က ရစ်နာလာ၍ အလွမ်း အိမ်သာခန်းရှိရာ အောက်ဘက်သို့ ခပ်သွက်သွက် ဆင်းခဲ့လိုက်သည်။

အိမ်တန်းလျားမို့ အိမ်သာကလည်း တစ်ခန်းကို တစ်အိမ်သာ ပေးထားတာမဟုတ်။ အပေါ်ထပ် အောက်ထပ် ဆယ်ခန်းအတွက် အိမ်သာက လေးခန်းသာပေးထားသည်။ အများသုံးအိမ်သာမို့ သန့်ရှင်းမှု မရှိတာကတော့ ပြောဖွယ်ရာမရှိ။

ရွံရှာတတ်သော အလွမ်းမှာ အခြေအနေအရ မသွားမဖြစ် သွားရပြီဆိုတာနှင့် အများသုံးအုတ်ကန်မှာ ရေချိုးသန့်စင်ရသည်။ ဒါမှ စိတ်ထဲမှာ သန့်သွားသည်ဟု ထင်မိသည်။





"အောင်မလေး ကိုယ်ကျိုးနည်းပါပြီ အိမ်သာတွေအကုန်လုံး ပြည့်နေပါလား"

ထိုအဖြစ်မျိုးက အလွမ်းအဖို့ မကြာခဏ ကြုံနေရသော ဒုက္ခ တစ်မျိုး။ ဒီနေ့ အလွမ်းအိပ်ရာထနောက်ကျသွား၍ အိမ်သာလူစည်ကား နေတာကို နေမထိထိုင်မသာ စောင့်ရတော့မည်။

ငါးမိနစ်ခန့်ကြာမှ အစွန်ဆုံးအခန်းကနေ ဦးပြုံးချို ပုဆိုးစွန် တောင်ဆွဲပြီး ထွက်လာ၏။ အလွမ်း ဖင်တကြွကြွနှင့် စောင့်နေတာကို မြင်တော့

"ဟာ အလွမ်း နင်ဒီနေ့ နောက်ကျပါလားဟ"

"အိပ်ရာက ခုမှနိုးတာ ဦးပြုံးချိုရဲ့၊ ရေရော သေချာလောင်း ခဲ့လား၊ နံနေရင် အလွမ်း ရှူတယ်၊ နှလုံးမသန့်ရတဲ့ကြားထဲ အနံ့ထိုင် ချူနေရမယ်"

နှာခေါင်းကိုပိတ်ပြီး ဦးပြုံးချို ထွက်လာသော အိပ်သာခန်းရှေ့ ကို ခပ်သွက်သွက်လျှောက်ရင်း ပြောလိုက်သည်။ လိမ်ကျစ်ထားသော ဒုက္ခကို အမြန်ဖွင့်ထုတ်ရန် အိမ်သာထဲ ဆွေ့ခနဲဝင်ကာ အောင်းထားသမျှ တွေကိုဖွင့်ထုတ်လိုက်သည်။

ကိုယ့်ဒုက္ခနှင့်ကိုယ်မို့ ဘေးခန်းမှာ ဘယ်သူရှိနေသလဲဆိုတာ ကိုပင် တွေးပြီး မရှက်နိုင်တော့။

အိမ်သာထဲမှာ ကြာကြာမထိုင်တတ်သော အလွမ်းမှာ ကိစ္စ ပြီးတာနှင့် အုတ်ကန်ငယ်လေးထဲမှ ရေကိုခပ်ရန် ခွက်ကိုလှမ်းကိုင်လိုက်

သည်။

"ဟော့တော် ဒုက္ခပါပဲ ရေ ရေလည်းတစ်စက်မှ မရှိပါလား"

ကိစ္စတွေ ဆေးကြောသန့်စင်ဖို့ ရေတစ်စက်မှမရှိ။

"ဩော် ငါ့နှယ် သေသာသေလိုက်ချင်တော့တယ်၊ ဘယ်သူ့ကို အကူအညီတောင်းရပါ့မလဲ"

ကိုယ့်ရဲ့နမော်နမဲ့နိုင်မှုကိုသာ ကိုယ်ပြန်ဒေါသဖြစ်မိသည်။ ဒီတော့ ကြံမိကြံရာကို ကြံကာ တစ်ဖက်ခန်းမှာ ဘယ်သူရှိနေမလဲဟု တွေးကာ အကူအညီတောင်းရန် သတိရသွားသည်။

"ဟိုဘက်ခန်းက အဒေါ်ခိုင်မာလား ကြီးကြီးတင်မြလား"

အိမ်နီးနားချင်းတွေမို့ ရှက်နေဖို့ အချိန်မရ။ မဖြစ်ဖြစ်တဲ့နည်းနှင့် အကူအညီတောင်းရတော့မှာပင်။ တစ်ဖက်ခန်းမှ အသံထွက်မလာ။

"ကိုသောင်းထွန်းလား"

"မဟုတ်ဘူး"

"ဟော ပြန်ဖြေတယ် ပြန်ဖြေတယ်"

"ဒါဆို ဘယ်သူဖြစ်ဖြစ် အလွမ်းကို ကူညီပါ၊ ဒီဘက်ခန်းထဲမှာ ရေလုံးဝမရှိလို့ အဲ့အခန်းမှာ ရေရှိရင် နှစ်ခွက်သုံးခွက်လောက် မျှပါလား"

အသံက အလွမ်း ရင်းနှီးကျွမ်းဝင်သော အသံမျိုးမဟုတ်။ သြရှရှနှင့် နားထောင်၍ကောင်းသော အသံမျိုး။

"ရပါတယ် ဘယ်ကပေးရမလဲ"

"ဟို ဟို ဒီ ဒီအပေါ်ကနေ လှမ်းပေးလို့ရမလားရှင် တန်းလန်း





ကြီးဖြစ်နေလား"

"ဗျာ ဘာတန်းလန်းကြီးလဲ"

တစ်ဖက်မှ မေးသံကြောင့် ကိုယ် ဘာတွေပြန်မေးနေမိပါလိမ့်ဟု ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်မိသေးသည်။

"ဩော် ရှင့်ကိစ္စ တန်းလန်းကြီးလားလို့မေးတာ"

အလွမ်းအမေးကြောင့် တစ်ဖက်ကလူ စိတ်ကသိကအောက်ဖြစ်သွားပုံရကာ

"ဟာ ခင်ဗျားက မိန်းမလား"

"အင်းပေါ့လို့"

"ဟာဗျာ ကျွန်တော်လှမ်းပေးလို့ သင့်တော်ပါ့မလား ဒုက္ခပါပဲ ယောကျ်ားအချင်းချင်းဆို ကိစ္စမရှိဘူး"

"ဘာလို့ မသင့်တော်ရမှာလဲ တစ်ယောက်မျက်နှာတစ်ယောက်မြင်ရတာမှမဟုတ်တာ အုတ်နံရံက အမြင့်ကြီးပဲ ရေခွက်လောက်ပဲ မြင်ရတာကို"

"အင်းလေ ဒါဆိုလည်း ပြီးရော"

အလွမ်းအဖြစ်က ငိုအားထက် ရယ်အားသန်သောအဖြစ်ရယ်ပါ။ ရှေ့မျက်နှာနောက်ထားပြီးသာ အကူအညီတောင်းနေရတာ ဘယ်သူဘယ်ဝါဆိုတာ သေချာသိတာမဟုတ်။

သန့်ရှင်းရေးလုပ်ဖို့ ရေရသည်နှင့်ကိစ္စဝိစ္စကို ခပ်မြန်မြန်လုပ်ပြီး အိမ်သာထဲမှ မြန်မြန်ထွက်ရသည်။

ဓာေရွှေးတို့တိတ်ကာ ရှက်စိတ်က တစ်ဖန်ပြန်၍ ထိုးထွက်လာပြန်သည်။

အလွှမ်းကို ကူညီသော သူကလည်း အိမ်သာထဲကအထွက်နှင့် ထမင်းရှေ့မှာ သွားဆုံကြသည်။ အလွှမ်းရှက်ရှက်နှင့် သွားဖြဲရယ်ပြရင်း

"အဟိ ကျေး ကျေးဇူးနော် ဒီကျေးဇူးကို အလွှမ်း ပြန်ဆပ်မှာပါ"

အပျိုဖြန်းလေးလို ရှက်စိတ်တွေနှင့် စတိုင်ထုတ်ပြီး ဆတ်ကော့လတ်ကော့ ခြေလှမ်းတွေဖြင့် သူ့ရှေ့မှ လှည့်ထွက်လာလိုက်သည်။

ဒီမနက်ခင်းလေးဟာ အလွှမ်းအတွက် အကျည်းတန်အရုပ်ဆိုးရှက်အားတွေပိုစေခဲ့ပေမယ့် ရင်ခုန်ဖို့လည်း ကောင်းပါသည်။

သူ ဘယ်သူလဲ။ ချောမောခန့်ညားလိုက်တာ။ တစ်ခါမြင်ရုံနှင့်ပင် မျက်စိထဲမှာ စွဲထင်နေသည်။ ဒီတန်းလျားက အိမ်ခန်းတစ်ခန်းခန်းက ငှည့်သည်လား။

ဒီလောက် ချောတဲ့ယောကျ်ားတစ်ယောက် ခပ်ပေးတဲ့ရေနဲ့ အလွှမ်းရဲ့ကိစ္စကိုရှင်းရတာ ဘယ်လောက်ကံထူးလိုက်သလဲ။

ရင်ထဲမှာ ဘာကြောင့်ရယ်မသိ လှိုက်ဖိုတက်လာသည်။

သူကတော့ အလွှမ်းကိုကြည့်ပြီး အတွေ့တွေ ယောက်ယက်ခတ်သွားမှာပါ။

အလွှမ်းက ရင်ခုန်တတ်တဲ့ အားနွဲ့သူပါ ရှင်ရယ်။

■ ■ ■



## အခန်း (၃)

ဒီနေ့တစ်နေ့လုံး လုပ်ငန်းခွင်ဝင်နေရပေမယ့် အလွှမ်းစိတ်တွေက မနက်က ကိုလူချောရဲ့မျက်နှာကိုသာ ပြေးမြင်နေမိသည်။

ထိုကိစ္စမျိုးကို ဖန်တီးပေးခဲ့သော ဦးပြုံးချိုကိုပင် ကျေးဇူးပင်ဘင်နေမိတော့၏။ ထို့ကြောင့် ညနေအလုပ်မှအပြန်တွင်တော့

အရက်ဆိုင်သွားတော့မည့် ဦးပြုံးချိုနှင့် ထိပ်တိုက်တွေ့ပြီး ရန်တွေ့လိုက်သည်။ စိတ်ထဲကပါ၍ မဟုတ်။ ထိုလူချောဟာ ဘယ်သူဆိုတာသိရမှဖြစ်မှာမို့ စကားအစဖော်ချင်ရုံသက်သက်။

"အလွှမ်း နင်ဒီနေ့ စောလှချည်လား"

"မစောပါဘူး ဦးပြုံးချိုရယ် ပုံမှန်အတိုင်းပါပဲ ခါတိုင်းလည်း ဒီအချိန်ပြန်နေကျကို ခုမှ အဆန်းလုပ်ပြီး ပြောနေတယ်"

ဦးပြုံးချိုကို မျက်စောင်းရွယ်ရင်း

"ဦးပြုံးချိုတို့များ မနက်ကလုပ်သွားတာ ကောင်းသလား"

"ဟေ ဘာကောင်းတာလဲ ငါက နင့်ကို ဘာမှမလုပ်ဘဲ ကောင်း သလားမေးတော့ ငါ ဘယ်လိုဖြေရမလဲ"

"အယ်"

ဗမာစကားက အပြောမတတ်ရင် အပတ်မလည်ဘူးဆိုတဲ့ စကားက သိပ်မှန်သည်။

"အလွမ်းမေးတာ ဦးပြုံးချိုကြီးကို အပြစ်ပြောမလို့"

အပြစ်ပြောမလို့ဆို၍ ဦးပြုံးချို မျက်ခုံးနှစ်ဖက်လုံး စုံမြင့်တက် ကာ

"ဟေ ဘာအပြစ်လဲ ငါ နင့်ကိုဘာမှမလုပ်ဘူးလေ"

"ဟာ အဲဒါကိုပြောတာ မဟုတ်ဘူး"

အလွမ်း မနက်က အိမ်သာအခန်းတွဲမှာဖြစ်သည့်ကိစ္စကို ပြော ပြလိုက်သည်။

ဦးပြုံးချို ခွက်ထိုးခွက်လန် အော်ရယ်၏။

"ရယ်စရာလား"

"ရယ်စရာပေါ့ဟ"

"အဲဒါ သူက ဘယ်သူလဲ အလွမ်းတို့အခန်းတွဲတွေမှာ မတွေ့ ဖူးလို့ ဘယ်သူ့ညှော်သည်လဲလို့ မေးမလို့"

"သြော် အဲဒါ နင့်အခန်းအောက်ထပ်က ပြောင်းလာတဲ့ လူသစ် တွေလေ"

"ဟင် ဒါဆို မိန်းမနဲ့ပေါ့"





မျှော်လင့်ချက်တွေ မဲ့ကာ ရင်ထဲမှာ ဟာသွားသည်။

"ဟုတ်တယ်လေ"

"ဟယ် ရုပ်ရည်လေးက တကယ့်ကို အကိတ်လေးကွယ်၊ နမြော က်တာ ဦးပြုံးချိုပြောသလို သူဌေးသားဆိုတာ ဟုတ်မယ်တော့၊ အဟိ ဘာပဲဖြစ်ဖြစ် အလွမ်းတော့ သူ့ကိုတွေ့ရတာ ရင်ခုန်တယ်"

"နှစ်ပင်သွားမလိမ်စမ်းပါနဲ့ အလွမ်းရယ် ကိုယ့်လိုင်းနဲ့ကိုယ် နေစမ်းပါ"

ကွမ်းတံတွေးကို ဇိဇဝါပန်းချီဘေး ပျစ်ခနဲ ထွေးကာ ပြောလိုက် သော ဦးပြုံးချို၏တားမြစ်သတိပေးသောစကားကြောင့် အလွမ်း ဣန္ဒြေ န်ဆည်လိုက်ပြီး

"အို ပူးစရာလားလို့ ဒီက စကားအဖြစ်ပြောပြတာ၊ အလွမ်း က လိုင်းမပူးပါဘူးနော် သန့်သန့်လေးပါ"

"မမလွမ်း"

တစ်ခန်းကျော်မှ အထည်ချုပ်သမလေးတွေ အလွမ်းအိမ်ခန်း ပေါက်ဝနားသို့ လျှောက်လာကြ၍ ဦးပြုံးချိုနှင့်စကားဖြတ်သွား၏။

"ချောစုတို့ မမော်တို့ ဒီနေ့ ညဆိုင်းမဆင်းရဘူးလား"

"တစ်ပတ်ခြားဆင်းရတာလေ မမလွမ်းရဲ့၊ ဒီနေ့ ချောစုတို့လစာ ဘတ်လာတယ်၊ မမလွမ်းအတွက် ရှောက်သီးသုပ်စပ်စပ်လေး ဝယ်လာ ဘယ် အတူတူစားကြရအောင်"

"မမလွမ်း မော့်ကို ဆံပင်ဖြောင့်ပေးပါနော်"

"ဆိုင်ကို လာခဲ့လေအေ"

"ဟာ မမတို့ဆိုင်က ဂရိတ်တွေအလာများတဲ့ဆိုင်မို့ ဈေးကြီးတယ်၊ မော်တို့လည်း အဲဒီမှာလာပြီး လုပ်ဖို့အချိန်မှမရှိတာ၊ ဖြောင့်ဆေးကို အပြင်ကနေ ဝယ်ပေးမယ်လေ၊ ခုလို ညပိုင်းအားတဲ့အချိန်ကျတော့ လုပ်ပေးပေါ့"

ဝမ်းစာအတွက် ရုန်းကန်နေရသူအချင်းချင်းမို့ အလွမ်း ကိုယ်ချင်းစာပါသည်။ ထို့အတွက်ကြောင့်လည်း အလွမ်း ကုသိုလ်ယူတယ်ဟုပဲ သဘောမှာပိုက်လိုက်သည်။ အလွမ်းအပေါ်မှာ အလိုက်သိလွန်းကြသော စေတနာနှင့် ခင်မင်မှုတွေကြောင့် အလကားလုပ်ပေးဖို့ ဆုံးဖြတ်လိုက်၏။

"အေးပါအေတို့ရယ် ကျုပ် ဆိုင်က ဖြောင့်ဆေးယူလာပြီး အလကားလုပ်ပေးပါတော့မယ်"

"ဟာ အတိုင်းထက်အလွန် ကျေးဇူးတင်ပါတယ် မမလွမ်းရယ်"

ကောင်မလေးတစ်သိုက် သူတို့ငွေမကုန်တော့ဘူးဆို၍ တော်တော် ပျော်သွားကြသည်။

သူတို့ပျော်သွားတာကိုကြည့်ပြီး အလွမ်းလည်း ပီတိဖြစ်ရတာပင်။ သူတို့အမြင်မှာ အလွမ်းဟာ သူတို့လို မိန်းမသားတစ်ယောက်ဟုသော အမြင်နှင့်တစ်သားတည်း ဆက်ဆံနေသည်ကိုက အလွမ်း၏စိတ်ဘဝင်ကို ကျေနပ်စေပါသည်။

တကယ်ဆို အလွမ်းကို ယောကျ်ားလေးလို ခေါ်ပြောဆက်ဆံ





ခြင်းကို အလွမ်းမနှစ်မြို့တတ်။

မိန်းမသားတစ်ယောက်နီးနီး ပြင်ဆင်ခြယ်သထားတော့ အလွမ်းဟာ မိန်းမပဲပေါ့။

အလွမ်း ရင်ခုန်တတ်တာလည်း ယောကျ်ားတွေကိုပါ။ ယောကျ်ားတွေနှင့်ပတ်သက်လျှင် အလွမ်းစိတ်တွေ လှုပ်ရှားတတ်သည်။ ဂနာမငြိမ်ဖြစ်တတ်သည်။

ဒါဟာ မိန်းမတစ်ယောက်၏စိတ်ခံစားမှုတွေ အလွမ်းရင်ထဲ ကိန်းအောင်းနေလို့သာပေါ့။

အောက်ထပ်ကလူကို အလွမ်း စိတ်လှုပ်ရှားနေတာကိုပဲ ကြည့်လေ။

■ ■ ■

## အခန်း (၄)

“ဒီမှာရှင့်”

တနလ်ာနေ့ ဆိုင်ပိတ်ရက်မို့ တစ်ပတ်လုံး ဝတ်ထားသော အဝတ် တွေကို မီးပူတိုက်နေရင်းမှ ခေါ်သံခပ်တိုးတိုးကြောင့် အလွမ်း လှည့်ကြည့် လိုက်သည်။

ချစ်စရာ မျက်နှာလှလှလေးနှင့် မိန်းကလေးတစ်ယောက်။

“ဒီနေ့ ငြိမ်းရဲ့မွေးနေ့မို့ ဒီမှာရှိတဲ့အခန်းတွေကို ဒံပေါက်တစ်ထုပ်ဆီ လိုက်ဝေတာပါ”

မိန်းကလေး၏သိမ်မွေ့ညင်သာသော လေယူလေသိမ်းတွေကို ကြည့်ခြင်းအားဖြင့် အောက်ထပ်မှ အသစ်ပြောင်းလာသော အိမ်ငှား အသစ်တွေဟု အလွမ်း ဒက်ခနဲ သိလိုက်ပါသည်။

“ဪ ဟုတ်လား အတော်ပဲ ဒီနေ့ အလွမ်းတို့ရဲ့မနက်စာကို ခေါက်ဆွဲပြုတ်လေးနဲ့ ပြီးလိုက်မိလို့ဟာကို ခုတော့ ဒကာနဲ့တွေ့ပြီပေါ့





ကျေးဇူးပါ၊ အသက်ရာကျော်ရှည်ပါစေ နောင်လည်း ဒီထက်မက လှူတန်း ဝေမျှနိုင်ပါစေ”

အိမ်ငှားအသစ်တွေမို့ ရင်းနှီးဖော်ရွေလိုသည်မို့ လိုအပ်တာထက် ပို၍ စကားတွေဖောင်ဖွဲ့အောင် ပြောလိုက်၏။

“ပေးဆုနဲ့ပြည့်ပါစေ အစ်ကို၊ အဲ အစ်မရယ်”

“အလွမ်းလို့ပဲ ခေါ်ပါ၊ အောက်ထပ်က လူသစ်တွေမို့လား မိတ်ဖြစ်ဆွေဖြစ်ပေါ့၊ ဒါနဲ့နာမည်က ငြိမ်းတဲ့လား”

“ငြိမ်းသစ္စာပါ အလွမ်း”

“လှတယ်နော် နာမည်လေးက”

“ဒါနဲ့ ညားခါစတွေလား”

“ဟုတ်ပါတယ် အလွမ်း”

“ဪ လိုတာရှိရင်ပြောနော်၊ အလွမ်းက အလှဖန်တီးရှင် မာမီလက်သစ်ပေါ့ အဟိ ခိ ခိ”

ပြောပြီး သူ့ကိုယ်သူ ပြန်သဘောကျနေသော အလွမ်းကိုကြည့်ပြီး ငြိမ်းသစ္စာပါ ခပ်ဖွဖွ လိုက်ပြုံးသည်။

“သွားတော့မယ်နော် အလွမ်း”

ငြိမ်းသစ္စာ စကားစဖြတ်ပြီး နှုတ်ဆက်ကာ ပြန်ဆင်းသွားသည်။

ခင်စရာကောင်းသော ငြိမ်းသစ္စာကို အလွမ်းစိတ်ထဲ ခင်ချင်နေမိသည်။ နေမှုထိုင်မှု ပြောမှုဆိုမှုတွေကိုအကဲခတ်ကြည့်ရုံနှင့် သာမန်

အောက်ခြေလူတန်းစားထဲက မဖြစ်နိုင်။

ဒီတော့ ခင်မင်ခွင့်ရဖို့ အလွမ်းက ထပ်မံ၍ မိတ်ထပ်ဖွဲ့ရုံပေါ့။

■ ■ ■

"အလွမ်းရေ ရေချိုးတော့မလား"

အပေါ်ထပ်မှ ရေခွက် ဆပ်ပြာခွက်နှင့် လျှော်စရာအဝတ်လေး နည်းနည်းယူကာ အောက်ဘက် အုတ်ကန်ရှိရာသို့ ဆင်းလာသော အလွမ်းကို ကုန်စိမ်းသည် မခင်စိန် လှမ်း၍နှုတ်ဆက်၏။

"ချိုးတော့မယ် မခင်စိန်ရေ အစ်မရော ဒီနေ့ ဈေးမထွက်ဘူးလား"

"ထွက်တယ် နေသိပ်မကောင်းလို့ ဈေးကြိုကပြန်လာကတည်းက သမီးကိုပဲ ဆိုင်ထိုင်ခိုင်းပြီး ငါက အိမ်ပြန်နားနေတာလေ၊ ဈေးကြိုတဲ့အလုပ်က တစ်ရက်အလုပ်မှမဟုတ်ဘဲ အလွမ်းရယ် လူက ဘယ်ခံနိုင်ပါ့မလဲ"

"ဒါပေါ့ မခင်စိန်ရယ် စက်ပစ္စည်းတောင် အနားပေးရသေးတယ် မဟုတ်လား၊ လူသားတွေကလည်း စက်ပစ္စည်းတွေလိုပဲလေ၊ ဟိုနေရာချို့ယွင်း ဒီနေရာချို့ယွင်း ဖြစ်တတ်တာပဲ၊ အလွမ်းကတော့လေ ကိုယ့်ခန္ဓာကိုယ်ကို တအားမခိုင်းဘူး ကိုယ်ကညှာမှ သူလည်း ပုံမှန်လည်ပတ်နိုင်မှာမဟုတ်လား"

"အလွမ်းရေ ဆပ်ပြာလေးပါရင် နည်းနည်းပေးစမ်းပါအေ လျှော်နေရင်းနဲ့ ဆပ်ပြာတုံးက ကုန်သွားလို့"





"အတုံးတော့မပါဘူး အဆီပဲပါတယ်နော်"

"ရတယ် ဘာဖြစ်ဖြစ်"

ဆပ်ပြာခွက် ရေခွက်နှင့် ဘရုက်ရှ်ထည့်ထားသောခြင်းကို ခင်စိန်ရှေ့ ချပေးလိုက်သည်။

ဖူဂျီဆပ်ပြာဘူးထဲမှ ဆပ်ပြာအဆီတွေကို စိတ်ကြိုက်ကလော်၍ ယူလိုက်သဖြင့် အလွမ်း နှမြောတွန့်တိုသွားမိသည်။

အားမနာလျှာမကျိုး ယူလိုက်တာများ အဝတ်အထည်တစ်ရာ လောက်တောင် လျှော်၍ရလောက်သည်။

"ဟဲ့ ဒါနဲ့ မနက်က နင့်အိမ်အောက်ထပ်က ဒံပေါက်လာဝေ ဘယ်ဆို"

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ"

"သူတို့က သူဌေးတွေလို့ ပြောတယ်"

"ဟုတ်မှာပေါ့ ရုပ်ကလေးတွေက ဖြူဖြူစင်စင်လေးတွေကို"

"ဒါပေမဲ့ အကျင့်မကောင်းဘူးတဲ့"

သူများအကြောင်းကို မြိန်ရေယှက်ရေ ပြောနေသော မခင်စိန် စကားကြောင့် အုတ်ကန်ထဲမှ ရေခပ်ပြီး အဝတ်လျှော်ဖို့ပြင်နေသော အလွမ်း ဒေါ်ခင်စိန်ကို ကြည့်ကာ

"ဘာအကျင့်မကောင်းတာလဲ မခင်စိန်ကို ဘယ်သူပြောလဲ"

"ဗေဒင်ဆရာ ကိုသိဒ္ဓိ ပြောတာလေ"

"ဟင်"

"အဲဒီကောင်လေးအမေက ကိုသိဒ္ဓိဆီမှာ ဗေဒင်လာတွက်ဖူးတယ်တဲ့ မိန်းမရှုပ်တယ်ဆိုလားပဲ ဒါကြောင့် အဲကောင်လေး ခတ်ပုံနဲ့ ကိုသိဒ္ဓိက ခါတ်ရိုက်ခါတ်ဆင်တွေ အင်းဖယောင်းတိုင်တွေ လုပ်ပေးရတယ်တဲ့"

"ဘယ်လို အင်းဖယောင်းတိုင် ဟုတ်လား၊ မခင်စိန်ရယ် ဒီခေတ်ကြီးထဲမှာ ဒါတွေကိုယုံတဲ့သူ ရှိသေးတယ် အံ့ပါရဲ့"

ဗေဒင် မယုံသလို တစ်ခါမှလည်း တွက်ချက်ဖူးခြင်းမရှိသဖြင့် အင်းတွေ ယတြာတွေဆိုလျှင် နားခေါင်းရှုံ့ချင်တာ အလွှမ်းရဲ့အကျင့်ဖြစ်သည်။

အလွှမ်းက ကံ ကံ၏အကျိုးတရားကို ယုံသည့်အတွက် ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်ဆိုသော အယူအဆကို လက်ကိုင်ထားသူ။

"ကောင်လေးက တော်တော်ဆိုးလို့ သူ့အမေက အဲလိုလုပ်ရတာနေမှာပေါ့ အလွှမ်းရဲ့၊ ငါလည်း တစ်ခါတလေ ဈေးရောင်းမကောင်းရင် ကိုသဒ္ဓိဆီမှာ အဆောင်လေးဘာလေး လုပ်ခိုင်းတယ်"

"အဲဒီတော့ ဈေးရောင်းကောင်းသွားရောလား"

"အေးလေ သူ့အဆောင်လေး ယူသွားတဲ့နေ့ဆိုရင် ကုန်စိမ်းက အစောကြီးကုန်တယ်"

"ဖွန်း မဟုတ်သေးပါဘူး တိုက်ဆိုင်တာလည်း ဖြစ်မှာပါ"

"ဩော် အဟုတ်ပါဆို"





သူ ယုံတာကို ဒေါ်ခင်စိန်ကလည်း ဖွင့်ပြင်းသည်။

"ဒါဆိုရင် သူ့ဆီမှာ သွားပြီး ထိပေါက်နိုင်တဲ့ ယတြာသွားတောင်းပါလား"

အလွှမ်း ရွဲ့ပြောလိုက်သည်။

"ဟဲ့ အဲဒါကတော့ သူက တန်ခိုးရှင်မှမဟုတ်တာ"

"ဒါဆိုရင် ဈေးနေ့တိုင်း ရောင်းကောင်းအောင် နေ့တိုင်းယတြာသွားတောင်းပေါ့"

"သူက ယတြာခ ဈေးကြီးတယ် အလွှမ်းရဲ့"

"ကျွတ် အဲဒါပြောတာပေါ့လို့ မခင်စိန်တို့လို ယုံလွယ်လွန်းနေဘဲ့လူတွေရှိလို့ အဲလို လုပ်စားနေတဲ့လူတွေအတွက် စားပေါက်ချောင်နေဘာပေါ့ တကယ်ပဲ ပြောကိုမပြောချင်ဘူး"

"ဟဲ့ မပြောချင် မပြောနဲ့ ဟိုမှာ နင့်ဗေဒင်ဆရာကြီး လာနေပြီ"

မခင်စိန် လေသံခပ်အုပ်အုပ်ဖြင့် ပြောကာ အဝတ်ကို ဟန်မပျက်ဆက်ပြီး လျှော်နေ၏။ အလွှမ်းလည်း လျှော်စရာရှိသည့်အဝတ်ကို စိမ်ပြေနပြေ ထိုင်လျှော်နေလိုက်သည်။

ဗေဒင်ဆရာကြီး အုတ်ကန်အနားမှ ဖြတ်သွားတော့မှ မခင်စိန် အသံထွက်လာသည်။

"သူက အောက်လမ်းပညာလည်း တတ်တယ်အေ့"

"ကဲပါ မခင်စိန်ရယ် လျှော်စရာရှိတာသာ လျှော်ပါတော့ အဲဒီ

လူကြီးအကြောင်းကို အလုပ်ပျက်ခံပြီး ပြောမနေပါနဲ့တော့၊ အအေးပတ်မယ် မြန်မြန်လျှော်''

''ပြီးပြီဟဲ့ ပြီးပြီ''

ရေညှစ်ပြီးသား အဝတ်တွေကို ဇလားကြီးထဲထည့်ကာ မခင်စိန် ခပ်ငေါ့ငေါ့ပြောကာ အုတ်ကန်ဘေးမှ ထွက်သွား၏။

အလွမ်း ခုမှပင် နားအေးပါးအေးနှင့် တစ်ယောက်ထဲ လွတ်လွတ်လပ်လပ် ရေချိုးတော့မည်ဟု စိတ်ကူးကာ လျှော်ပြီးသားအဝတ်တို့ကို ခပ်လှမ်းလှမ်းမှာထားပြီး ထဘီရင်လျားကာ ရေကို တဝုန်းဝုန်းလောင်းချိုးလိုက်သည်။ ရေ၏အေးမြမှုကြောင့် အလွမ်း စိတ်ထဲမှ လန်းဆန်းသွားသည်။

ဆပ်ပြာကို တစ်ကိုယ်လုံးတိုက်ပြီး မျက်လုံးဖွင့်မရဖြစ်ကာ အုတ်ကန်ပေါ်မှ ရေခွက်ကို မမြင်မစမ်းနှင့်လှမ်းစမ်းလိုက်သည်။ ထိုစဉ်နားထဲမှာစွဲနေသော အသံတစ်သံ တိုးဝင်လာ၏။

''ရော့''

လက်ထဲသို့ ရေအပြည့်ခပ်ပြီးသား ရေခွက်ကို လှမ်းပေးလာသောကြောင့် အလွမ်း လှမ်းယူကာ မျက်လုံးဖွင့်မရဖြစ်နေသော မျက်နှာပေါ်သို့ ရေဖြင့်ကပျာကယာ ဆေးကြောလိုက်သည်။

ပြီးမှ ရေခွက်လှမ်းပေးသော သူ့ကို အငမ်းမရကြည့်လိုက်သည်။

''ဟယ် ရှင်ပဲဖြစ်နေတာကိုး၊ အလွမ်းကိုကူညီတာ နှစ်ခါတောင်ရှိသွားပြီနော် ကျေးကျေးပါ''





''ရတယ် မလိုပါဘူး အိမ်နီးနားချင်းတွေပဲ နောက်တစ်ခါအိမ်သာဝင်ရင်သာ ရေရှိမရှိ အရင်ကြည့်ပြီးမှဝင်''

ရယ်သွမ်းသွေးကာ ပြောလာသော နောက်ပြောင်သည့်စကားကြောင့် အလွမ်း မခို့တရို့ရယ်လိုက်ပြီး

''ဟင့်အင်း ရှင်နဲ့အတူဆိုရင် ရေကြည့်စရာလိုလို့လား ရှင်က ဟိုဘက်က လှမ်းပေးပေါ့''

အခွင့်အရေးကို လက်လွှတ်မခံ။ ခပ်ညှုညှုလေး ပြန်ပြောလိုက်သည်။ ထိုလူ တဟားဟားဖြင့် ရယ်သည်။

''ဒါဆိုရင် ကျွန်တော် အိမ်သာဝင်တဲ့အချိန် ခင်ဗျားလိုက်ဝင်ပေါ့''

''တကယ်လား အဟင်း ခစ် ခစ် ခစ်''

ထိုတဒင်္ဂသည် ထိုလူ့မှာ အိမ်ထောင်ရှိနေသည်ဆိုတာကို ခဏတော့ မေ့ထားချင်သည်။

''ဒါနဲ့ ရှင့်နာမည်က''

''နေမင်းဘုံ''

''အောင်မလေး နာမည်ကြားတာနဲ့တင် ချွေးဒီးဒီးကျလာသလိုပဲ''

''ခင်ဗျားလေး နာမည်ကရော''

နာမည်ကို အရေးတယူ မေးလာသည်မို့ အလွမ်းနည်းနည်းတော့ ဗီလင်တက်သွားသည်။

"အလွမ်းလို့ ခေါ်တယ်"

"နာမည်က ကဗျာဆန်တယ်၊ လွမ်းရော လွမ်းဖူးလား"

အရေးတယူ အဖက်လုပ်စကားပြောနေမှတော့ ဒါဟာ အလွမ်းကို ခင်ချင်လို့လည်း ဖြစ်မှာပေါ့။ ဒါမှမဟုတ် တခြားယောကျ်ားတွေလို ကလိချင်ထိချင်တာလည်း ဖြစ်နိုင်တာပဲ။ ဘာကြောင့်ပဲဖြစ်ဖြစ် အလွမ်း နေမင်းဘုံနှင့်စကားပြောရတာ စိတ်လှုပ်ရှားသည်။

"ဟင့်အင်း မလွမ်းဖူးသေးဘူး၊ ဒါပေမဲ့ မလွမ်းချင်ပါဘူး ချစ်ချင်တာပဲ သိတယ်"

"အဟက် ဘယ်ဆိုးလို့လဲ"

"ဘာကိုလဲလို့"

"ချစ်တတ်တဲ့နှလုံးသားရှိလို့ပေါ့"

"ပန်းနှစ်ဖက်ကြား ခေါင်းပေါက်တဲ့လူတိုင်း ချစ်တတ်ကြတယ် ရှင့်၊ နေမင်းဘုံကရော ချစ်တတ်ဘူးလား"

"သူများထက် အဆတစ်ရာမက ချစ်တတ်တယ်"

"အမလေး အားကျလိုက်တာ"

"ဘာကိုအားကျတာလဲ"

"အချစ်ခံရတဲ့ကောင်မလေးတွေကိုပေါ့"

"အလွမ်းက အချစ်မခံဖူးဘူးလား"

"ဟင့်အင်း"

"ဩော် သနားစရာပဲ"





နှစ်ယောက်သား စကားအတိုင်အဖောက်ညီနေကာမှ ဦးပြုံးချို ရေချိုးဖို့ ရောက်လာသည်။

"ဟား နှစ်ယောက်သား ရေချိုးရင်း စကားလက်ဆုံကျနေကြ ပါလား"

ဦးပြုံးချိုသည် အုတ်ကန်ထဲမှ ရေတွေကို တဗွမ်းဗွမ်းခပ်ချိုးရင်း သုပါ စကားဝိုင်းထဲ ဝင်ဖို့ဟန်ပြင်နေသည်။

အလွမ်း ရေချိုးခြင်းကို လက်စသတ်လိုက်ပြီး

"ကဲ နေမင်းဘုံရေ စကားပြောလို့ကောင်းတယ်၊ ဆိုင်သွားဖို့ နောက်ကျမှာစိုးလို့ နောက်မှဆက်ပြောမယ် တာ့တာ"

ထဘီရင်လျားပေါ် တဘက်ကလေးဖုံးပြီး သယ်စရာရှိသော ဆပ်ပြာခြင်း အဝတ်လျှော်ရေပုံးတွေကို သယ်ကာ အပေါ်ထပ်သို့ ကန္တဲ့ ကလျတက်လာလိုက်သည်။

နောက်မှ ရပ်ကြည့်ပြီး ပြုံးဖြီးဖြီး ဖြစ်နေသော နေမင်းဘုံ၏ လှောင်ပြောင်ချင်သည့်အပြုံးကိုတော့ အလွမ်း မမြင်လိုက်ရပါ။

■ ■ ■

## အခန်း (၅)

"ဘာတွေသဘောကျပြီး ရယ်လာတာလဲ မင်းဘုံ"

ရေချိုးပြီး အိမ်ထဲဝင်လာသော မင်းဘုံကို ငြိမ်းမေးလိုက်သည်။

"အပေါ်ထပ်က အခြောက်မကာ သူ့တွေ့လိုက်ရင် အမြဲတမ်းရှုပ်ပျာပျာနိုင်လွန်းတယ်"

"ဘာလဲ ဒီတစ်ခါရော အိမ်သာဝင်ရင်း သုံးစရာရေမရှိပြန်ဘူးလား"

မင်းဘုံ ပြောပြထား၍ ငြိမ်း သိပြီးသားဖြစ်နေသောကိစ္စမို့ ဒီတစ်ခေါက်လည်း ထိုသို့ဖြစ်ပြန်ပြီလားဟု မေးလိုက်၏။

"ဒီတစ်ခေါက်က မျက်စိထဲ ဆပ်ပြာတွေဝင်ပြီး ရေခွက်ကို စမ်းမရဖြစ်နေတာလေ၊ ကိုယ်သွားတော့မှ ရေခပ်ပြီး ပေးရတယ်"

"ဟော့တော် ဖြစ်ရမယ်"





"အဲဒါနဲ့ ကိုယ်လည်း သူနဲ့စကားနည်းနည်းပြောကြည့်လိုက်ာ၊ ရယ်ရတယ်ကွာ အင်းလေ အခြောက်တွေက မြင်လိုက်တာနဲ့ကို ယ်ချင်စရာကောင်းနေတာကိုး"

"သူက အလှဖန်တီးရှင်တဲ့"

"ဟုတ်လား ဒါကြောင့် မှုံနေအောင်ကို ပြင်တာကိုး၊ မိန်းကလေး ရှုံးလောက်ပါတယ်"

"ငြိမ်းကတော့ ယောကျ်ားလျှာတွေထက်စာရင် မိန်းမလျှာတွေကို ပိုပြီးစိတ်ဝင်စားတယ်၊ သူတို့ရဲ့ပြောပေါက် ဆိုပေါက် ဟန်ပန်အမူအရာတွေကိုကြည့်ပြီး အမြဲပဲ ရယ်ချင်တယ်၊ စကားပြောပုံလေးတွေကလည်း ချစ်ဖို့ကောင်းတယ်"

"ဘဝအကျိုးပေးပေါ့ ငြိမ်းရယ်၊ ဒီက လူတွေကို သိပ်တော့အရောမဝင်နဲ့နော် ငြိမ်း၊ ကိုယ်လည်း လောလောဆယ် ကြံရာမရလို့သာ ငြိမ်းကို ဒီလိုနေရာမျိုးမှာ လာဖွက်ထားရတာ၊ ကိုယ်အလုပ်သွားနေတဲ့ အချိန်တွေဆို စိတ်မချဘူး"

"ငြိမ်းကို စိတ်ချပါ မင်းဘုံရယ်၊ မာမီတို့လာရှာရင် တွေ့မှာ း်လို့ အခန်းထဲကနေ ထွက်ကိုမထွက်ဘူး၊ ဒါပဲနော် အလုပ်ကပြန်လာ ခင် ဟိုတစ်ညကလို သောက်မလာနဲ့ ဒီတစ်ခါဆိုရင် ငြိမ်း လုံးဝခွင့် မလွှတ်ဘူး"

"စိတ်ချပါ ငြိမ်းရယ်၊ ကိုယ် သောက်မလာတော့ပါဘူး"

ဂုဏ်သိက္ခာရှိ အသိုင်းအဝိုင်းထဲကနေ ငြိမ်းကို ဆွဲထုတ်လာပြီး

ဒီလို ဆင်ခြေဖုံးရပ်ကွက်၏ချောင်ကျကျ တန်းလျားတစ်ခုမှာ အခန်းငှားပေးထားသည်ဆိုတာကိုသာ ငြိမ်းမိဘတွေသိလျှင် ဘယ်လောက်တောင် ဆွေ့ဆွေ့ခုန်နေကြလိမ့်မလဲ။

ကိုယ့်မျက်နှာတစ်ရွာထင်ပြီး လိုက်လာသော ငြိမ်းကို ကိုယ့်အသိုင်းအဝိုင်းထဲ ခေါ်သွင်းဖို့ဆိုတာ ခုလောလောဆယ်မှာ ဘယ်လိုမှ ကို မဖြစ်နိုင်သေး။

■ ■ ■

"ဘယ်လဲ အလွမ်း"

"အမလေးတော့"

ငြိမ်းသစ္စာတို့အိမ်ထဲကို အပေါက်ဝမှာ ပြူတစ်ပြူတစ်ရပ်ပြီး ချောင်းနေသော အလွမ်းမှာ အနောက်ဘက်မှ ရောက်လာပြီး မေးလိုက်သော ငြိမ်း၏အသံကြောင့် ဆတ်ခနဲ တုန်သွားသည်။

လန့်တာကအစ ကန္တဲ့ကလျ ကဗျာဆန်သော အလွမ်းကို ကြည့်ပြီး ငြိမ်းသစ္စာပါ လိုက်ရယ်လိုက်သည်။

"ဟယ် လန့်စရာလား"

"လန့်တာပေါ့လို့ ငြိမ်းကို အိမ်ထဲမှာပဲ ရှိမယ်လို့ ထင်နေတာလေ"

"ဟင့်အင်း ငြိမ်းက အိမ်သာသွားပြီး အုတ်ကန်မှာ လက်ဆေးနေတာ၊ အလွမ်း အိမ်ပေါက်ဝမှာရပ်နေတာ တွေ့လို့"

"ဟုတ်တယ် လမ်းထိပ်က စတိုးဆိုင်ကိုသွားမလို့ ငြိမ်း ဘာ





မှာဦးမလဲလို့ မေးမလို့"

"ဒါဆို အလွမ်းနဲ့အတူ ငြိမ်းလည်း လိုက်မယ်လေ၊ ဝယ်စရာလေးရှိနေလို့"

"ဒါဆိုရင်တော့ အလွမ်း အဖော်ရတာပေါ့"

"အလွမ်းရေ အလွမ်း"

"ရှင်"

ဒေါ်ခိုင်မာ အလွမ်းကို သူ့အိမ်ပေါက်ဝမှ လှမ်းခေါ်ပြီး အလွမ်းနှင့်ငြိမ်းနားကို လျှောက်လာ၏။

"ချောစု လင်နောက်လိုက်သွားလို့"

ချောစု ဆိုတာ အထည်ချုပ်သမလေးတွေကို ပြောတာဖြစ်သည်။

"ဟင် ဟုတ်လား ဘယ်သူနဲ့လဲ"

"သူ့စက်ရုံက စက်ရုံမှူးနဲ့ဆိုလား မသိပါဘူး၊ အဲဒါ ဗေဒင်ဆရာ ကိုသိဒ္ဓိကြောင့်လေ"

ဒေါ်ခိုင်မာနှင့်အလွမ်း ပြောသမျှကို ငြိမ်း ဘာမှမသိသဖြင့် အသာပင် ငြိမ်၍နားထောင်လိုက်သည်။

"ကိုသိဒ္ဓိ အတင်းပေးစားလိုက်လို့လား"

"အို ဘယ်ကလာ ပေးစားရမှာလဲ အဲဒီစက်ရုံမှူးနဲ့က သိတောင်မသိဘူး၊ ငါပြောတာ သူပေးတဲ့ ယတြာကြောင့်လို့ ပြောတာ၊ အလွမ်းသတဲ့အတိုင်းလေ အဲဒီ ပဲလှော်မတွေက လင်လိုချင်တာမှ ရှုပိုးကိုထိုးနေ

တာ''

ထိုစကားက အလွမ်းကို စောင်းပြောနေသလားပင်။ သူတို့လို ပင် အလွမ်းလည်း လင်ရလျှင် လိုချင်တာပေါ့လို့။

"ဦး ဦးသိဒ္ဓိကြီးက ဘယ်လို ယတြာပေးလိုက်လို့လဲ''

''အဲဒါတော့ မသိဘူး ဒါပေမဲ့ ဦးသိဒ္ဓိယတြာကြောင့် သူ လင် မြန်မြန်ရသွားတာလို့တော့ ပြောတယ်''

အလွမ်း အားတက်သွားသည်။ သူလည်း ဦးသိဒ္ဓိဆီကို သွား ပြီး ယတြာလေးဘာလေး တောင်းမည်ဟု စိတ်ကူးပေါက်သွားသည်။ သို့သော် ဖွင့်ပြော၍တော့ မဖြစ်။

''ချောစုက ယတြာသွားတောင်းလို့လား''

''အေးလေ ဟုတ်မှာပေါ့ သူက အိမ်ထောင်ပြုချင်နေတာ ကြာ ပေါ့၊ ခုလည်း အဲဒီစက်ရုံမှူးမှာ မိန်းမရှိတယ်ဆိုပဲ''

''ဒါဆို ဦးသိဒ္ဓိကြီးကို အပြစ်တင်ရမှာပဲ၊ သူ့ကြောင့် ချောစု မယားငယ်ဖြစ်တာလေ၊ တကယ်ပါပဲဟယ် အဲဒီချောစုတို့ကတော့လေ အဲလိုမှန်းသိရင် ဟိုရက်က သူ့ကိုလှတပတဖြစ်အောင် ဆံပင်တွေဘာတွေ ပြင်မပေးလိုက်ပါဘူး''

ချောစုကိုသာ ကရုဏာဒေါသော အပြစ်တင်လိုက်သည်။

တကယ်တမ်း ကိုယ့်ရင်ထဲမှာ ကိန်းအောင်းနေတာက ဦးသိဒ္ဓိ ၏ ယတြာအစွမ်းထက်ပုံပင်ဖြစ်သည်။

■ ■ ■



အခန်း (၆)

''ရှင်အရက်တွေ သောက်လာပြန်ပြီလား မင်းဘုံ''

အရက်နံ့ နံလျှင် အော်ဂလီဆန်တတ်သော ငြိမ်းသည် မင်းဘုံ ထံမှ တထောင်းထောင်း ထနေသော အရက်နံ့ကို ဘယ်လိုမှ မခံနိုင်။

''သစ်ကုန်သည် တစ်ယောက်နဲ့ အလုပ်စကားပြောဖို့အတွက် ဆိုင်ထိုင်ကြတာနဲ့ ကိုယ်လည်း သောက်ရတာပေါ့ ငြိမ်းရယ်''

ကိုယ်ပေါ်မှ တီရှပ်ကို ဆွဲချွတ်ပြီး အကြောင်းပြချက်ပေးလိုက် သည်။

''အလုပ်စကားပြောဖို့ အရက်ဆိုင် ထိုင်တယ်ဆိုတာ ဘယ်လိုမှ အဓိပ္ပာယ်မရှိတဲ့ အကြောင်းပြချက်ပဲ မင်းဘုံရယ်''

ပြောရင်းဖြင့် ငြိမ်း မျက်ရည်တို့ ရစ်ဝိုင်းလာသည်။ မိဘတွေကို ပုန်ကန်ပြီး ချစ်သူခေါ်ရာနောက်သို့ လိုက်လာမိသော ကိုယ့်အဖြစ်

နောင်တပင် ရချင်ချင်။

ဘဝနှစ်ခုပေါင်းစပ်လိုက်လျှင် သာယာမှုတွေ ချမ်းမြေ့မှုတွေနှင့် ပျော်ရွှင်ရမည်ဟု ထင်ခဲ့ပေမယ့် ထိုအထင်တွေသည် တက်တက်စင်အောင်ကို လွဲမှားစပြုနေပြီ။

အလုပ်သမားတွေ ညဆိုင်းဆင်း၍ သူပါပြန်မလာရသော ညတွေမှာ ငြိမ်း ဘယ်လောက် အထီးကျန်ပြီး ကြောက်တက်တက်နိုင်ခဲ့ရပါသလဲ။

"ကျွတ် မိန်းမရယ် ကိုယ့်ကို နားလည်ပေးပါ၊ ကိုယ် ဒီအရက်ကိုကြိုက်လို့သောက်တာ မဟုတ်ပါဘူး၊ မလွှဲသာလို့ပါ"

ငြိမ်း နှုတ်ခမ်းအစုံကို နာကျင်စွာ တွန့်ကွေးမဲ့ပစ်လိုက်သည်။ သူ ဒီလိုလုပ်ချင်တာတွေ လုပ်ရဖို့အတွက် ငြိမ်းကို ဆင်ခြေဖုံးရပ်ကွက်၏ ချောင်ကျကျနေရာတွင် အခန်းငှားပြီးထားတာဟူသော သံသယက ရင်ထဲမှာ တစစနှင့်ကြီးထွား၍လာသည်။

"ငြိမ်း မနက်ဖြန် မာမီတို့ဆီကိုပြန်မယ်"

ပြန်မည်ဆိုတော့ ငြိမ်းကို ဖျတ်ခနဲ လှမ်းကြည့်သည်။

"ကိုယ်တောင်းပန်ပါတယ် ငြိမ်းရယ်၊ ကိုယ့်ကို ထားသွားဖို့ စကား မပြောပါနဲ့"

မျက်လုံးအိမ်မှ စီးကျနေသော မျက်ရည်တို့ကို တယုတယ သုတ်ပေးလိုက်သည်။ ခုလို အပြုအမူမျိုးတွေကို ငြိမ်းသာယာမိပေမယ့် ရင်ထဲက ဝမ်းနည်းဆို့နင့်မှုတွေက ဘယ်လိုမှ အင်အားမဖျော့သွား။





"ဒါဆို ငြိမ်းကို ရှင့်အမေတွေဆီ ဘယ်တော့ ခေါ်သွားမှာလဲ"

ထိုမေးခွန်းကိုဖြေဖို့ နေမင်းဘုံအတွက် တော်တော်လေး ခက်ခဲပါသည်။

"ခေါ်မှာပေါ့ ငြိမ်းရယ်၊ မာမီတို့ကလည်း သူတို့လက်ထပ်ပေးမယ့်မိန်းကလေးကို မယူဘဲ ငြိမ်းကိုယူလိုက်လို့ ကိုယ့်အပေါ် စိတ်ခုနေကြတုန်းမို့ပါ"

"ငြိမ်းက ဘာဖြစ်နေလို့လဲ မင်းဘုံ၊ ငြိမ်းလည်း မိကောင်းဖခင်သားသမီးပါ၊ ရှိသင့်ရှိထိုက်တဲ့စည်းစိမ်ချမ်းသာ အကုန်ရှိတယ်၊ မင်းဘုံပေးစားမယ့် မိန်းကလေးထက်မသာရင်တောင်မှ လျော့တော့မလျော့ဘူး မင်းဘုံရဲ့"

ဝမ်းနည်းနေရာမှ ဒေါသသံဘက်သို့ ကူးပြောင်း၍သွားသည်။

"ဟာ မ မဟုတ်ဘူး မာမီတို့က ငြိမ်းကိုဆင်းရဲလို့ သဘောမတူလို့ဆိုပြီး စိတ်ဆိုးတာမဟုတ်ပါဘူး၊ သူတို့စေ့စပ်ပေးထားတဲ့မိန်းကလေးကို လက်မခံဘဲ တဖွတ်ထိုးလုပ်သွားလို့ သူတို့ကို အရှက်ခွဲရကောင်းလားဆိုပြီး ကိုယ့်ကိုစိတ်ဆိုးနေတာပါ ငြိမ်းရယ်"

နေမင်းဘုံ မနည်းဖြေရှင်းရသည်။

"အို ဘာပဲဖြစ်ဖြစ် ငြိမ်းဝမ်းနည်းတယ် ကို့မျက်နှာ တစ်ရွာထင်ပြီး လိုက်လာကာမှ မင်းဘုံကပါ ငြိမ်းကို ဂရုလုံးဝမစိုက်တော့ ဒီမှာနေလည်း ငြိမ်းဘဝက ဘာအဓိပ္ပာယ်ရှိတော့မှာလဲ"

ပြောလည်းပြော ငိုလည်းငိုနှင့် ကြဲဖန်၍ သောကပွေနေသော

ငြိမ်းကို စိတ်ကျေနပ်သွားစေရန် ရင်ခွင်ထဲအတင်းဆွဲသွင်းကာ တင်းကြပ်စွာ ဖက်တွယ်ထားလိုက်သည်။

ငြိမ်း မရုန်းပါ။ နေမင်းဘုံ၏ တရစပ်အနမ်းတွေကို ငြိမ်သက်စွာခံယူရင်း မျက်ရည်တို့သာ တွေတွေကျနေ၏။

"ကိုယ် ငြိမ်းကို အရမ်းချစ်ပါတယ် ငြိမ်းရယ် တစ်ခါတလေ အပေါင်းအသင်းကြောင့် သောက်လာမိတဲ့ ကိုယ့်ကိုခွင့်လွှတ်ပေးပါလို့ ကိုယ် တောင်းပန်တယ်ကွာ"

အချော့ကြိုက်သော မိန်းမတွေကို သူတို့ကျေနပ်လောက်သော စကားလုံးတွေနှင့် အပြုအစုအနုအရွလေးတွေနှင့် ချော့မြူနေမှတော့ ဘယ်မိန်းကလေး စိတ်တင်းနိုင်ပါတော့မလဲ။

မိန်းမောလှိုက်ဖိုခြင်းတွေဖြင့်သာ အချစ်၏သီအိုရီတွေကို မရိုးနိုင်စွာ ဖွင့်ဆိုဖြစ်ကြပြန်သည်ပေါ့။

■ ■ ■

"အမလေး ရင် ရင်တွေတုန်လိုက်တာ"

ကြမ်းပြင်တွင် မှောက်ခုံလဲလျောင်းကာ စပ်စုခန်းဖွင့်နေသော အလွမ်းမှာ ခန္ဓာကိုယ်တစ်ခုလုံး အားအင်ဆုတ်ယုတ်ကာ လူက အရုပ်ကြိုးပြတ်ဖြစ်သလို ခံစားလိုက်ရသည်။

အကြောင်းမှာ အောက်ထပ်မှ ငြိမ်းသစ္စာနှင့်နေမင်းဘုံ တစ်ယောက်တစ်ခွန်း စကားများနေကြသံကို ကြားပြီး ဘာရယ်မဟုတ်ဘဲ စပ်စုလိုစိတ်သက်သက်ဖြင့် ကြမ်းခင်းပေါက်မှ ချောင်းကြည့်လိုက်ခြင်း





ဖြစ်သည်။

ထိုသို့ကြည့်ရင်း ကြည့်ရင်းက သူတို့နှစ်ဦး၏ဇာတ်ဝင်ခန်းထဲ မျှောပါပြီး မျက်လုံးက မခွာနိုင်ဖြစ်ကာ ယခု ချစ်တင်းနှောနေသော မြင်ကွင်းကြောင့် ရင်တွေတုန်ကာ လူက နေမထိထိုင်မထိ ဖြစ်သွားသည်။

အရှင်းဆုံးပြောရလျှင် ထိုသို့သော မြင်ကွင်းမျိုးကို အွန်လိုင်း တွေပေါ်မှာသာ ကြည့်ဖူးပေမယ့် ခုလို နဖူးတွေ့ဒူးတွေ့ မြင်ရသောအခါ ခံစားမှုတွေက ဆောက်တည်ရာမရတော့။

စိတ်ထဲမှာ ငြိမ်းနေရာကနေ ဝင်ခံစားမိသလိုလို နေမင်းဘုံ နေရာကနေ ဝင်ခံစားမိသလိုလိုနှင့် စိတ်ခံစားမှုတွေက အရောင်နှစ်သွယ် ဆက်ဖြာသလို မရေရာမတိကျ။

လှလိုက်သည့် ငြိမ်းနှင့် ယောကျ်ားပီသချောမောသည့် နေမင်းဘုံ၏ပြေပြစ်သည့်ခန္ဓာကိုယ် ဖွဲ့စည်းပုံ။

အရာအားလုံးသည် နေမင်းဘုံကို ပို၍စွဲလမ်းသွားသလိုလိုနှင့် အသွေးအသားတွေ ဆူဖြိုးတောင့်တင်းလာသည်။

နှုတ်ခမ်းသားလေး တဆတ်ဆတ်တုန်ကာ မိန်းမောနေသော ငြိမ်း၏နှုတ်ခမ်းဖူးဖူးလေးကို နမ်းရှိုက်ချင်စိတ် ဖြစ်မိသလို နေမင်းဘုံ၏ တောင့်တင်းဆူဖြိုးသော ခန္ဓာကိုယ်အချိုးအစားကိုလည်း လောဘတကြီး ဖက်မောမိပြန်သည်။

အောက်ထပ်မှ မြင်ကွင်းကို အသိစိတ်မဲ့စွာ ချောင်းကြည့်ရင်းမှ ခန္ဓာကိုယ်တစ်ခုလုံး ချွေးတို့စို့နင့်၍လာသည်။ ရင်ဘတ်တစ်ခုလုံး ဂနာမ

ငြိမ်ဖြစ်ကာ ဖုတ်လိုက်ဖုတ်လိုက်နှင့် အသက်ရှူတွေမြန်နေပြီး တိတ်ဆိတ်နေသော အခန်းထဲမှာ ကိုယ့်အသက်ရှူသံကို ကိုယ်ပြန်ကြားယောင်နေမိ၏။

ဆက်ကြည့်ဖို့ အင်အားမရှိတော့၍ ကြမ်းပြင်မှာ မှောက်ခုံချောင်းကြည့်နေရာမှ ပက်လက်ပြန်လှန်လိုက်သည်။ ခြေပစ်လက်ပစ်ဖြင့် ခေါင်မိုးမျက်နှာကြက်ကို ငေးမောရင်း အသက်ကို ပုံမှန်ပြန်ရှူနေရသည်။ မျက်လုံးထဲမှာ ငြိမ်းနှင့်နေမင်းဘုံ၏ မြင်ကွင်းက စွဲနေ၍ မျက်နှာကြက်ခေါင်မိုးမှာတောင် မြင်နေရသလိုလို။

လည်ချောင်းဝမှာ တစ်ဆို့နေသော တံတွေးတစ်ချက်ကို ဂလုခနဲ မျိုချလိုက်ပြီးမျက်လုံးကို ဖွတ်မှိတ်ပစ်လိုက်သည်။

ထိုခံစားမှုမျိုးကို လိုလိုလားလား တောင့်တမိလိုက်သည်။

ညသည် တိတ်ဆိတ်နေဆဲပါပဲ။ အလွမ်း ရင်ထဲမှာတော့ ထိုတိတ်ဆိတ်မှုနှင့်ဆန့်ကျင်စွာ မုန်တိုင်းတွေထန်နေတော့သည်။

■ ■ ■



## အခန်း (၇)

"အလွမ်းရေ"

"ရှင်"

"ဒီနေ့ မျက်နှာမကောင်းသလို အလုပ်ထဲလည်း စိတ်မပါသလို ဲနေ"

ဆိုင်မန်နေဂျာ သွယ်လျက အကဲခတ်ကြည့်ပြီး ပြောသည်။

ညက ငြိမ်းနှင့်နေမင်းဘုံတို့ကြောင့် ရင်ထဲမှာ ဖြောင်းဆန်အောင် ်တ်လှုပ်ရှားနေဆဲပါ။

"ဟုတ်တယ် သွယ်လျ၊ ဒီနေ့ လွမ်း နေသိပ်မကောင်းလို့"

"ဒါဆို ဆေးသောက်ပြီး နားနေခန်းထဲမှာ သွားလှဲနေလိုက်ပါ ား"

အလွမ်း ဘယ်တုန်းကမှ ခုလို အလုပ်ထဲစိတ်မပါတာ မတွေ့

...ကြသော အားလုံး အထူးအဆန်းဖြစ်နေကြသည်။

“ရည်းစားပုံမိတာနေမှာ”

“မဟုတ်ပါဘူး ညက ချက်တင်ထိုင်တာ များသွားလို့ ဖြစ်မှာပေါ့”

တစ်ယောက်တစ်မျိုး ထင်ကြေးတွေပေးကာ အလွမ်းကိုကြည့်ပြီး ဝေဖန်ကြသည်။ ကြားရက်မို့ ဆိုင်မှာ လူလည်းပါးတာနှင့် ရုံးပိတ်ရက်တွေလို ခြေ့သည်တွေ သိပ်မကျ။

ထို့ကြောင့် အားလုံး အေးအေးဆေးဆေး ထိုင်စကားပြော၍ရသည်။

“ဟော ဟိုမှာ ပြောရင်းဆိုရင်း ကာစတန်မာ လာပြီ”

သွယ်လျ ညွှန်ပြရာသို့ အားလုံး၏အကြည့်တွေ ရောက်ကုန်၏။ မျက်ခုံးလေးနှစ်ဖက် မြင့်တက်အောင် အံ့သြသွားရသူက အလွမ်းဖြစ်သည်။

“ဟယ် ငြိမ်း”

လာမည်ဟုထင်မထားဘဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသော ငြိမ်းသစ္စာကို အပြေးထွက်ကြိုရင်း

“အလွမ်းက မလာလောက်ဘူးထင်နေတာ ငြိမ်းရဲ့”

“အိမ်မှာ ငြိမ်းတစ်ယောက်ထဲ ပျင်းတယ် ခေါင်းလျှော်ဖို့လည်း အဆင်မပြေဘူးလေ၊ ဒါကြောင့် အလွမ်းတို့အလုပြင်ဆိုင်ကိုလိုက်လာတာ”





“ကဲ လာ အလွမ်း ဒီနေ့ ငြိမ်းကို အလှဆုံးဖြစ်အောင် ပြင်ပေးမယ်”

ငြိမ်းလက်ကို ဆွဲပြီး ခန်းမထဲ ပြန်ဝင်လာသော အလွမ်းမျက်နှာသည် သိသိသာသာကို ပြန်၍လန်းဆန်းလာသည်။

“ဆံပင်ပုံစံပြောင်းမလား မျက်နှာပေါင်းတင်မလား ဘာလုပ်မလဲ အရမ်းကို လန်းသွားအောင် အမြတ်ရှိုင်းပေးလိုက်မယ်”

“ဟင့်အင်း ခေါင်းလျှော်မယ် တခြား ဘာမှလုပ်ချင်စိတ် မရှိဘူး”

မျက်နှာ ညှိုးနေသော ငြိမ်းကိုကြည့်ပြီး အလွမ်း ပျာပျာသလဲဖြစ်သွားသည်။

“ငြိမ်း နေမကောင်းဘူးလား”

“အင်း ဟုတ်တယ် ခုတလော ကိုယ်တွေလက်တွေကိုက်ပြီး နေရတာ မအီမသာ ဖြစ်နေတယ် အလွမ်းရယ်”

“ဒါဆိုရင် အလွမ်း မာဆတ်ဝင်ပေးမယ်လေ၊ တချို့ဆို ဆံပင်ပြင်ရင်း တစ်ခါတည်း မာဆတ်လုပ်သွားကြတာ လုံးဝဖိမ်ပဲ”

“အို မဝင်ချင်ပါဘူး”

ငြိမ်း ရှက်ရဲရဲမျက်နှာဖြင့် ငြင်းသဖြင့် အလွမ်း ပေါ့ပေါ့ပါးပါး ရယ်လိုက်ပြီး

“ဒီမှာရှိတဲ့ မာဆတ်က ရိုးရိုးသားသား မာဆတ်ပါ ငြိမ်းရဲ့၊ ခန်းကလေးချည်းပဲ သီးသန့်၊ ကဲပါ ဒီမှာမလုပ်ချင်လည်းနေလေ ညနေ

အလွမ်းပြန်လာတော့ ငြိမ်း ခန္ဓာကိုယ်လေး ပေါ့ပါးသွားအောင် အလွမ်း နှိပ်ပေးမယ်၊ မိန်းမချင်းဆိုတော့ အားနာစရာမလိုဘူး''

''အင်းပါ ဒါဆိုလည်း အိမ်ရောက်မှပေါ့၊ ခုတော့ ခေါင်းပဲလျှော် ချင်တယ်''

''ဟုတ်ပါပြီ လာ လျှော်စင်ပေါ်တက် အလွမ်း ခေါင်းကြောတွေ လျှော့ပေးမယ်၊ နောက်ဆို ခေါင်းလျှော်တိုင်း အလွမ်းကို သတိရနေအောင် လို့ပေါ့''

အလွမ်းကို မိန်းကလေးတစ်ယောက်အဖြစ်သာ မြင်နေမိသော ငြိမ်းသည် အလွမ်း၏ ဂရုတစိုက်ရှိမှုတွေကို နွေးထွေးစွာခံယူရင်း စိတ်ထဲ မှာ အလွမ်းအပေါ် ရင်းနှီးနှစ်လိုဖွယ်ဖြစ်သွားသည်။

ပရဟိတစိတ်ရှိသော အလွမ်းကို ငြိမ်း ခင်မင်မိတာ သိပ်တော့ အဆန်းတကြယ်ကြီးမဟုတ်။ အလွမ်း၏ ကန္တဲ့ကလျဟန်နှင့် ခပ်နွဲ့နွဲ့လေ ယူလေသိမ်းစကားပြောဟန်တွေကို ငြိမ်း နှစ်သက်သည်။

ရယ်စရာပြောတတ်သောကြောင့် ငြိမ်း စိတ်ညစ်နေလျှင်တောင် ပျော်သွားတတ်သည်။

တစ်ခါတလေ မင်းဘုံကို ရှိတ်ချင်နေသော အလွမ်း၏အမူ အရာတွေကြောင့်လည်း ပေါ့ပေါ့ပါးပါး ရယ်မောမိ၏။ စိတ်ထဲမှာ မနာလို ဝန်တိုစိတ် လုံးဝမဝင်မိ။

ငြိမ်းအဖို့တော့ အလွမ်းဟာ ပျော်တော်ဆက်လေးတစ်ယောက် ပေါ့။





''ငြိမ်းရဲ့ဆံစလေးတွေက နူးညံ့ပျော့ပျောင်းလိုက်တာကွယ်၊ နဖူးပေါ်က မွေးညင်းလေးတွေကလည်း မဟာဆန်လိုက်တာ''

ဆံစတွေကိုစုသိမ်းပြီး ရေပိုက်ခေါက်ဖြင့် ခပ်ဖြည်းဖြည်းချင်း လောင်းချပြီး ချီးမွမ်းခန်းဖွင့်နေသောကြောင့် မျက်နှာပင်မထားတတ် အောင် ငြိမ်းရှက်နေသည်။

အပေါ်မှ စီးကြည့်နေသော အနေအထားမို့ အပြစ်အနာအဆာ တစ်စက်မှမရှိသော ငြိမ်း၏မျက်နှာဖူးပြည့်ပြည့်လေးသည် ယောကျ်ားတို့ ၏မက်ချင်စရာ ရုပ်ဆင်းသဏ္ဍာန်မျိုး။

ဖူးအိနီရွှန်းနေသော နှုတ်ခမ်းသားတစ်စုံကိုသာ ဖိကပ်နမ်းရှိုက် ခွင့်ရသော ယောကျ်ားအဖို့ ချိုမြိန်သောပန်းသီးနီနီတစ်လုံး၏အရသာ သည် အလကားဖြစ်သွားနိုင်လောက်သည်။

ငြိမ်း၏လည်တိုင်ကျော့ကျော့လေးပေါ်မှ အကြောစိမ်းလေးတွေ ကလည်း ငြိမ်း၏အလှနှင့် နူးညံ့သိမ်မွေ့သော အလှတရားတွေကို အား ဖြည့်ထားသည်။

ထိုမျှ လှပချောမောသော ငြိမ်း၏အပြင်ပန်းအလှတောင် ထိုမျှ သပြီး ဆွဲဆောင်မှုအပြည့်ရှိနေလျှင် အတွင်းသားအလှဆိုလျှင်တော့ မိန်းမူးသွားလောက်သည်။

လက်မနှင့်လက်ညှိုးကို ခပ်ဖွဖွအားပြုရင်း ငြိမ်း၏နားထင် တစ်ဝိုက်နှင့် နောက်ကျောတစ်ဝိုက်ကို နှိပ်နယ်ပေးနေသော အလွမ်း၏ အတွေးထဲမှာ ငြိမ်းအလှကို စာဖွဲ့နေသည်ဆိုလျှင် ဘယ်သူယုံလောက်

မှာလဲ။

အလွမ်းကမိန်းကလေးတွေလှတာကို လုံးဝ စိတ်မဝင်စားသလို လှည့်ငေးပင်ကြည့်ဖူးတာမဟုတ်။

သူတို့လှတာ အလွမ်းကဘာလုပ်ရမှာလဲ။ ရင်ခုန်စရာ အကြောင်းမရှိ။ ကိုယ့်စိတ်နေစိတ်ထားကလည်း မိန်းကလေးပဲ မဟုတ်လား။

အရှင်းဆုံးနှင့်အပွင့်လင်းဆုံး ပြောရလျှင် မိန်းမလှတွေဆိုရင် အလွမ်း ရင်ထဲ မနာလိုစိတ်ပင်ဝင်မိကာ အားလုံးကို လင်လုဖက်လို သဘောထားမိနေတာ အလွမ်းမှာရှိသော ဝန်တိုစိတ်တစ်ခု။

မကောင်းဘူးဆိုတာ သိပေမယ့် သူ့အလိုလိုဖြစ်ပေါ်နေသော စိတ်မို့ တားဆီး၍မလွယ်။

ငြိမ်းကိုတော့ ထိုသို့မဟုတ်။ စိတ်က အလိုလိုကို ခင်ချင်နေသည်။ ငြိမ်းကိုခင်ရသလို နေမင်းဘုံကိုလည်း အလွမ်း စိတ်ဝင်စားသည်။

ဖော်ရွေပြီး စကားတွေဖောင်ဖွဲ့အောင် ပြောဆိုနောက်ပြောင်တတ်သော နေမင်းဘုံနှင့်စကားပြောရတာ အလွမ်း စိတ်ကျေနပ်သည်။

နေမင်းဘုံနှင့်စကားပြောဆိုခြင်းကို ဝန်မတိုတတ်သော ငြိမ်းမို့လည်း လိုအပ်တာထက်ပို၍ ခင်မင်မိသည်ဆိုက မမှား။

■ ■ ■



## အခန်း (၈)

"ဟယ် နေမင်းဘုံ"

ဆိုင်ကယ် ကယ်ရီစီးကာနီးမှာ နေမင်းဘုံကို တွေ့လိုက်သည် အလွမ်းတို့ ငါးပြေမဆားပက်သလို ဖျတ်ဖျတ်ကိုလူးသွားသည်။

"ဩော် အလွမ်း ဘယ်လဲ"

"ဩော် မင်းဘုံရယ် ဒီအချိန်နဲ့ဒီအချိန် ဘယ်လဲလို့ မေးစရာ ားလို့"

"အင်း ဟုတ်သားပဲ ဘယ်ကပြန်လာတာလဲ"

"အလှပြင်ဆိုင်ကလေ အဲတော့ပဲ ဟိုကောင်တွေရဲ့ ကယ်ရီကို ားစီးစရာမလိုတော့ဘူး"

ဆိုင်ကယ်ပေါ် ဈွေ့ခနဲ တက်လိုက်သော အလွမ်းနှင့် ခပ်ချော ချောမင်းဘုံကို ဆိုင်ကယ်ကယ်ရီ ဂိတ်ကလူတွေ ဝိုင်းကြည့်နေကြသည့်

အတွက် မင်းဘုံ ရှက်စော့ရှက်မိသည်။

သို့သော် အိမ်နီးနားချင်းမို့ အခင်အမင်မပျက်စေရန် လမ်းကြုံ ခေါ်ရသည့်အခြေအနေမျိုးမို့ ကယ်ရီဂိတ်နားမှ ခပ်မြန်မြန် မောင်းထွက် လာခဲ့လိုက်သည်။

နေမင်းဘုံ ရှက်နေသလောက် အလွမ်းကတော့ ပီတိတွေဖြစ်နေ ၏။

ရှေ့မှ ဆိုင်ကယ်မောင်းနေသော နေမင်းဘုံ မမြင်အောင် အနောက်မှနေ၍ လက်နှစ်ဖက်ကို ဘယ်ညာဆန့်လျက် အတုတပ်ထား သော ရွှေဝါရောင်ဆံပင်တွေကို လေမှာလွင့်ဝဲခိုင်းလိုက်သည်။

လေနှင့်အတူ ခေါင်းလိမ်းဆီနံ့က အလွမ်းနှာခေါင်းထဲ တိုးဝင် လာ၏။

"မွှေးနေတာပဲနော်"

"ဗျာ"

ဆိုင်ကယ်မောင်းနေရင်းမှ အလွမ်း၏စကားကို မသဲကွဲ၍ ပြန်မေးသည်။

"ဩော် နေမင်းဘုံ ခေါင်းလိမ်းဆီက မွှေး မွှေး အဲ အမလေ ကျွတ် ကျွတ်သွားပြီတော့ ဒုက္ခပါပဲ ရပ် ရပ်"

နေမင်းဘုံ ဆိုင်ကယ်ကို အရှိန်ဖြင့်မောင်းနေရင်းမှ အလွမ်း၏ အထိတ်တလန့် အော်ဟစ်သံကြောင့် ဆိုင်ကယ်ကို ကျွံခနဲ ရပ်လိုက်ပြီး လှည့်မကြည့်ဘဲ မေးလိုက်သည်။





"ဘာကျွတ်တာလဲ"

"ဟို ဟိုဟာ ကျွတ်တာပေါ့လို့ ဒုက္ခပါပဲ အရှက်တော့ ကွဲပါပြီ"

"ဟာဗျာ ဖြစ်လိုက်ရင် အဲဒီလို အရာရာနဲ့အကြောင်းကြောင်း ကြောင့်ပါပဲလား၊ ဈွတ်ရင်လည်း မြန်မြန်ပြန်ဝတ်လေ"

"ဩော် ဟိုတက်က ကွမ်းယာဆိုင်တဲခေါင်မိုးပေါ် လွင့်သွားတာ ကို"

နေမင်းဘုံ ပခုံးကို မလွှတ်တမ်း ကိုင်နေကာ အရှက်သည်းစွာ ပြောနေသော အလွမ်းကြောင့် ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ကာ ဆိုင်ကယ်ပေါ်မှဆင်းပြီး ခပ်ရဲရဲပင် ကြည့်လိုက်သည်။ သူ့ဟာသူ ဘာ ကျွတ်ကျွတ် ယောကျ်ားအချင်းချင်းမို့ မကြည့်ရဲစရာ ဘာမှမရှိ။

တကယ့် တကယ် လှည့်ကြည့်ဖြစ်တော့ မျက်လုံးပြူးသွားရသူက မင်းဘုံပင် ဖြစ်သည်။

"ဟင် ဆံပင် ဆံပင်ရော"

တေလာဆွဲလို ရွှေဝါရောင်ဆံပင်လိမ်လိမ်တွန့်တွန့်တွေဖြင့် ာတ်ဘဲ ရှိုးရှိုးဆံပင်တိုကပ်ကပ်နှင့် အလွမ်းကိုတွေ့ပြီး နေမင်းဘုံ ချင်စိတ်ကို ဘယ်လိုမှ မျိုသိပ်၍မရတော့။ တဟားဟားဖြင့် ခွက်ထိုး သန် ရယ်တော့၏။ မျက်နှာပေါ်မှ မျက်တောင်တုတွေ မိတ်ကပ်တွေနှင့် ယ်လိုမှ မလိုက်ဖက်သည့်စတိုင်။ နေမင်းဘုံ ရယ်တော့ အလွမ်း လိုက်သည့်ဖြစ်ခြင်း။ အနီးအနားမှာ ပုန်းစရာကွက်တွင်းတစ်တွင်း ာက်ရှိလျှင်တောင် ရှက်လွန်း၍ ကွက်တွင်းနှင့်မျက်နှာအပ်မိမလား

မသိ။

"အို ရယ်စရာလားလို့ သွားယူပေးပါ၊ သူများတွေမြင်ကုန်တော့မှာပဲ ဟယ် ဒုက္ခပါပဲ"

အလွမ်း ရှက်လွန်း၍ ဆွေ့ဆွေ့ခုန်မတတ်ပါပဲ။

■ ■ ■

"မင်းဘုံရယ် သူများဒုက္ခဖြစ်တာကိုများ ခွက်ထိုးခွက်လန် ရယ်နိုင်သေးလား အလွမ်းတော့ ရှက်နေမှာပဲ"

သနားကရုဏာစိတ်ဖြင့် ပြောလာသော ငြိမ်းစကားကြောင့် ပြောပြောပြီးရယ်နေသော နေမင်းဘုံ ရယ်ခြင်းကို အရှိန်အနည်းငယ် လျှော့ကာ

"ငြိမ်းရယ် သူတို့က အခြောက်တွေလေ၊ အရှက်ဆိုတာ ရှိ မလား၊ တကယ်လို့ ကိုယ့်ရှေ့မှာ ရှက်နေတယ်ဆိုရင်တောင် အဲ့ဒါ မှုယာ မာယာများတာပဲဖြစ်မယ်"

"တကယ်ဆို အလွမ်းက မင်းဘုံကို ရှိတ်နေတာ မင်းဘုံ သိ လား"

"ဟာ သွားစမ်းပါကွာ ယောကျ်ားအချင်းချင်းကြီးကို ဘာလုပ် ရမှာလဲ"

အသံကြားတာနှင့်ပင် ကျောချမ်းလာသည်မို့ ခြေခါခါ လက်ခါ ဖြင့် ငြင်းလိုက်သည်။

"ဩော် မင်းဘုံက ယောကျ်ားအချင်းချင်း မဟုတ်ရင် မပြော





ဘူးဆိုတဲ့သဘောပေါ့ ဟုတ်လား"

နှုတ်ခမ်းစူကာ ရန်လိုစွာပြောသော ငြိမ်းကိုကြည့်ပြီး နေမင်းဘုံ ရယ်မိပြန်သည်။

"မရယ်နဲ့"

"မရယ်ပဲ မနေနိုင်ဘူး ငြိမ်းရဲ့၊ အခြောက်နဲ့ကျတော့ သဝန် မတိုပဲနဲ့ မရေရာတဲ့မိန်းမတွေနဲ့မှ သဝန်တိုနေရသလား"

"တိုမှာပဲ တိုမှာပဲ ခုတစ်လော မင်းဘုံကို သံသယဖြစ်နေတာ ကြာပြီ သိလား"

"ဟော ကိုယ့်မိန်းမက တစ်မျိုး၊ ပြောပါဦး ဘာသံသယတွေ ဖြစ်ရပြန်ပြီလဲ"

"မနေ့က မင်းဘုံအကျႌအိတ်ကပ်ထဲက ဈေးဝယ်ပြေစာတစ်ခု တွေ့တယ်"

ငြိမ်းစကားကြောင့် မင်းဘုံ ခပ်တွေတွေဖြစ်သွားသည်။

"ဘာ ပြေစာလဲ ငြိမ်းရာ"

"ဘာပြေစာရမှာလဲ တော်ဝင်ပလာဇာမှာ ကလေးပစ္စည်းတွေ ငါးသောင်းကျော်ဖိုး ဝယ်ထားတဲ့ပြေစာလေ"

"ဟာ အဲ အဲဒါ ကိုယ့်သူငယ်ချင်းရဲ့သမီးလေးမွေးနေ့မို့ မွေးနေ့ လက်ဆောင်အနေနဲ့ လမ်းကြုံလို့ ဝင်ဝယ်ပေးလိုက်တာပါကွာ"

"အဲဒါဆို ငြိမ်းအတွက်များ အလိုက်တသိလေး တစ်ခုခုဝယ် လာပါဦးတော့လား"

"ကိုယ် မေ့သွားတာ ငြိမ်းရဲ့ နောက်နေ့တော့ ဝယ်လာပါ့မယ်ကွာ နော်"

ငြိမ်းကို ချွေးသိပ်ပြီး ခုတင်ပေါ် ခြေပစ်လက်ပစ် လှဲချလိုက်သည်။

"ငြိမ်း လာကွာ အိပ်ကြရအောင်"

ခုတင်စွန်းတွင် ထိုင်နေသော ငြိမ်းလက်ကို လှမ်းဆွဲပြီး အတင်းအိပ်စေ၏။ ငြိမ်း ရှန်းသည်။

"ကျွတ် ငြိမ်းကလည်းကွာ ကလေးဆိုးကြီးကျနေတာပဲ ငြိမ်း ဘာစားချင်လဲ ဘာလိုချင်လဲ ပြောလေ၊ မနက်ဖြန် ကိုယ် ဝယ်လာခဲ့မှာပေါ့"

"ပြောမှ သိတတ်တဲ့ သိတတ်မှုမျိုးကို ငြိမ်း မလိုချင်ပါဘူး မင်းဘုံရယ်"

"ကိုယ့်ကိုစိတ်မဆိုးပါနဲ့ကွာ၊ ကဲ မနက်ဖြန်ကို ကိုယ်ရယ် ငြိမ်းရယ် သမ္မတရုံက ကျွန်မကာနှင်းဆီပါမောင် ဆိုတဲ့ကား သွားကြည့်ရအောင်"

ငြိမ်းကိုယ်လုံးလေးကို ရင်ခွင်ထဲ ဆွဲသွင်းပြီး ငြိမ်း ကျေနပ်စေမည့် လိုက်လျောမှုလေးတွေဖြင့် စိတ်ဆိုးပြေအောင် ချော့လိုက်သည်။

မိန်းမဆိုတဲ့အမျိုးက အချော့ကြိုက်တဲ့အမျိုးမို့ မင်းဘုံအတွက် ထိုမျှလောက်လေး အောက်ကျခံချော့လိုက်တာ ဘာခဲယဉ်းတာမှတ်လို့။

တကယ်ပဲ ငြိမ်း စိတ်ဆိုးပြေစ ပြုလာပါပြီ။ မျက်နှာလေးသည်





ဘိမ်ကင်းစင်စ လဝန်းပမာ ရွှန်းပလင်းမြလျက် မင်းဘုံ၏ချော့မြူသောအနမ်းတွေအောက်မှာ အသက်ရှူမှားမတတ် ခံယူရင်း

ညသည် တိတ်ဆိတ်သထက် တိတ်ဆိတ်လာပြီး တစ်ခါတစ်ရံ ဘေးခန်းမှ ဒေါ်ခိုင်မာ၏ယောက်ျားဟောက်သံကြီးသာ စည်းချက်ညီညီ ပေါ်ထွက်လျက် နှစ်ယောက်သား၏ ရင်ခုန်သံတွေကို အဖော်ပြုပေးနေသလားပင်။

အပေါ်ထပ်မှ အလွမ်း၏အကြည့်တွေကိုတော့ နှစ်ယောက်သား နည်းနည်းလေးမှ ဂရုမပြုမိကြပါ။

အပေါက်ဝိုင်းဝိုင်းလေးမှ ချောင်းကြည့်နေမိသော အလွမ်း၏ ရင်ခုန်သံတွေသည် ပြောင်းဆန်နေတာကိုတော့ အလွမ်းကလွဲ၍ ဘယ်သူ သိနိုင်မှာလဲ။

■ ■ ■

## အခန်း (၉)

"ရော့ မွေးနေ့လက်ဆောင်"

စက္ကူလက်ဆွဲအိတ်တစ်ခုကို လှမ်းပေးနေသော အလွမ်း၏ စပ် ဖြီးဖြီးအမူအရာကြောင့် နေမင်းဘုံ ပြုံးကြောင်ကြောင်ဖြင့် ကြည့်ပြီး

"ဒီနေ့ ကျွန်တော့်မွေးနေ့ဆိုတာ ဘယ်လိုသိလဲ"

"ငြိမ်းပြောပြထားလို့လေ ဒါကြောင့် မွေးနေ့လက်ဆောင် ပေးတာပေါ့ ရော့ ယူပါ"

ဖွတ်အတင်း လှမ်းပေးနေသော အလွမ်း၏မွေးနေ့လက်ဆောင်ကို နေမင်းဘုံ မယူချင်။ ယူရမှာ တွန့်ဆုတ်နေသည်။

"အားနာပါတယ်"

"ဟယ် ဒီလူနဲ့ဒီလူ အားနာစရာလားလို့"

"အဲဒါကို အားနာတာ အလွမ်း ကိုယ့်ဘာသာကိုယ်ပဲ ဝတ်





လိုက်ပါ"

"ဟယ် လူကို စော်ရကား မော်ရကားလုပ်ပြန်ပြီ ဒါ ယောက်ျားလေးဝတ်တွေလေ၊ အလွမ်း ဝတ်စရာလားလို့စ်၊ ဒီက သူနဲ့လိုက်မယ့် အဆင်ဒီဇိုင်းလေးကို မနည်းရှာဝယ်ထားရတဲ့ဟာ"

နှုတ်ခမ်းကို ဆူပြီး မကျေမနပ်ပြောနေသော အလွမ်းနှင့် လက်ဆောင်ယူဖို့ အင်မတန်ဝန်လေးနေသော နေမင်းဘုံကိုကြည့်ပြီး ငြိမ်းသဘောတွေကျနေသည်။

"ဟာဗျာ ဒုက္ခပါပဲ"

နေမင်းဘုံ ခေါင်းတကုတ်ကုတ်နှင့် နေရခက်နေ၏။ အလွမ်းစိတ်မရှည်တော့။

"ကဲ ချွတ် မယူဘူးဆိုရင် ဖွတ်အတင်းကိုပေးမှာ"

နေမင်းဘုံ ဝတ်ထားသော အင်္ကျီကြယ်သီးတွေကို ဖွတ်အတင်းဖြုတ်တော့သည်။ အလွမ်းဆိုတာက မိန်းမလျှာ၊ မိန်းမလျှာဖြစ်မှတော့ သက်ရဲဇက်ရဲရှိတာ သိပ်အဆန်းကြီးမှ မဟုတ်တော့တာ။

"ဟာ မ မလုပ်ပါနဲ့ ဟေ့ ငြိမ်း ဘာရပ်ကြည့်နေတာလဲ လုပ်ဦးလေ ဒီမှာ ချွတ်နေပြီကွ"

"ကဲပါ မင်းဘုံရယ် သဒ္ဓါလို့ကျွေးရင် သေဆေးတောင် စားရသေးတာပဲ၊ ကိုယ့်အတွက် မွေးနေ့လက်ဆောင်ပေးတာ လူသတ်လက်နက်ပေးတာမှမဟုတ်တာ ယူလိုက်ပါတော့"

ငြိမ်း ဝင်ကူပြီးပြောတော့မှ နေမင်းဘုံ မတတ်သာသည့်အဆုံး

"ကဲ အင်္ကျီတော့ မချွတ်ပါနဲ့ဗျာ၊ ယူဆိုရင်လည်း ယူပါ့မယ်"

"ဟွန်း အစောကြီးကတည်းက ယူလိုက်ပါတော့လား ဒီက အင်္ကျီချွတ်ရင်း ရှင့်ဗလမြင်ပြီး စိတ်ပါသွားအောင် အကွက်ဆင်နေသေး တယ်"

"ဗျာ ဟာ ဘာတွေလာပြောနေတာလဲ"

"ကြားတဲ့အတိုင်းပဲလေ ဟွန်း ဒါပဲ သွားမယ်"

တစ်ကိုယ်လုံးမှာရှိသော ဆံပင်တွေ နားဆွဲတွေ လည်ပင်းက ဝတ်ထားသော 925 တွေပါ ခါထွက်သွားအောင် လှည့်ထွက်သွားသော အလွမ်းကိုကြည့်ပြီး ငြိမ်း ရယ်နေသလောက် နေမင်းဘုံကတော့ စိတ် အပျက်ကြီး ပျက်နေတော့၏။

"ဒီအခြောက်မ မလွယ်ပါလားကွာ"

"သူက မင်းဘုံကို တိတ်တခိုး သဘောကျနေ၀ာ"

"ဟမ် ဒါလား တိတ်တခိုး ရှင်နဲ့အတူတူနေမယ်လို့ မပြောသေး တာပဲရှိတယ်၊ ဘယ်လိုအခြောက်မလည်း မသိဘူး၊ ငြိမ်းကလည်း နည်း နည်းပါးပါး သဝန်တိုတဲ့အမူအရာလေး ဘာလေး ပြလေကွာ ဒါမှ သူ နည်းနည်းရှိန်သွားပြီး ခုလို ပရောပရီမလုပ်ရဲမှာ"

"သြော် မင်းဘုံရယ် ယောကျ်ားအချင်းချင်းပဲ ငြိမ်းက သဝန် တိုစရာလားလို့၊ မင်းဘုံအသား ပုံပါသွားတာမှမဟုတ်တာ"

ငြိမ်းစကားကြောင့် မင်းဘုံ သူ့နဖူးသူ ခပ်ဆတ်ဆတ် ရိုက်ကာ

"အေး ကောင်းကွာ ကိုယ့်မိန်းမကအစ ကြည်ဖြူနေမှတော့





ဘယ်တတ်နိုင်တော့မှာလဲ"

စိတ်ပျက်လက်ပျက် မအီမသာ ညည်းတွားလိုက်သော နေမင်း ဘုံကိုကြည့်ပြီး ငြိမ်း ရယ်ပဲရယ်နေတော့၏။

■ ■ ■

## အခန်း (၁၀)

နာရီကိုကြည့်ပြီး အလွမ်း စိတ်ဂနာမငြိမ်တွေ ဖြစ်နေသည်။ ည ဆယ်နာရီထိုးသည့်တိုင် မျက်လုံးတို့ကို နှစ်ခြိုက်စွာ အိပ်မပျော်နိုင်းနိုင်သေး။

ရင်တွေ တဒိတ်ဒိတ် အခုန်မြန်နေသည်။ မျက်လုံးအကြည့်တွေက အမှောင်ချထားသော အခန်း၏ကြမ်းခင်းပေါက်အပိုင်းလေးဆီသို့သာ အကြိမ်ကြိမ်ရောက်ရှိနေ၏။

မသင့်တော်မှန်း လူမှုရေးစည်းဖောက်ပြန်သည့်လုပ်ရပ်မှန်း သိပေမယ့်လည်း ဆန္ဒတို့ကို ချုပ်တည်းမျိုသိပ်၍မရ။

ထို့ကြောင့် သက်ပြင်းခပ်လေးလေးကို အခါခါချပြီး ထိုအပေါက်ဆီသို့ မကြည့်မိအောင် စိတ်ကိုတင်းကြည့်သည်။ တင်းလွန်း၍ထင်သည် ခန္ဓာကိုယ်တစ်ခုလုံး ချွေးတို့စို့တက်လာ၏။





လူ့စိတ်ဆိုတာကလည်း အခက်သားပင်။ ထိန်းချုပ်မှုများလျှင် လွတ်ထွက်ချင်သည်။ မပြောနှင့်ဆိုလျှင် ပြောချင်သည်။ မကြည့်နှင့်ဆိုလျှင် ကြည့်ချင်သည်။ မလုပ်နှင့်ဆိုလျှင် လုပ်လိုက်ရမှ နေသာထိုင်သာရှိသည်။ ဒါဟာ လူ့သဘာဝပင် ဖြစ်သည်။

ထို့ကြောင့် အလွမ်းလည်း လူထဲလူပေပဲမို့ ဆန္ဒတွေကို ဘယ်လိုထိန်းချုပ်နိုင်ပါ့မလဲ။

ထို့ကြောင့် အောက်ထပ်အခန်းမှ ဖြာထွက်နေသော အလင်းရောင်ဝင်နေသည့် ကြမ်းပေါက်ဆီသို့ အငမ်းမရ သွားလိုက်သည်။

မြင်နေကျအတိုင်း ငြိမ်းနှင့်နေမင်းဘုံတို့၏ အချစ်စစ်ခင်းနေကြသော မြင်ကွင်းမဟုတ်။

ဒီတစ်ခါ ခုတင်ထက်တွင် စိတ်ပျက်လက်ပျက်လှဲကာ ဖုန်းကလိနေသော ငြိမ်းတစ်ယောက်ထဲ ရှိသည်။ နေမင်းဘုံ ပြန်မလာသေးဘူးပဲ။

မျှော်လင့်ထားသည့် မြင်ကွင်းမဟုတ်သည့်တိုင် အကြည့်တို့က ကြမ်းပေါက်မှ မဖယ်ခွာသေး။

ငြိမ်း၏လွတ်လပ်ပေါ့ပါးသော ဝတ်စုံနှင့် အရိုက်အဖို ဖြောင့်စင်းသပနေသော ငြိမ်း၏ကိုယ်နေဟန်ထားကို အားကျစိတ်ပေလား မိန်းမောတွေဝေစိတ်တွေလားဟု မဝေခွဲနိုင်ပဲ သတိလက်လွတ် ငေးမောကြည့်နေမိသည်။

တစ်ခန်းလုံး ထိန်လင်းနေအောင် ထွန်းထားသော မီးအလင်း

ချောင်အောက်တွင် ပေါင်လယ်ခန့်ရှိသော ညအိပ်ဂါဝန်ပါးလွှလွှလေးနှင့် ငြိမ်းသည် ဒဏ္ဍာရီထဲက မင်းသမီးလေးလိုပင် အပြစ်အနာအဆာမရှိ လှပလွန်းနေသည်။

မှောက်ခုံအနေအထားနှင့် ဖေ့စ်ဘွတ်သုံးရင်း ခြေထောက်နှစ်ချောင်းထောင်ကာ ရှိနေသော အနေအထားမှ ပက်လက်အနေအထား သို့ ပြန်ပြောင်းကာ စိတ်လွတ်ကိုယ်လွတ်နေနေသော ငြိမ်း၏ကိုယ်နေဟန်ထား အရှိုက်အဖို အမို့အမောက်တွေသည် အလွမ်း၏ရင်ကို တဒိတ်ဒိတ် အခုန်မြန်လာစေသည်။

ဂါဝန်အောက်မှ ပေါင်တံဖြူဖြူလွှလွှနှင့် နူးညံ့ချောမွတ်နေသော ခြေအစုံသည် လှုပ်ရှားလိုက်တိုင်း လှုပ်ရှားလိုက်တိုင်း လျှပ်ပြက်သလို မြင်ရသော မြင်ကွင်းအချို့က အလွမ်းကို ကတုန်ကယင် ဖြစ်စေတော့သည်။

ဘဝမှာ မိန်းကလေးတစ်ယောက်အတွက် ရင်ခုန်စိတ်လှုပ်ရှားဖူးတာဟာ ဒီတစ်ကြိမ် ပထမဆုံးအကြိမ်ဖြစ်လိမ့်မည်ထင်သည်။ သဘာဝကို ဆန့်ကျင်ပြီး စုထောင်လာတဲ့ ရပ်တည်မှုတွေသည် ဖရိုဖရဲ။ အမည်မဖော်နိုင်သော ခံစားမှုထူးတွေက အလွမ်းစိတ်အာရုံတွေကို ပြန်လည်စုစည်း၍မရအောင် ဝရုန်းသုန်းကားဖြစ်နေကြသည်။

မျက်စိကိုစုံမှိတ် ခေါင်းကိုတွင်တွင်ခါသည်။ အလွမ်းရဲ့စိတ်တွေဟာ မိန်းကလေးတစ်ယောက်၏ ရက်ရက်စက်စက် လှသော နဂိုရှိရင်းစွဲ အလှတစ်ခု၏ ဖြားယောင်းခြင်းနောက်သို့ တကောက်ကောက်လိုက်ပါ





နေဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်။

စိတ်ကိုပုံမှန်ထားစမ်းပါ။ နင် ဘာကိုမိန်းမောနေရတာလဲ။ လဲသလိုက်စမ်း စသည်ဖြင့် စကားလုံးရင့်ရင့်တွေဖြင့် ကိုယ့်စိတ်ထဲမှ သူ့အလိုလိုရုန်းထွက်လာသော ရာဂဦးဆောင်သည့်စိတ်ခံစားမှုဟု ခေါ်သော ဆန္ဒတွေကို ဦးချိုးနှိပ်ကွပ်သည်။

အချည်းအနှီးပင်။

တဖြည်းဖြည်း အသက်ရှူတွေမြန်လာကာ ရင်ဘတ်အစုံသည် မြန်မဟုတ်ဘဲ ဆန္ဒတွေထန်ကာ ဖုတ်လိုက်ဖုတ်လိုက် ဖြစ်လာသည်။

ကြမ်းခင်းမှ အကြည့်ကိုခွာကာ ပက်လက်အနေအထားဖြင့် ခြေဆန့်လက်ဆန့်လုပ်ပြီး ခေါင်မိုးမျက်နှာကြက်ကို ဆန္ဒတွေ တုန်ယင်လှိုက်မောစွာဖြင့် ငေးကြည့်ရင်း အောက်နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်လိုက်သည်။

ဘုရားရေ ငါ ငါ ဘာဖြစ်နေတာလဲ။ ငြိမ်းကြောင့် ငါ စိတ်လှုပ်ရှားနေတာလား။ ဘာကိုမက်မောနေမိတာလဲ။ ငါ့စိတ်တွေ ဘာတွေ ဖြစ်ကုန်ပြီလဲ။ ငြိမ်း အလှကြောင့်လား။

လုပ်ကြပါဦး ငါ့စိတ်တွေ ဒီအခန်းထဲမှာ ဝရုန်းသုန်းကား ဖြစ်နေကြတယ်။ လိုက်ဖမ်းလို့ကိုမရတော့ဘူး၊ ဆန္ဒတွေက ဘယ်ကိုဦးတည်ကုန်ပြီလဲ။

■ ■ ■

## အခန်း (၁၁)

''ဟင် အလွမ်း''

အခန်းတံခါးဖွင့်ဖွင့်ချင်း အလွမ်းကို မြင်လိုက်ရ၍ ငြိမ်းခမျာ သူ့ဝတ်ထားသော မလုံ့တလုံ ဂါဝန်တိုနန့်နန့်လေးကို ငုံ့ကြည့်ပြီး မလုံသော စိတ်ဖြင့် ဂါဝန်ကို ပေါင်လည်ထိ ဆွဲဆန့်ရင်း

''ငြိမ်းက မင်းဘုံ ပြန်လာတယ်မှတ်လို့၊ မအိပ်သေးဘူးလား''

စိတ်ကိုထိန်းချုပ်နေရင်းမှ ငြိမ်းရှေ့မှောက်ကို ရောက်အောင်လာ မိသော ကိုယ့်စိတ်ကိုကိုယ် နားမလည်နိုင်တော့။

အလွမ်းရေ နင်ဘာတွေဖြစ်နေတာလဲဟု စိတ်ထဲကသာ အကြိမ်ကြိမ် အော်ဟစ်မေးနေမိသည်။

''ကော်ဖီသောက်ချင်လာလို့ ငြိမ်းရဲ့၊ တကယ်ပဲဟယ် အဲဒီ မျက်လုံး ထိုးဖောက်ဖို့တောင် ကောင်းတယ် သိလား''





''ဘာဖြစ်လို့လဲ''

''စောစောကတော့ အင်တာနက်ကြည့်ရင်း အိပ်ချင်လာတယ်၊ အိပ်မယ်လည်းကြံရော ဟောဒီမျက်လုံးတွေကြောင်ကုန်ရော သိလား ငြိမ်းရယ်''

တစ်ယောက်ထဲ မချိမဆန့် ပြောနေသော အလွမ်းကိုကြည့်ပြီး ငြိမ်း ပြုံးသည်။

''အဲဒါ ငြိမ်းမှာ ကော်ဖီလေး ဘာလေးများရှိမလားလို့ ဒါနဲ့ ကိုအကိတ်ကြီးရော အဲ အဟိ ပြန်မလာသေးဘူးလား၊ ဒါမှမဟုတ် အိပ်သွားပြီလား၊ အောက်ဆင်းပြီး အိမ်သာသွားမလို့ ငြိမ်းအခန်းမီးဖွင့် ထားတာတွေ့လို့ လက်ယားပြီး ခေါက်လိုက်တာလေ၊ အနှောင့်အယှက် ဖြစ်သွားလားဟယ်၊ အလွမ်းကလေ တစ်ခါတလေ အဲလို အလိုက်မသိ တတ်ဘူးကွဲ့''

အသက်မရှူတမ်း စကားတွေတရစပ်ပြောနေသော အလွမ်း ကြောင့် ငြိမ်း ကြည်လင်သောအပြုံးဖြင့်

''ရပါတယ် အလွမ်းရယ် လာ ဝင်လေ ငြိမ်း ကော်ဖီဖျော်တိုက် မှာပေါ့လို့''

''တကယ်''

''တကယ်ပေါ့ ငြိမ်းလည်း ဒီည အိပ်မပျော်ဘူး အလွမ်းရဲ့''

''ဟယ် ဟုတ်လား ဘဝတူတွေပဲ ရိုက်လိုက်ပါဦး''

လက်ဝါးချင်းရိုက်ဖို့ လက်ရွယ်သဖြင့် ငြိမ်းပါ အပျော်အပျက်

လက်ဝါးချင်း ဖြောင်းခနဲ မြည်အောင် ရိုက်လိုက်ပြီး နှစ်ယောက်သား မဇာတိုင်ပင်ဘဲ ပြိုင်တူရယ်လိုက်ကြသည်။

"ကဲ လာ ကော်ဖီကို ငြိမ်းဖျော်ရမလား အလွမ်းကိုယ်တိုင် ဖျော်မလား"

"အလွမ်း ဖျော်မယ်လေ ငြိမ်း ဖျော်မပေးပါနဲ့"

"ဒါဆိုလည်း မီးဖိုခန်းထဲဝင်ဖျော်လိုက် ငြိမ်း လုံချည်သွားဝတ်လိုက်ဦးမယ်"

အလွမ်းရှေ့မှာ ညအိပ်ဂါဝန်ပါးပါးလှပ်လှပ် တိုနံ့နံ့လေးနှင့်နေဖို့ စိတ်မရဲ။

"အို ဘာလို့ လုံချည်သွားဝတ်မှာလဲ၊ ဒီပုံလေးအတိုင်း လှပါတယ်၊ ဒီဖိုင်းလေးက ရေလည်လန်းတယ်၊ ငြိမ်း ဝတ်တာနဲ့ အလွမ်းတောင် ဝတ်ချင်သွားပြီ၊ မနက်ဖြန် ပလာဇာဝင်ပြီး အဲလိုမျိုး ညအိပ်ဂါဝန်လေးတွေ ကာလာစုံဝယ်ဝတ်မယ်၊ ငြိမ်းကိုလည်း ပြန်မှုပေးမယ် ဒါမှ ငြိမ်းရဲ့အကိတ်ကြီးက ငြိမ်းကိုပိုပြီး အသည်းစွဲသွားမှာတော့"

အလွမ်းက မိန်းမချင်းလေသံဖြင့် ပြောလာ၍ စိတ်ထဲမှာ အမှိုက် ခံတွေးပြီး မလဲတော့ဘဲနေဖို့ စိတ်ကူးလိုက်သည်။

အလွမ်းက မိန်းမစိတ်ဝင်နေတဲ့သူပဲ။ ငြိမ်းရဲ့ မလုံ့တလုံပုံစံကို မြင်သွားတော့ရော ထူးပြီး ရင်ခုန်မှာတဲ့လား။ ဝေးပါသေးတယ် အလွမ်း စိတ်ထဲမှာရှိနေတာ မင်းဘုံကိုလေ ငြိမ်းသိတာပေါ့။ ဒါပေမဲ့ ငြိမ်း မနာလို စိတ် သဝန်တိုစိတ် လုံးဝမဝင်မိ။





မင်းဘုံက ဒီလို မိန်းမလျှာကို စိတ်ကူးမတဲ့လား။ ယောကျ်ား အချင်းချင်းဆိုတော့လေ။

"ငြိမ်း အကိတ်ကြီးရောလို့"

ပြန်မရောက်သေးတာ သိပြီးဖြစ်ပေမယ့် တမင်ပင် မသိချင် ဟန်ဆောင်ပြီး မေးလိုက်ခြင်းပါ။

"သူ ဒီည ပြန်မလာဘူးလို့ ဖုန်းဆက်တယ်၊ အလုပ်သမားတွေ ညဆိုင်းဆင်းရတော့ သူပါ ဆိုက်ထဲမှာ အိပ်ရမယ်တဲ့လေ"

ငြိမ်း လေယူလေသိမ်းတွေက အားလျော့နေပုံရသည်။

"ဟယ် ဒါဆို ငြိမ်းတစ်ယောက်ထဲ အိပ်ရမှာပေါ့"

"အင်းလေ"

"အိပ်ရဲလား မအိပ်ရဲရင် အလွမ်း လာအိပ်ပေးမယ်လေ"

"အိပ်တော့ အိပ်ရဲပါတယ် အလွမ်းရယ်"

ပြောရင်းဖြင့် ဇက်ကြောတက်နေဟန်တူသော ငြိမ်းမှာ ဇက်ကို ဘယ်ပြန်ညာပြန် လှည့်ခါလိုက်သည်။

"ငြိမ်း အကြောတွေတက်နေတာလား"

"အင်း စောစောက ဖွေစ်ဘွတ်သုံးတာများသွားလို့ပါ"

"လာ အလွမ်း နှိပ်ပေးမယ်၊ တစ်ကိုယ်လုံးမှာရှိတဲ့ အကြောတွေ လျှော့ပေးမယ်"

"အင်း ကောင်းသားပဲ ဟိုနေ့က ဆိုင်မှာခေါင်းလျှော်ရင်း အလွမ်း နှိပ်ပေးတာခံလို့ကောင်းလိုက်တာ"

"အေးပါ ခု ဒီထက်ပိုကောင်းအောင် နှိပ်ပေးမယ် လာ အိမ်ရှေ့မှာ လှဲအိပ်လိုက်၊ အဲ ဖျာလည်းမရှိဘူး"

"ဖျာမရှိဘူး အလွမ်းရဲ့၊ လာပါ ခုတင်ပေါ်မှာပဲ လှဲလိုက်တော့မယ်လေ နေဦး ငြိမ်း ကော်ဖီဖျော်လိုက်ဦးမယ်"

"လာပါ ဖျော်မနေနဲ့ ငြိမ်းနဲ့စကားတွေအများကြီးဖောင်ဖွဲ့အောင် ပြောရတဲ့အရသာက ကော်ဖီထက်ပိုပြီး အရသာရှိမှာ ငြိမ်းရဲ့ပြီးမှ အလွမ်းကိုယ်တိုင်ဖျော်သောက်တော့မယ်"

"ဒါဆိုလည်း ပြီးရော"

ငြိမ်းကစပြီး ခုတင်ပေါ်တက်ကာ လှဲအိပ်လိုက်သည်။ အလွမ်းစိတ်တွေ လှုပ်ရှားနေသည်။

ကိုယ့်ရှေ့မှာ ဆန့်ဆန့်လေး လှဲအိပ်နေသော ငြိမ်း၏ချစ်စရာကိုယ်ခန္ဓာလေးကို မရဲတရဲ ငေးကြည့်ပြီး ဟန်မပျက်ပင် အနှိပ်သမတစ်ယောက်လို နှိပ်နယ်ပေးလိုက်သည်။

"ဘယ်လိုလဲ ငြိမ်း အလွမ်းလက်ပေါက်ရဲ့လား"

"ပေါက်တယ် အလွမ်းရဲ့ ငြိမ်းတော့ အလွမ်းရဲ့အနှိပ်ကို မကြာမကြာ ခံချင်မိတော့မှာပဲ"

ခြေဖျားကနေစပြီး နှိပ်ပေးလာသော အလွမ်း၏လက်အထိအတွေ့တွေသည် ငြိမ်းအတွက် အညောင်းအညာပြေစေရုံလောက်သော ခံစားမှုတွေကို ပေးစွမ်းနိုင်ခဲ့ပေမယ့် အလွမ်းမှာတော့ နူးညံ့ထွေးအိနေသော ငြိမ်း၏ခြေချောင်းလေးတွေမှအစ အပေါ်ပိုင်း ပေါင်တံတွေအထိပါ





နှိပ်ပေးနေရသည့်အတွက် ကမ္ဘာကြီးကိုပတ်ပြီး ရိုလာကိုစတာစီးနေရသလို ငြိမ့်ခနဲ အေးခနဲ ခံစားနေရတာပါ။ တစ်ခါတစ်ရံ စိတ်တွေကို အစွမ်းကုန် လွှတ်ပေးလိုက်ချင်မိပါရဲ့။

ဒါပေမဲ့ မဖြစ်နိုင်ပါဘူး။ အလွမ်းဘဝကို ဖောက်ထိုးမိုးမျှော်အဖြစ်မခံနိုင်။

အလွမ်းဟာ လူယုတ်မာတစ်ယောက်မှ မဟုတ်တာ။ ဒါ့အပြင် ငြိမ်း၏ခင်မင်မှုနှင့် ရိုးသားမှုတွေကို တဒင်္ဂဖြစ်ပေါ်လာသော ဆန္ဒတွေနှင့် မလဲနိုင်ပါ။

အလွမ်း လူကောင်းပါ။

■ ■ ■

## အခန်း (၁၂)

''ဒီအင်္ကျီက ဘယ်သူ့အင်္ကျီလဲ မင်းဘုံ''

အိမ်ကနေ ထွက်သွားတုန်းက အဝတ်အစားတစ်မျိုး အိမ်ပြန်လာတော့ အဝတ်အစားတစ်မျိုးဖြင့် ပြန်လာသော မင်းဘုံကိုကြည့်ပြီး ငြိမ်း သံသယအမေးဖြင့် မေးသည်။

''ကိုယ့်သူငယ်ချင်းတစ်ယောက်ရဲ့ အင်္ကျီပါ ငြိမ်းရဲ့၊ ရေချိုးပြီး ဝတ်ပြီးသားဝတ်စုံ ပြန်မဝတ်ချင်လို့ ငှားဝတ်လာတာ''

''မင်းဘုံ ပြောတော့ အလုပ်ထဲမှာ အိပ်ရမှာဆို ခု ဘယ်လိုလုပ်ပြီး သူငယ်ချင်းအိမ်ရောက်သွားရတာလဲ''

ချောင်ပိတ်မေးသလို ဖြစ်သွား၍ နေမင်းဘုံ အကျပ်ရိုက်သွားပြီး ငြိမ်းသစ္စာကို မလုံမလဲကြည့်သည်။

''ကိုယ့်သူငယ်ချင်းအိမ်က ဆိုက်နဲ့နည်းနည်းနီးတယ်ကွ၊ ရေချိုးချင်တာနဲ့ သူ့အိမ်ခဏသွားပြီး ချိုးလိုက်တာ၊ သူ့မိန်းမရော သူရော





သဘောအရမ်းကောင်းကြတာ၊ ထမင်းပါကျွေးပြီး အဝတ်အစားပါလဲဖို့ ထုတ်ပေးတော့ ကိုယ်လည်းမငြင်းတော့ဘူး လဲဝတ်လိုက်တော့တာပေါ့''

အကြောင်းပြချက်ပေးလာတော့ ငြိမ်းရင်ထဲက သံသယတွေ ဆက်လက် မကြီးထွားချင်တော့။

''ဒါဆိုလည်း ပြီးရော''

''ညက ကိုယ်လေ ငြိမ်းကို အရမ်းသတိရနေတာကွ အလုပ်ထဲကနေ ပြေးပြီးလာချင်တာ၊ ကိုယ်မရှိရင်လည်း အလုပ်က တာဝန်ခံမယ့်သူ မရှိဘူးလေ၊ အလုပ်သမားတွေက ကြီးကြပ်မယ့်လူရှိမှ အလုပ်ကို အပါးမခိုတာ''

ငြိမ်းလက်ချောင်းလေးတွေကို ဆုပ်ကိုင်ပြီး အလုပ်အကြောင်းတွေ ပြောပြနေသောကြောင့် စိတ်မပါလည်း အလိုက်အထိုက်တော့ နားထောင်ပေးပါသည်။

''ငြိမ်းတစ်ယောက်ထဲ အိပ်လို့မှ ပျော်ရဲ့လား''

ပခုံးကို သိုင်းဖက် နမ်းရှိုက်လိုက်သဖြင့် ငြိမ်း အရှက်သည်းစွာဖြင့် အိမ်ရှေ့ကို လှမ်းကြည့်လိုက်သည်။ အိမ်ရှေ့မျက်စောင်းထိုး အုတ်ကန်တွင် ဦးပြုံးချိုနှင့်ဗေဒင်ဆရာကိုသိဒ္ဓိတို့ ရေတွေတဝုန်းဝုန်းချိုးနေကြသည်။ ငြိမ်းနှင့်မင်းဘုံ ကလူကျီစယ်နေတာကို မြင်ပုံမရ။

''အပြင်ကလူတွေ မြင်ကုန်မယ် မင်းဘုံရဲ့''

''ဟာ မြင်လည်းဘာဖြစ်လဲ ကိုယ့်မိန်းမကိုယ် နမ်းတာပဲ၊ သူတို့မှာတောင် အဲလို နမ်းစရာမိန်းမရှိလို့လား၊ မြင်သွားရင် အားတောင်ကျဦးမှာ''

“အို မြင်စရာလား ရှက်ဖို့ကောင်းတဲ့ကိစ္စကို”

မျက်စောင်းလေးဝေ့ကာ ခပ်တည်တည်လေး ပြောလိုက်သည်။

“ဒါဆိုရင် အိမ်ထဲသွားမယ်ကွာ”

“ထမင်းစားမယ်ဆို ငြိမ်း အိမ်မှာ ဘာမှမစီစဉ်ထားဘူး၊ မင်းဘုံ ပြန်လာမှ အပြင်မှာ ထွက်စားမယ်ဆိုပြီးတော့လေ”

“ခုချိန်မှာ ဗိုက်ဆာတာထက် ချစ်ချင်တာက ပိုပြီးအင်အားကြီးနေတယ် ငြိမ်းရ”

“ဟာ မင်းဘုံနော်”

ပါးကို ဒုတိယအကြိမ် ထပ်ပြီး နမ်းရှိုက်ရင်းပြောလိုက်သော မင်းဘုံစကားကြောင့် ရှက်ဝေ့ဝေ့လေးရယ်ကာ ပခုံးကိုဆတ်ခနဲ ရိုက်လိုက်သည်။

“ရိုက်ရင် ပိုနမ်းတယ်ကွာ”

ငြိမ်းကို ရင်ခွင်ထဲ ဆွဲသွင်းကာ တရှုံ့ရှုံ့ဖြင့် ထပ်နမ်းပြန်သည်။

“အမလေးတော် အကဲပိုနေကြပုံများ နေရာဒေသ မရွေးကြတော့ပါလား”

အိမ်ပေါက်ဝတွင် လာရပ်ပြီးပြောသော အလွှမ်း၏အသံကြောင့် ကိုယ်ချင်းပူးကပ်နေရာမှ ရှက်ကိုးရှက်ကန်းဖြင့် ခွာလိုက်သည်။

ငြိမ်း အရှက်ပြေစေရန် ပြုံးစစဖြင့်

“အလွှမ်း ပြန်လာပြီလား”

“ပြန်လာပါပြီတော်”





လက်ထဲမှ ဖော့ဘူးထည့်ထားသော အိတ်တစ်လုံးကိုင်ပြီး အထဲ ဝင်လာသဖြင့် နေမင်းဘုံ ထိုင်ရာမှထဖို့ ပြင်သည်။ ဒီအခြောက်မနှင့် မျက်နှာချင်းဆိုင် လက်ဆုံစကားမပြောချင်။

လောကမှာ အရှက်သုံးပါးရှိသည်။ ကြိုက်မရှက် ငိုက်မရှက်၊ ထတ်မရှက်ဟူ၍ဖြစ်သည်။ အလွှမ်းသည် ထိုအရှက်သုံးပါးကို လက်ကိုင်ထားသူဆိုက မမှား။ ခုလောလောဆယ်ပဲ မိန်းမရှိသော သူ့အပေါ် ကြိုက်နေသည်မဟုတ်လား။

“ဒါက ဘယ်တုန်း၊ သူများလာမှ ထသွားတယ်ဆိုတော့ ခြေဘာပေ့ါ ဟုတ်လား၊ ဒီကတော့ သူတို့အတွက် ဘဲကင်ဝယ်လာပြီး တကူးကက ဝင်ပေးတဲ့ဟာကို”

ထိုသို့ စကားနာထိုးတော့ ထိုင်ရာမှ ထမလိုဟန်ပြင်နေသော နေမင်းဘုံ ပြန်ထိုင်ရပြန်သည်။

“မဟုတ်ပါဘူး အလွှမ်းရာ ခုမှ ပြန်လာတာလေ၊ ရေလေးဘာလေးချိုးဦးမှာပေ့ါ”

“ဟယ် ရေမချိုးရသေးဘူးလား”

“အင်းလေ ခုမှ ပြန်လာပါတယ်ဆိုမှ”

အလွှမ်းမျက်နှာမှာ ကျေနပ်သော အပြုံးတို့ ထင်ရှားသွားသည်။

“အလွှမ်းလည်း မချိုးရသေးဘူး”

“ဟင်”

နေမင်းဘုံ မျက်လုံးအပြူးသားဖြင့် အလွှမ်းကို ကြည့်လိုက်

သည်။ သူလည်း မချိုးရသေးဘူးဆိုတော့ ဘာလုပ်ဦးမလို့လဲ။ အတူတူ ချိုးမယ်ဆိုသည့် သဘောလား။

"ဒါဆိုရင် ချိုးတော့လေ အလွမ်းလည်းချိုးမှာ"

"အဲ ဘာဆိုင်လဲ ကိုယ့်ဟာကိုယ် ရေချိုးတာ"

"တူတူချိုးမယ်လေဟယ် တကယ်ပဲ ဘယ်လိုဖြစ်လို့ အထိတ်တလန့်ဖြစ်သွားရတာလဲ ဩော် ငြိမ်းရေ ရော့ ငြိမ်း စားချင်တယ်လို့ ပြောသံကြားတာနဲ့ ဝယ်လာတာ ဝအောင်စားနော် အလွမ်း ရေချိုးဖို့ ပြင်လိုက်ဦးမယ်"

မင်းဘုံနှင့်ရေအတူချိုးမည်ဟူသော လောဘစိတ်နှင့်အတူ အခန်းထဲမှ ဆတ်ကော့လတ်ကော့ ထွက်သွား၏။

"ရောဂါ အဲဒါ ရောဂါပဲ"

တညည်းညည်း တညူညူဖြင့် ကျန်ခဲ့သူက မင်းဘုံပင်ဖြစ်သည်။ ဒီအခြောက်မ မလွယ်ဘူး၊ သူနှင့်ပတ်သက်ရဖို့ အခွင့်အရေးကို အမြဲချောင်းနေသည့် လင်တရူးမပင်ဖြစ်သည်။

"ကဲပါ မင်းဘုံရယ် ရေမြန်မြန်ချိုး ငြိမ်းတို့ဒီည အပြင်ထွက်မစားတော့ဘူး၊ အလွမ်း ဝယ်လာတဲ့ ဘဲကင်လေးပဲ စားလိုက်ကြရအောင်"

"မချိုးဘူး မစားဘူး"

မင်းဘုံ ခါးခါးသီးသီး ငြင်းသည်။ ချောချောလှလှမိန်းကလေးဆိုလျှင်တောင် မင်းဘုံအဖို့ ရေအတူချိုးရမည်ဆိုလည်း အားနာပါးနာ





နှင့် ချိုးချင်ချိုးလိုက်ဦးမည်။

ခုတော့ ဒီလို ဟိုမရောက်ဒီမရောက် ယောကျ်ားမကျ မိန်းမကျကြီးနဲ့တော့ ရေအတူမချိုးချင်ပါ။ ရုပ်ကိုက ပြိတ္တာနှင့် ကြိုက်ရှက် ငိုက်မရှက်ရုပ်မျိုး။

"အို ယောကျ်ားအချင်းချင်းပဲ မင်းဘုံရယ်"

"လူကသာ ယောကျ်ား စိတ်ကမိန်းမ၊ သူကိုယ်၌က လင်လိုချင်နေတဲ့အခြောက်မ ငြိမ်းရဲ့၊ သူ ဟိုနေ့က အိမ်သာတက်နေတုန်း ရှုတ်နေတဲ့ ာသာကို ငြိမ်းကမှမကြားပဲ"

ထိုစကားကြောင့် ငြိမ်း စိတ်ဝင်စားသွားဟန်ဖြင့် မျက်ခုံးလေး နစ်ဖက်မသိမသာ မြင့်တက်သွားကာ

"ဟယ် အိမ်သာထဲမှာ ဘာဂါထာရွတ်နေလို့လဲ"

"ဂျင်းစိမ်းနဲ့မိတ်သလင် လင်ပန်းပေါ်တင် ငါ့ရဲ့လင် ဘယ်သူလဲ ကလင် ကလင်တဲ့"

"ဟော့တော်"

ငြိမ်း ကိုယ်လေးတသိမ့်သိမ့်လှုပ်ရမ်းကာ ရယ်သည်။ ရယ်သံ နောသောအသံဖြင့်

"အဲဒါကို မင်းဘုံက ဘယ်လိုကြားလဲ"

"သူက ကိုယ် သန့်စင်ခန်းဝင်မယ့်အချိန်ကို အိမ်ပေါ်ထပ်က ချောင်းနေတဲ့သူနေမှာပေါ့၊ ကိုယ်ဝင်တိုင်း သူနဲ့အမြဲလိုလိုကြုံတယ်၊ ဒီ တော့ အသံတွေက မကြားချင်အဆုံးပဲ တကယ် စိတ်ပျက်ဖို့ကောင်း တယ်"

ငြိမ်း ရယ်ရင်းမှ တွေးဆဆလေးဖြင့်

"ဘဝအကျိုးပေးမကောင်းလို့ ဒီလိုဘဝမျိုးကြီးနဲ့ သူများရှုတ်ချဝေဖန်ကျီစယ်တာကို ခံရတာနေမှာ၊ အလွမ်းသာ ယောကျ်ားလေးလို နေထိုင်ပြုမူလိုက်ရင် တကယ့်ယောကျ်ားပီသတဲ့ ကိုယ်နေဟန်ထားနဲ့ မိန်းကလေးတွေ သဘောကျမယ့်ရုပ်မျိုး မင်းဘုံရဲ့"

ငြိမ်း ပြောသလို အလွမ်းသည် ချောမောသော ရုပ်ရည်ပိုင်ဆိုင်ထားသူတစ်ယောက်ဆိုတာ မင်းဘုံ လက်ခံသည်။ ဒါနှင့်များ ကိုယ့်ဘဝကို ဒီလိုပုံစံနှင့် စတေးဖြစ်တာကတော့ အသိဉာဏ်မဲ့လွန်းသည်ဟု စိတ်ထဲမှ ဝေဖန်ကဲ့ရဲ့လိုက်သည်။

ထိုသို့ ဝေဖန်ကဲ့ရဲ့နေစဉ်မှာပင် အလွမ်း လှေကားပေါ်မှဆင်းလာသော ခြေသံကို ကြားလိုက်ရသည်။

"ဟော လာပြီထင်တယ်၊ ကိုယ် အပြင်ခဏထွက်သွားတယ်လို့ ပြောလိုက် ဒင်းနဲ့တော့ ရေကန်မှာ အတူတူယှဉ်မချိုးပါရစေနဲ့ ငြိမ်းရယ်"

မင်းဘုံ ပြောပြောဆိုဆိုဖြင့် အိပ်ခန်းအတွင်းသို့ ဆွေ့ခနဲ ဝင်သွားသည်။ ကြောက်ခမန်းလိလိ စိတ်လှုပ်ရှားနေသော မင်းဘုံကို ကြည့်ပြီး ငြိမ်း မရယ်ပဲလည်း မနေနိုင်။

အလွမ်းသာ မိန်းမဆိုလျှင်တော့ ငြိမ်းနှင့်အလွမ်းဟာ ကမ္ဘာ ရန်သူတွေတောင် ဖြစ်သွားနိုင်သည်ပဲ။

ခုတော့ လိုမှမလိုတာ။

■ ■ ■



## အခန်း (၁၃)

"ဘယ်လိုလဲ မောင်၊ ဒီညလည်း မောင့်မာမီအိမ်မှာ သွားအိပ်ဦးမှာလား"

"ဟုတ်တယ် မမ၊ ဒယ်ဒီက ခုတစ်လော နေသိပ်မကောင်းတော့ ညရေးညတာ မောင်ရှိမှဖြစ်မှာမို့ မာမီက မောင့်ကို အိမ်မှာပဲ အိပ်ခိုင်းတာ၊ မမ မယုံရင် မာမီ့ကိုဖုန်းဆက်မေးလိုက်လေ"

လက်ထဲမှ ဖုန်းကို လှမ်းပေးလိုက်သည်နှင့် ခင်မမ တီကောင် ဆားတွန့်သလို တွန့်သွားပြီး

"မဆက်ချင်ပါဘူး မောင့်မိဘအိမ်ကို ဖုန်းဆက်ရတာ လကမ္ဘာပေါ်တက်ရတာထက် ပိုခက်တယ်၊ လေကြီးမိုးကြီးတွေ ထန်လွန်းလို့ အဲဒါကြောင့် သွားကိုမပတ်သက်တာ"

နေမင်းဘုံ ပြုံးလိုက်သည်။ ဒီအခြေအနေကို သိလို့လည်း

ခင်မမနိုင်ကို လှည့်ချင်သလို လှည့်နေတာဖြစ်သည်။

"ဒါဆိုရင်လည်း မောင်ပြောတာကို ယုံလိုက်ပါ မမရယ်၊ မောင်က ဖြစ်နိုင်ရင်လေ မမနဲ့သားလေးအနားက တစ်ဖဝါးမှကို မခွာချင်တာ၊ ဒါပေမဲ့ မိဘရဲ့စီးပွားရေးလုပ်ငန်းတွေကိုလည်း မောင် ပစ်ထားလို့မှမရတာ ဒါကြောင့် မမနဲ့သားကို မောင် တင့်တင့်တယ်တယ် ထားနိုင်တာပေါ့"

နေမင်းဘုံ၏အပျော့ဆွဲစကားကို ခင်မမနိုင် ယုံပါသည်။ တစ်လကို အိမ်စရိတ် ဆယ်သိန်းထောက်ပံ့မှတော့ ဘာကိုပူပင်ကြောင့်ကြစရာလိုသလဲ။

နေဖို့စားဖို့ ဝတ်ဖို့အပြင် သုံးချင်သလိုသုံး ဖြုန်းချင်သလိုဖြုန်းခွင့်ရှိသည့်ဘဝမှာ ကိုယ့်ယောကျ်ားအနားမှာ အချိန်ပြည့်မရှိတာလောက်လေးကို ထူးပြီး ပြဿနာမရှာချင်တော့ပါ။

"ဖေဖေ သားကို မြို့ထဲလိုက်ပို့"

ခုန်ပေါက် ပြေးဆော့နေရင်းမှ သားလေး ဝသန် လှမ်းပူဆာသည်။

"သားက မြို့ထဲသွားပြီး ဘာလုပ်မလို့လဲ"

"ကစားကွင်းသွားမယ် သားအတွက် အင်္ကျီလှလှလေးတွေ ဝယ်မယ်၊ ရုပ်ရှင်ကြည့်မယ်"

အရွယ်နှင့်မလိုက်အောင် ဆန္ဒတွေကို ထုတ်ဖော်ပြောပြနေသော သားကိုကြည့်ပြီး နေမင်းဘုံ သနားသွားသည်။ ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်ရှိသော ဖခင်တစ်ယောက်နှယ် သိမ်ငယ်စိတ် ဝင်သွားသည်။





သားအပေါ်မှာ ဖခင်တစ်ယောက်၏တာဝန် မကျေပွန်ခဲ့တာ ကိုယ်သာ အသိဆုံးပါ။

"သားက ပူဆာနေတာကြာပြီ မောင်"

သားဆန္ဒကိုဖြည့်ဆည်းပေးစေချင်သော သဘောဆောင်နေသည်။ ခင်မမနိုင်စကားကြောင့် သားကိုပွေ့ချီနမ်းရှုံ့ကာ

"ဒါဆိုရင် ဒီနေ့ ဖေဖေ ဘယ်မှမသွားဘဲ လိုက်ပို့ရမှာပေါ့"

"တကယ်လား ဖေဖေ"

"တကယ်ပေါ့"

"ဟေး ဒါမှ သားဖေဖေကွ"

သားလေး ပျော်သွားတော့ ခင်မမနိုင်ပါ သားနှင့်အတူ ပျော်သွားသည်။ သူလည်း ဒီလိုအချိန်လေးတွေကို မျှော်လင့်တောင့်တနေတာကြာခဲ့ပြီပဲ။

"ဒါဆို မမတို့သားအမိ ရေချိုးအလှပြင်လိုက်တော့မယ် မောင်တကယ်သွားမှာမဟုတ်လား"

သားကို မောင့်လက်ထဲမှ ပြောင်းခေါ်လိုက်ပြီး ပို၍သေချာစေခြင်း မေးလိုက်သည်။

"တကယ်သွားမှာပါ မမရဲ့"

ခင်မမနိုင်၏ပါးကိုပါ ချစ်စနိုးဆွဲလိမ်ပြီး ပြောလိုက်သည်။

တစ်ခါတစ်ရံ ကိုယ့်အလိုဆန္ဒတွေကိုချည်းပဲ ဖွတ်အတင်း ဖြည့်ဆည်းနေ၍မဖြစ်သေး။ မိသားစု၏အလိုဆန္ဒတွေကိုလည်း ဖြည့်ဆည်းပေးမှ

တရားမျှတမှုရှိမည်မို့။

ဒီနေ့တစ်နေ့တာကို ဖနီးနှင့်သားကို အချိန်ပေးလိုက်တော့မည်။

■ ■ ■

"အလွှမ်းရေ အဲဒီခေါင်း လက်စသတ်ပြီလား"

ခေါင်းလျှော်ပြီး ဖြောင့်စက်ဆွဲပေးနေသော အလွှမ်းအတွက် တစ်လုပ်မပြီးသေး နောက်အော်ဒါက ထပ်ကျပြီ။

"ပြီးတော့မယ် သုံးမိနစ်"

"ဒါဆို ဒီက မမကို နင်တာဝန်ယူလိုက်တော့"

"ဟုတ်ပါပြီ လာ မမရေ ဒီခုံမှာ အဆင်သင့်လေးသာ စောင့်နေ အလွှမ်း ဒီညီမလေးကို လက်စသတ်ပြီးတာနဲ့ မမကိုလုပ်ပေးမယ် အလွှမ်းလက်နဲ့ထိတာနဲ့ အလှနတ်သမီးလေး ဖြစ်သွားစေရမယ်"

"အလှနတ်သမီးလေး မဖြစ်ရင် ငွေလုံးဝရှင်းမသွားဘူးနော် အလွှမ်း"

အလွှမ်း ညွှန်ပြသော လယ်သာထိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီး ခင်မမနိုင်ကလည်း အလွှမ်းကို အတည်ပေါက်ဖြင့် ပြန်နောက်သည်။

"စိတ်ချ ငွေတစ်ပြားမှ ပေးစရာမလိုဘူး"

အလွှမ်းတို့ဆိုင်ကို သုံးလေးခါလာဖူးနေကျမို့ ခင်မမနိုင်နှင့် အလွှမ်းမှာ မျက်မှန်းတန်းမိနေ၏။

"ကဲ မမအလှည့်ရောက်ပါပြီ"

စက်ဆွဲသော တစ်ယောက်ကို ပြီးပြီမို့ ခင်မမနိုင် ထိုင်စောင့်နေ





သော ထိုင်ခုံဘက်ကို အလွှမ်းကူးလိုက်သည်။

"ထုံးစံအတိုင်း ဆံသားပေါင်းတင်ရုံပဲလား"

"ဒီတစ်ခါ ဆေးပါဆိုးမယ် အလွှမ်း"

"အိုကေပါ"

ခွေလိမ်နေသော ဆံစတွေကို ဘီးကြဲဖြင့် အရင်ဆုံးရှင်းပြရ၏။

ထိုစဉ် ခင်မမနိုင်ဆီမှ ဖုန်းလာသည်မို့ လက်ကိုင်အိတ်ထဲမှ န်းကို ထုတ်လိုက်သည်။ ဆံပင်ဖြီးသင်နေသော အလွှမ်းအကြည့်က န်းဆီသို့ ရောက်သွားသည်။

မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားသည်။ ကာဗာဝေါပေါ် င်ထားသော မိသားစုဓါတ်ပုံလေးကြောင့်ဖြစ်သည်။

"မောင်ရေ မမ အခု အလှပြင်ဆိုင်ရောက်နေတယ် မောင်ရော ဘယ်မှာလဲ"

အလွှမ်း အလုပ်ထဲမှာ စိတ်မပါတော့ဘဲ ဘာပြောမလဲဟု နား ှင့်လိုက်သည်။ စိတ်ထဲမှလည်း ဘုရား ဘုရား မဟုတ်ပါစေနဲ့ဟုသာ တောင်းနေမိသည်။

"သားကို ကျောင်းပို့ပြီးမှ လာတာပေါ့ မောင်ရဲ့၊ ဒီညတော့ မ်ကို ပြန်ခဲ့ဦး မောင်၊ သား နေသိပ်မကောင်းချင်ဘူး၊ ကိုယ် နည်း ည်းနွေးနေတယ် မောင်ရဲ့"

ဖွဲ့ကာနွဲ့ကာ ပြောနေသော ခင်မမနိုင်၏စကားရေယာဉ်ကြော အမျှင်မပြတ်။

"မောင် ပြန်မလာတာ သုံးရက်ရှိပြီလေ၊ သားက မေးနေပြီပေါ့၊ ဒါပဲမောင် မမ ဖုန်းချလိုက်မယ်"

စကား လက်စသတ်ပြီး ခင်မမနိုင် ဖုန်းပိတ်လိုက်သည်နှင့်

"မမတို့ မိသားစုပုံလားဟင်"

မအောင့်အီးနိုင်ပဲ စပ်စုလိုက်သည်။

"ဟုတ်တယ် အလွမ်း"

"ပြပါဦး မိသားစုပုံလေးက မြင်ရတာ ငြိမ်းချမ်းလိုက်တာ"

ရင်ထဲက ခံစားမှုနှင့် ဆန့်ကျင်စွာဖြင့် ပိုပိုသာသာ ပြောလိုက်သည်။ ရင်ထဲမှာတော့ ငြိမ်းကို သနားလိုက်တာ။

သေချာပါပြီ ဖုန်းထဲမှ ကလေးကို ချီပိုးထားသောသူမှာ နေမင်းဘုံမှ နေမင်းဘုံ စစ်စစ်။ အလွမ်းမျက်စိဘယ်လိုမှ မမှားနိုင်။

■ ■ ■



## အခန်း (၁၄)

"ငြိမ်း မင်းဘုံ ပြန်မလာသေးဘူးလား"

ဆိုင်မှပြန်လာလာချင်း အိမ်ပေါက်ဝတွင် ထွက်ရပ်နေသော ငြိမ်းကို အရင်ဆုံး လှမ်းမေးလိုက်သည်။

"ဒီည ပြန်မလာဘူးလို့ ခုပဲ ဖုန်းဆက်တယ်"

"သြော်"

အလွမ်း ဘာပြန်ပြောရမှန်းပင် မသိတော့။ ငြိမ်းကိုပဲ စိတ်ထဲက သနားနေမိတော့သည်။

"အလွမ်းရော ဒီနေ့ ပြန်လာတာ နည်းနည်းနောက်ကျတယ်နော်"

"အင်း ဟုတ်တယ် ဆိုင်မှာ ဒီနေ့လူနည်းနည်းကျတယ်လေ၊ ...နဲ့ ငြိမ်း ထမင်းစားပြီးပြီလား"

"ဟင့်အင်း နေသိပ်မကောင်းတာနဲ့ မစားတော့ဘူးလို့နေမလို့ ခုပဲ ဆေးခန်းသွားတော့မှာ"

အလွမ်း ငြိမ်းတို့အိမ်ရှေ့ခန်းမှာ ချိတ်ထားသောနာရီကို လှမ်းကြည့်လိုက်သည်။ ရှစ်နာရီထိုးပြီ ဒီအချိန် ငြိမ်းတစ်ယောက်ထဲ ဆေးခန်းသွား၍ မဖြစ်နိုင်။

"ဟယ် မဟုတ်သေးပါဘူး၊ ဒီလောက် မိုးချုပ်နေတာ တစ်ယောက်ထဲ ဘယ်လိုသွားမလဲ ဆိုင်ကယ်ကယ်ရီဂိတ်ကကောင်တွေ အကြိုက်တွေ့တော့မှာပဲ"

ထိုစကားကြောင့် ငြိမ်း မျက်ဝန်းဝိုင်းလေးဖြင့် မော့ကြည့်သည်။

"ဘာဖြစ်လို့လဲဟင်"

"ကဲပါ မေးမနေနဲ့ ငြိမ်းနဲ့အတူ အလွမ်းအဖော်လိုက်ပေးမယ်"

"ရပါတယ်"

"ဟယ် ဒီလူနဲ့ဒီလူ အားနာစရာလား ငြိမ်းနော် အလွမ်းက ငြိမ်းရဲ့သူငယ်ချင်းပါ၊ ငြိမ်းတစ်ယောက်ထဲ သွားရင် အကောင်တွေ ဝိုင်းရှိတ်မှာကို မနာလိုပါဘူး၊ အလွမ်းလည်း အရှိတ်ခံချင်တာပေါ့လို့ ငြိမ်းလိုမိန်းမလှလေးအနားမှာပါရင် အလွမ်းပါရောပြီး ရှိတ်ခံရအောင်လေ ခစ်ခစ်"

ယောက်ျားတွေနှင့်ပတ်သက်လျှင် ဖျတ်ဖျတ်လူးနေအောင် ခံစားတတ်သော အလွမ်းကိုကြည့်ပြီး ငြိမ်းတစ်ယောက် အံ့သြ၍မဆုံးတော့သလို ရယ်လည်းရယ်ချင်ပါသည်။





အလွမ်းဟာ သူ့ကိုယ်သူ တကယ့်မိန်းကလေးစစ်စစ်ဟု လုံးဝ ုံကြည်လိုက်ပုံရသည်။

"ကဲလာ ဆေးခန်းက ကိုးနာရီဆိုရင် ပိတ်တာ"

ငြိမ်း၏လက်ကိုဆွဲပြီး ဆေးခန်းသွားဖို့ ခေါ်နေသည်မို့ ငြိမ်း ငြင်းတော့။ အလွမ်း ငြိမ်းလက်ကို ကိုင်ပြီးမှ အလန့်တကြားဖြင့်

"ဟော့တော် ဘုရားရေ ကိုယ်တွေ တအားပူနေတာပဲ"

ခုမှပင် ငြိမ်းကို သေချာကြည့်မိသည်။ မီးရောင်အောက်တွင် ငြိမ်း မျက်နှာသည် သွေးမရှိသူလို ဖြူဆုတ်၍နေသည်။

ငြိမ်း ထိုသို့ဖြစ်လေ အလွမ်းစိတ်ထဲ ဒေါသဖြစ်မိသူက နေမင်း ဘုံပါပဲ။

အိမ်တံခါးပိတ်နေသော ငြိမ်းကို ပြောပြလျှင်ကောင်းမလားဟု အတွေးဝင်မိပေမယ့် ငြိမ်းခမျာနေမကောင်းရသည့်ကြားထဲ ဒီသတင်းဆိုး ကြီးကိုကြားလျှင် ပို၍ စိတ်ထိခိုက်သွားပေလိမ့်မည်။

"အလွမ်း လာလေ"

အတွေးလွန်နေသော အလွမ်း လက်တို့ပြီးခေါ်မှ သတိပြန်ကပ်သော့သည်။

"ဩော် မြီးပြီလား သွားမယ် သွားမယ်"

ငြိမ်းရှေ့မှာ ဟန်မပျက်နေရဦးမှာမို့ ထိုကိစ္စကို ဖွင့်မပြောမိအောင် နှုတ်ငြိမ်မှဖြစ်မည်။

"အလွမ်း မီးတွေပျက်သွားပြီ"

လူသွားလမ်းမပေါ်ရောက်မှ ဆင်ခြေဖုံးရပ်ကွက်၏ရိုးရာမပျက်သော မီးမှာ ခပ်မှိန်မှိန်လင်းနေရာမှ ဖျတ်ခနဲ ပျက်သွားတော့သည်။

တစ်လမ်းလုံး မှောင်မည်းနေသည်မို့ ငြိမ်းမှာ အားကိုးတကြီးဖြင့် အလွမ်း၏လက်ကို ဆုပ်ကိုင်လိုက်သည်။

"ခါတိုင်းမီးယူခဲ့ရင်ကောင်းသားဟယ်၊ ဒီမီးကတော့ ငြိမ်း နေမကောင်းပါဘူးဆိုမှပဲ ပျက်ရတယ်လို့"

မကျေမနပ် ဗျစ်တောက်ဗျစ်တောက် ပြောရင်း ဖုန်းကိုဖွင့်လိုက်ပြီး ဖုန်းအလင်းရောင်ဖြင့် လမ်းမပေါ်မှ ချိုင့်ခွက်တွေကို နှစ်ယောက်သားရှောင်ကွင်းပြီး ဆေးခန်းကို ရောက်အောင်သွားကြရသည်။

ငြိမ်းက အမှောင်လမ်းပေါ်မှာ ဆေးခန်းသွားနေသော အချိန်တွင် နေမင်းဘုံကတော့ သူ့မိန်းမ သူ့သားနှင့် ကောင်းကောင်းငြိမ့်နေလောက်ပြီပေါ့။

ယောကျ်ားတွေသစ္စာမရှိပုံများ ကိုယ့်မှာ သားနှင့်မယားနှင့်ရှိတာကိုများ ငြိမ်းလို နုနုဖတ်ဖတ် အပျိုချောလေးကို ထပ်ယူစရာလား။

ခုတော့ ငြိမ်းခမျာ သောကပင်လယ်တွေ ပွေပြီး လင်ပူမိရဦးတော့မှာ မြင်ယောင်ရင်း ရင်ထဲမှာ မချိလိုက်တာ။

ရင်ထဲမှာ သနားစိတ်နှင့်အတူ ငြိမ်းလက်ကို ခပ်တင်းတင်းဆုပ်ကိုင်လိုက်သည်။

အားပေးတဲ့ သဘောပေါ့။

■ ■ ■



## အခန်း (၁၅)

ဆေးခန်းသွားခဲ့ကြပေမယ့် ဆေးခန်းပိတ်သွားပြီမို့ နီးစပ်ရာဆေးဆိုင်မှ လိုအပ်သည့်ဆေးကိုပဲ ဝယ်ပြီး အလွမ်းနှင့် ငြိမ်း ပြန်ခဲ့ကြသည်။

"အလွမ်း ဆိုက်ကားနဲ့ပြန်ကြရအောင်"

ငြိမ်းအသံတို့သည် နေမကောင်းသဖြင့် တိုးဖျော့၍နေ၏။

"အင်း အလွမ်းလည်း အဲဒါကို ကြည့်နေတာ၊ တကယ်ပါပဲဟယ် ဒီနေ့ကျမှ ဆိုက်ကားဆရာတွေ ဘယ်မှာသွားသေနေကြလဲ မသိပါဘူး၊ တစ်စီးမှကို မရှိကြဘူး"

ငြိမ်းအပေါ် စိုးရိမ်လွန်ကဲသည့်စိတ်ကြောင့် စကားလုံးတွေခင့်သီးသွားသည်။

ဆင်ခြေဖုံးလက်လုပ်လက်စား ရပ်ကွက်ပေမယ့် ညရှစ်နာရီကျော်လျှင် ဆိတ်ငြိမ်ရပ်ကွက်လို တိတ်ဆိတ်နေတတ်တာ အလွမ်းတို့

ရပ်ကွက်ကလေးရဲ့အထာပါ။

''ဟေး ဘယ်လဲ လိုက်ပို့ပေးမယ် တက်လေ''

ကိုယ်ပိုင်ကားလေးတစ်စီး အလွှမ်းတို့ဘေး ထိုးရပ်လာသည်။ ကားထဲတွင် အလွှမ်းတို့နှင့်ရွယ်တူကောင် သုံးကောင် ဘီယာနံ့က တထောင်းထောင်းထနေ၏။

ကားမောင်းသူမှာ ငြိမ်းကို ယမကာနီးတွေဝေနေသောအကြည့်ဖြင့် စူးစိုက်၍ကြည့်သည်။ ကျန်နှစ်ယောက်က ကားပေါ်ကဆင်းလာပြီး တစ်ယောက်က အလွှမ်း၏ဆံပင်ခွေခွေတွေကို တို့ထိကာ ဇာတ်လမ်းစသည်။ နောက်တစ်ယောက်က မအောင့်အီးနိုင်၍ လမ်းဘေးပြေးဆင်းကာ ငုတ်တိုင်ထိုင် အန်ပေါ့သွား၏။

''ဟဲ့ နင်တို့ ကိုယ့်လမ်းကိုယ်သွားကြစမ်း''

အလွှမ်း ဒီကောင်တွေကို ပြန်မငြူနိုင်သေး၊ ကိုယ့်တစ်ယောက်ထဲဆိုလျှင် အပျင်းပြေ ဇာတ်လမ်းလေးလုပ်လိုက်လို့ရသည်။ ခုဟာက ငြိမ်းကဘေးမှာပါနေသည်။ ငြိမ်းကိုကာကွယ်ရမှာ သူ့တာဝန်ဖြစ်သည်။

''ဟာ ငါက မိန်းကလေးမှတ်လို့ အခြောက်ကြီးဟ''

သြရှရှနဲ့တဲ့တဲ့အသံကြောင့် ထိုလူမှာ နောက်သို့ ခြေတစ်လှမ်းဆုတ်သွားပြီး ငြိမ်းကိုပါ ခြေဆုံးခေါင်းဆုံး ကြည့်သည်။

''မင်းလေးကရော အခြောက်ကြီးပဲလား ဟဲ ဟဲ ဟုတ်တော့မဟုတ်လောက်ပါဘူး လည်တိုင်လေးက ကျော့ရှင်းနေတာပဲ၊ နှုတ်ခမ်းလေးတွေကလည်း ပိတ်နမ်းပစ်ချင်စရာ ဖူးဖူးရွရွလေး''





''ရှင်တို့ ကိုယ့်လမ်းကိုယ်သွားကြနော် ရဲစခန်း ဖုန်းဆက်လိုက်မှာ''

ငြိမ်း အသံတုန်အက်အက်လေးဖြင့် သတ္တိတွေထုတ်ပြရှာသည်။

''ဖုန်းဆက်လိုက်ရမလား ဟား ဟား အဲဒါ သီချင်းလည်း ရှိဘယ်''

''ဟေ့ကောင် မင်းကလည်းကွာ တွေ့တဲ့နေရာမှာ ကျောက်ရှူးသဖွဲ့ပဲတတ်တယ်၊ ဒီက ညီမလေး အစ်ကိုတောင်းပန်တယ်ကွာ၊ ဒီကောင်ရေချိန်လွန်နေလို့ ပေါက်ကရလျှောက်ပြောနေတာ၊ လာ ကားပေါ်တက် ဘယ်သွားမလဲ လိုက်ပို့ပေးမယ်''

ကားမောင်းသူက လေပြည်နှင့်ဝင်ရောသည်။ အလွှမ်း ငြိမ်းသက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး

''သချိုင်းကုန်း''

ခပ်ကျယ်ကျယ် ပြောလိုက်သော အလွှမ်းစကားကြောင့် ကားမောင်းသူမှာ အလွှမ်းကို ဘုကြည့်ကြည့်ကာ

''ဟဲ့ကောင် အခြောက်မ ငါမေးတာ နင့်ကိုမဟုတ်ဘူး နင့်ါးစပ်ပိတ်''

''မပိတ်နိုင်ဘူး ပိတ်ရမှာ နင်တို့ရဲ့အဝှာတွေကိုဟဲ့ မိန်းမမြင်ိုင်း ငမ်းကြောထချင်ကြတဲ့ကောင်တွေ ကာလနာ သေချင်းဆိုး မွှေပွေးာက်တွေ''

အလွှမ်းလည်း ပြန်ကြမ်းတော့သည်။

"ဟဲ့ကောင်မ နင့်အပေါက်ပိတ်တော့ ကဲ လာ ညီမ ဒီအခြေ
မနဲ့ဆို ညီမ အေကိုက်လိမ့်မယ်၊ အစ်ကိုတို့က သန့်တယ် ညီမ မနစ်န
စေရဘူး"

သေးပေါက်ပြီး ပြန်ထလာသောကောင်မှာ ဘောင်းဘီဇစ်က
ဆွဲတင်ပြီး ငြိမ်း၏လက်ကို အတင်းအဓမ္မ ဆွဲတော့သည်။

"အို လွှတ် လွှတ်နော် အလွမ်း လုပ်ပါဦး ငြိမ်း ကြောက
တယ်"

"ဟဲ့အကောင်တွေ နင့်ကိုလွှတ်လိုက်နော် ငါ့ကိုအခြောက်ဆ
ပြီး အထင်မသေးနဲ့ ငါလုပ်ရင် အားလုံးမသာပေါ်ကုန်တော့မယ်၊ ကြာ
လီကောင်တွေရဲ့"

အလွမ်းကလည်း ငြိမ်းကို ပြန်ဆွဲသည်။ မရ။ ဒီတော့ အလွမ်
ဒေါသတွေသည် ဘယ်လိုမှ ထိန်းချုပ်မရတော့ ချွန်မြနေသော ဒေါက်
ဖိနပ်ကိုချွတ်ကာ

"ဒေါက်"

"ဒေါက်"

"အာ့"

ငြိမ်း၏လက်ကိုဆွဲနေသော အကောင်၏ငယ်ထိပ်ကို အားကုန်
ခေါက်ချလိုက်သည်။

တစ်ယောက်ခံသွားရ၍ ကားမောင်းသူရော ကျန်တစ်ယောက်
ရော အလွမ်းကို ဝိုင်းချုပ်ကြသည်။ ငယ်ထိပ်အခေါက်ခံရသူမှာ အလွမ်း





လက်တုန့်ပြန်ရန် ရှေ့သို့ အငြိုးတကြီး တိုးလာ၏။

အလွမ်း ထူပူသွားသည်။ သူတို့က သုံးယောက် အလွမ်းက
တစ်ယောက် ဘယ်လိုမှ ခုခံနိုင်မည် မဟုတ်။

"အောင်မလေး လာကြပါဦး ဒီမှာ အကောင်သုံးကောင် ကျွန်မ
မုဒိမ်းကျင့်နေပါတယ် အ သေပါပြီ လုပ်ကြပါဦး ကယ်ကြပါဦးရှင်"

အလွမ်း ကျုံး၍အော်ဟစ်တော့သည်။ ရုတ်တရက် အော်လိုက်
ကြောင့် အလွမ်းကို ထိုးဖို့ရွယ်နေသောလက်သီးမှာ လေထဲတွင် တန့်
သွားပြီး

"ဟဲ့ နင့်ကိုငါတို့ မုဒိမ်းဘယ်မှာကျင့်လို့လဲ တန်ရာတန်ရာ
ပြောစမ်း"

"အောင်မလေး ဒီနားမှာ ဘယ်သူမှ မရှိကြတော့ဘူးလား
ကျွန်မကို သုံးယောက်ဝိုင်းဆော်နေကြလို့ပါ လာကြပါဦး"

အလွမ်းကတော့မမှု၊ အာခေါင်ကွဲမတတ်ကို ထပ်ပြီးအော်သည်။
ငြိမ်းမှာ ကြောက်လွန်း၍ ငုတ်တုတ်မေ့မတတ်။

ထိုလူသုံးယောက်မှာ ခပ်လှမ်းလှမ်းတွင် ကားနှစ်စီး၏မီးရောင်
တွေ့လိုက်သည်နှင့် အလွမ်းကိုချုပ်ထားသော လက်တွေကိုလွှတ်လိုက်
ပြီး

"ကောင်မစုတ် အဲ အခြောက်စုတ် ဒီတစ်ခါတော့ နင့်ကို
လွှတ်ပေးလိုက်မယ် နောက်တစ်ခါ ငါတို့ကားနဲ့ နင့်ကိုလမ်းမှာတွေ့လို့
ကတော့ ကားနဲ့ကို အပြီးတိုက်သတ်ပစ်မယ်"

"ပေ့ကောင် ကားပေါ်မြန်မြန်တက် လာနေတာ လိုင်းကားကျ ငါတို့သုံးယောက်အစရှာရမှာမဟုတ်တော့ဘဲ ဖြစ်သွားမယ်၊ အရစ်ရှည် မနေနဲ့ မြန်မြန်တက် လစ်သွားတဲ့မှပဲ"

အကောင်သုံးကောင် ကြောက်ကြောက်နှင့် ကားပေါ်သုတ်ခ တက်ကာ ဂူးခနဲ မောင်းထွက်သွားတော့၏။

ခုမှပင် အလွမ်းအသက်ကို ပုံမှန်ပြန်ရှူရဲတော့၏။ ငြိမ်းကို ကြည့်လိုက်တော့ ငြိမ်းစိတ်နှင့်ကိုယ်နှင့် မကပ်သူလို ကြောင်စိစိလေး ရပ်နေ၏။

"ဟဲ့အကောင်တွေ ဂန့်ကြောက်တွေ ပြေးပြီ တွေ့လား ငြိမ်း ဒီကောင်တွေ အလွမ်းကို မယှဉ်နိုင်ပါဘူး၊ မိန်းမမာယာ သဲကိုးဖြာတဲ့ အပဲ အလွမ်းက ကိုးဖြာတောင်မကဘူး အဖြာသုံးဆယ်စာလောက် လက်စွမ်းပြလိုက်တာ ပြေးပြီ၊ ပါးရိုက်ရင်တောင် အလွမ်း လက်နာတာ အဖတ်တင်မယ် ငြိမ်းရဲ့ ခိ ခိ လာ အိမ်မြန်မြန်ပြန်ကြမယ်"

အလွမ်းရော ငြိမ်းရော အိမ်ကို ခပ်သုတ်သုတ်ပြန်ခဲ့လိုက်ကြ သည်။ လမ်းတစ်လျှောက်လုံး ငြိမ်းခမျာ ကြောက်လွန်း၍ထင်သည် အလွမ်း၏လက်ကို မလွှတ်တမ်း ဆုပ်ကိုင်ထား၏။

အလွမ်းကလည်း ပူနွေးရှိန်းမြနေသော ငြိမ်း၏လက်ကို အား ပေးသည့်အနေဖြင့် ခပ်တင်းတင်းပြန်လည်၍ ဆုပ်ကိုင်ထားလိုက်သည်

"ငြိမ်း ဘာမှမကြောက်နဲ့တော့ ငြိမ်းဘေးမှာ အလွမ်းတစ် ယောက်လုံးရှိတယ် သိလား"

■ ■ ■





အိမ်ပြန်ရောက်သည့်တိုင် ငြိမ်း ကြောက်စိတ်တွေမပြယ်သလို ကိုယ် ပူရှိန်တွေလည်း ပိုမြင့်လာသည်။ တစ်ကိုယ်လုံး နှံးခွေ၍နေ၏။

အလွမ်း အိုဗာတင်းဖျော်ကာ ဆေးဆိုင်မှဝယ်လာသော ဆေး ကို ယူပြီး ငြိမ်းကိုတိုက်သည်။

"ငြိမ်း ဒီဆေးလေးသောက်ပြီး အိပ်လိုက်တော့နော်"

"အလွမ်းကို ကျေးဇူးတင်ပါတယ်"

"ဟယ် အလွမ်းကို ကျေးဇူးတင်စရာလား စိတ်ဆိုးတယ်နော် သူငယ်ချင်းပါဆို"

"အင်းပါ အလွမ်းဟာ ငြိမ်းရဲ့ထာဝရ သူငယ်ချင်းအဖြစ် ငြိမ်း င်ထဲမှာ အမြဲထည့်ထားပါ့မယ်"

"တကယ်နော်"

"တကယ်ပေါ့"

"ဒါဆို ရိုက်လိုက်ပါဦး"

ဖျားနေပါတယ်ဆိုမှ လက်ဝါးချင်းက ရိုက်ချင်နေသေးသည်မို့ အားမရှိတဲ့ကြားက အလွမ်းစိတ်ကျေနပ်အောင် လက်ဝါးချင်း ရိုက်ပေး ဲ့ိုက်ရသေးသည်။

"ဒီည ငြိမ်းကို စောင့်ပေးမှဖြစ်မယ်"

"ရပါတယ်"

"ရပါတယ် မလုပ်နဲ့ ငြိမ်းရယ်၊ မီးခဲလို ကိုယ်တွေခြစ်ခြစ် ောက်ပူနေတဲ့ ငြိမ်းကို ထားခဲ့ပြီး အလွမ်းက ကိုယ့်အခန်းပြန်ပြီး

အိပ်မောကျရမှာလား၊ အလွမ်းမှာ အဲလိုစိတ်မမွေးနိုင်ဘူး သိလား''

''ငြိမ်းက အလွမ်းအိပ်ရေးပျက်မှာစိုးလို့ပါ''

''ရတယ် အလွမ်းက အပေါ်က အိပ်ရာသွားယူပြီး အိမ်ရှေ့ ခန်းမှာ စောင့်အိပ်မယ်လေ''

အလွမ်း အိပ်ပေးမည်ဆို၍ ငြိမ်း အားတက်သွားမိတာတော့ အမှန်ပါ။

အဖျားတွေ အရမ်းတက်နေရင်းမှ မင်းဘုံကို စိတ်ထဲက တမ်းတ မိလိုက်သေးသည်။ ဖုန်းဆက်ဖို့ စိတ်ကူးလိုက်ပေမယ့် ငြိမ်း ဖုန်းဆက် ဖို့ပင် အင်အားမရှိလောက်အောင် အရုပ်ကြိုးပြတ် ဖြစ်၍နေသည်။

အနားမှာ အလွမ်းရှိနေပေး၍သာ စိတ်ကိုအားတင်းထားရခြင်း ဖြစ်သည်။

မင်းဘုံရယ် ငြိမ်း အရမ်းငိုချင်နေတယ်။

■ ■ ■



## အခန်း (၁၆)

လူမှန်းမသိအောင် တဆတ်ဆတ်တုန်ခိုက်ပြီး အဖျားကြီးနေ သော ငြိမ်းကိုကြည့်ပြီး အလွမ်း ဘာလုပ်၍ဘာကိုင်ရမှန်းမသိတော့။

''ဒုက္ခပါပဲ ငြိမ်း ကိုယ်တွေတအားကို ပူနေတာပဲ''

ကိုယ်ပူအားကြီး၍ တညည်းညည်း တညူညူ ဖြစ်နေရှာသည့် ငြိမ်းကိုကြည့်ပြီး အလွမ်း ခြေမကိုက်မိလက်မကိုင်မိ ဖြစ်နေရသည်။

ဘေးအိမ်တွေကို တံခါးခေါက် အကူအညီတောင်းရင် ကောင်း မလားဟု အတွေးရောက်သွားသေးသည်။ သို့သော် လူသိတာပဲ အဖတ် တင်မည် သူတို့က ဘာများလုပ်ပေးနိုင်မှာမို့လဲ။

အဖျားမြန်မြန်ကျအောင် တစ်ကိုယ်လုံးကို ရေပတ်တိုက်ပေးမှ ဖြစ်တော့မည်မို့ ရေဇလုံတစ်ခုထဲသို့ ရေခဲသေတ္တာထဲမှ ရေခဲရည်ပုလင်း

ကို ထုတ်ပြီး ထည့်လိုက်သည်။ အဝတ်တစ်ထည်ယူပြီး အလွမ်း တွေ တွေကြီးရပ်ကာ ကြည့်နေမိသည်။

ရေပတ်တိုက်တယ်ဆိုတာ မျက်နှာလေး လက်ကလေးတိုက်ရုံ နှင့်မပြီး။ ခန္ဓာကိုယ်အတွင်းပိုင်း အပူခိုအောင်းတတ်သည့်နေရာတွေကို တိုက်ပေးရတာ ဖြစ်သည်။ ပြီးလျှင် စအိုပေါက်မှ ဒုံးကျည်သွင်းရ၏ အလွမ်း လုပ်ပေး၍သင့်တော်ပါ့မလား။

ရေခဲရည်ဇလုံကိုင်ပြီး ရေ့ထွက်လိုက် နောက်လျှောက်လိုက်လုပ် နေသော အလွမ်း စိတ်တွေ ဂနာမငြိမ် ဖြစ်နေသည်။

ငြိမ်း၏ညည်းညူသံ ခပ်ဖျော့ဖျော့ကလည်း ရောဂါသည်းနေ ကြောင်း သက်သေပြနှင့်နေပြီ။ ရေပတ်မတိုက်ပေးလျှင် ငြိမ်း ပို၍ဆိုး သွားနိုင်သည်။

ဟင် ခုချိန်မှာ ငြိမ်း ဝေဒနာသက်သာဖို့က ပိုအရေးကြီးတာ ငါ ဘာတွေလျှောက်တွေးနေတာပါလိမ့်။ အဓိကက ငြိမ်းအဖျားကျသွား ဖို့ပဲ။

အလွမ်းတုန်းကတော့ ကိုယ်က တစ်ကိုယ်တည်းသမားဆိုတော့ ကိုယ်ပူကြီးလျှင် ရေပတ်တိုက် ပြီးလျှင် ပါရာစီတမောလ်အတောင့်ကို စအိုထဲ ကိုယ့်ဖာသာကိုယ် ထည့်လိုက်တာပင်။

ခုတော့ ငြိမ်းကို အလွမ်းမှ မလုပ်ပေးလျှင် ဘယ်သူလုပ်ပေး မလဲ။

ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချပြီး အလွမ်းတစ်ယောက် ငြိမ်း





ဘေးမှာ ဝင်ထိုင်ပြီး ရေပတ်တိုက်ပေးသောအလုပ်ကို စတင်လုပ်ဆောင် တော့သည်။

အလွမ်း၏လက်တွေသည် အင်္ကျီကြယ်သီးတွေတစ်လုံးချင်း ဖြုတ်နေရင်း လက်တွေတဆတ်ဆတ်တုန်နေသည်။ ရင်တွေကပါ တလှပ် လှပ်လိုက်တုန်၍လာသည်။

စနစ်တကျလုပ်ဆောင်ချက်တိုင်းအပေါ် ခံစားမှုတွေကလည်း ခြင်္သေ့ခန်သံတွေလို ဆူညံစွာပေါက်ကွဲထွက်တော့မည့်အလား။

ညလူခြေတိတ်ချိန်မှာ ကိုယ့်နှလုံးခုန်သံကို ကိုယ်အတိုင်းသား ကြားနေ၍နေသည်။

ထိုညကျမှ ဘေးခန်းတွေထံမှ ဟောက်သံတွေလည်း မကြား တော့ပါ။ အရာအားလုံးက တိတ်ဆိတ်ငြိမ်သက်စွာ အလွမ်း၏လုပ် ဆောင်ချက်တွေကို တညီတညွတ်ထဲ စောင့်ကြည့်နေကြသလားပင် ထင်ရ သည်။

ငြိမ်း၏အလှတရားတချို့ကို လှိုက်မောရင်ခုန်စွာ ငေးမောနေ သော အလွမ်းသည် အပမျှားမှီနေသလားဟု ထင်ရအောင် စိတ်နှင့်လူ ကပ် မကပ်တော့။

အသိတရားတွေသည် အလွမ်း၏ဆန္ဒတွေကို မချုပ်တည်းနိုင် တော့သလို ခံစားချက်တွေကို အကောင်အထည်ဖော်ပစ်လိုက်ဖို့ တွန်း အားပေးနေ၏။ တရှိန်ရှိန်ထနေသော ငြိမ်း၏မျက်နှာနှင့် ရင်ညွန့်အနံ့ ကို အသိကင်းမဲ့စွာ နမ်းရှိုက်လိုက်သည်။ ထိုမှတစ်ဆင့် လောဘရမ္မက်က

ပို၍ကြီးထွားလာကာ အနမ်းတွေသည် အရှိန်သတ်၍မရတော့။

ရင်ညွန့်မှနေ၍ တခြား တခြားသော။

အလွမ်း ဗီလိန်တစ်ကောင် ဖြစ်သွားပြီ ငြိမ်းရေ။

"အဟင်း ဟင်း မင်းဘုံ ရှင်ပြန်လာတယ်နော် ငြိမ်း ငြိမ်းကို ဖက်ထားပါ ငြိမ်း ကြောက်တယ် ကြောက်တယ်"

ကယောင်ကတမ်း ထွက်ပေါ်လာသော ငြိမ်းကိုကြည့်ပြီး အလွမ်း ငြိမ်းကို လွတ်ထွက်မတတ် ဖက်တွယ်ထားမိလိုက်ပါတော့သည်။

■ ■ ■

"အလွမ်း"

တိုးဖျော့သောအသံတိုးတိုး၏ လှုပ်နိုးခေါ်သံကြောင့် ငြိမ်းဘေး တွင် ငုတ်တုတ်အိပ်ပျော်နေသော အလွမ်း အိပ်မှုံစုံမွှားဖြင့် မျက်လုံး ပွင့်လာ၏။

"ငြိမ်း သက် သက်သာသွားပြီလား"

ညက ကျူးလွန်ခဲ့မိသောအမှားတွေကို စိတ်ရှိသိုင်းဝန်ချ တောင်း ပန်ချင်ပေမယ့် အလွမ်း ထိုမျှလောက် ရဲစွမ်းသတ္တိနှင့်မပြည့်စုံသေး။

"အင်း သက်သာသွားပြီ အလွမ်းရဲ့၊ အလွမ်းကရော တခြား နေရာသွားမအိပ်ဘဲ ခုတင်စောင်းပေါ်မေးတင်ပြီး အိပ်ရတယ်လို့ ငြိမ်း ကြောင့် အလွမ်းပါ ဒုက္ခများရပြီ"

အားနာသံစွက်နေသော ငြိမ်း၏အသံသည် ဘာမှကို မ လိုက် မပေးဆပ်လိုက်ရသူနှယ်။ ပကာတိဖြူစင်ရိုးသားနေ၏။





"ဒုက္ခများတယ်လို့ မထင်ပါဘူး ငြိမ်းရာ၊ အလွမ်းက ငြိမ်း အတွက် စိတ်တွေပူနေတာပါ၊ မှန်းစမ်း အဲ ကိုယ်ပူတော့ ကျသွားပြီပဲ ဒုံးကျည်အစွမ်းက ကောင်းသား"

အလွမ်းနှုတ်မှ လွှတ်ခနဲ ထွက်သွားသော အကြောင်းအရာ သည် ငြိမ်းအတွက်တော့ အရှက်သည်းစေသည်။ ငြိမ်း သူ့ကိုယ်ပေါ်မှ အဝတ်အစားတွေကို ငုံ့ကြည့်ပြီး

"ဘုရားရေ အဝတ်အစားတွေလည်း လဲဝတ်ထားရတယ်၊ ဒုံး ဒုံးကျည်ကိုလည်း အလွမ်းပဲ ထည့်ပေးရတာပေါ့ ဟုတ်လား ရှက်လိုက် တာ အလွမ်းရယ်"

"ဩော် ဒီကလေးမ မိန်းမအချင်းချင်း ရှက်စရာလားလို့ ဒီလိုမှ မလုပ်ရင် လူမှန်းမသိအောင် ဖျားနေတာနဲ့ အလွမ်းလည်း ဘာမှလုပ် မပေးတတ်ဘူးကွဲ့၊ ကြံရာမရတာနဲ့ ညက ပိုပိုလိုလိုဝယ်ခဲ့တဲ့ ဒုံးကျည် ပေးလိုက်ရတာပေါ့ ခိ ခိ"

အရှက်သည်းစရာကို ဘာမှမဟုတ်သော ပေါ့ပေါ့ပါးပါးကိစ္စလေး အဖြစ်သို့ ပြောင်းလဲပေါ့လျော့စေခဲ့ပြီး ရယ်သွမ်းသွေးလိုက်သည်။

အရှက်ပိုပြီး ရဲနေသော မျက်နှာလေးကိုကြည့်ပြီး အလွမ်း နောင်တရမိသည်။ တကယ်ဆို ညက အလွမ်းဟာ ဘဝတစ်သက်စာမှာ ဘယ့်လိုမှ ချေဖျက်လို့မရတဲ့ အမှားတစ်ခုကို ကျူးလွန်လိုက်မိတာပါပဲ။

အလွမ်းဟာ လူဆိုးမဟုတ်ဘူးဟု ကိုယ့်ကိုယ်ကိုယ် ခံယူထား ခဲ့မိသမျှ ခုတော့ လူကောင်းလည်း မဟုတ်တော့ပါဘူး။

လောကမှာ ခိုးဆိုးလုယက်ပြီး မကောင်းမှုမှန်သမျှ အကုန်လုပ်သူကို လူဆိုးဟု ခေါ်နိုင်သော်လည်း ထိုအလုပ်ကို မလုပ်သော လူတိုင်းကိုလည်း လူကောင်းဟု မခေါ်နိုင်ဘူးဆိုတာ အလွမ်းဘဝမှာ ကြုံလာရပါပြီ။

တကယ်တော့ အလွမ်း လူကောင်းတစ်ယောက် မဟုတ်တော့ပါဘူး။

ထိုအပြစ်ကြွေးကို ဘယ်လိုပေးဆပ်ရပါ့မလဲ။

ဖြစ်နိုင်လျှင် အလွမ်းဘဝကို ငြိမ်းအတွက် ထာဝစဉ်ပေးဆပ်ချင်ပါသည်။ မရေရာသော ဘဝထဲမှာ ကျင်လည်ခဲ့ရတဲ့ အလွမ်းဟာ ခုချိန်မှာတော့ ဘဝတစ်ခုကို ရေရေရာရာ တည်ဆောက်ချင်စိတ်တွေ တဖွားဖွားပေါ်၍လာပါသည်။

သူ ဘယ်လိုအခြေအနေတစ်ခုမှာ ရပ်တည်နေရသလဲဆိုတာပင် မသိသေးသည့် ငြိမ်း၏အနာဂတ်ကို အလွမ်းကိုယ်တိုင် ပုံဖော်ကြည့်ချင်သည်။ ကြည့်ခွင့်ရချင်သည်။

ယောက်ျားတွေအပေါ်မှာ ခံစားတတ်သော အလွမ်း၏စိတ်တွေသည် အနည်ထိုင်စပြုနေသော ရေခွက်ထဲမှ ရေလို ပြန်၍ ကြည်လင်လာချင်သည်။

မိန်းမတစ်ယောက်၏ဘဝကို မက်မောခဲ့မိ၍ သဘာဝတရားကို ဆန့်ကျင်ခဲ့သော အလွမ်းသည် ခုတော့ ငြိမ်းကြောင့် အမှန်တရားတစ်ခုကို အသေအချာ ဆုပ်ကိုင်မိလိုက်ပါပြီ။





အဲဒါဟာ ငြိမ်းကို ချစ်မိသွားခြင်းပါပဲ။ အချစ်ဆိုတာကို ပိုင်ဆိုင်ခွင့်မရပေမယ့် ချစ်နေရရင်လည်း ကျေနပ်ပါသည်။

■ ■ ■

သံမှ ခစ်ခနဲ ရယ်သံထွက်၍လာ၏။ နေမင်းဘုံမှာလည်း စိတ်ဆိုးရခက်သော မျက်နှာကြီးဖြင့်

"'ခုတွေ့နေရပြီလေ"

"ဝိန်သွားတယ် အလုပ်တွေအရမ်းလုပ်နေရလို့ ထင်တယ်၊ ညဆိုင်းဆင်းတာ နည်းနည်းလျှော့ကွယ်၊ ငြိမ်းရေ ပြန်ပြီး အားမွေးခိုင်းလိုက်ဦး ငြိမ်းကလည်း ခုမှ နေကောင်းခါစရှိသေးတာလို့စ်"

"ဟယ် အလွမ်း ဘာတွေပြောနေတာလဲ"

ငြိမ်း အလွမ်း၏ပခုံးကို မနာအောင် ခပ်ဖွဖွလေး လှမ်းပုတ်ပြီး မပွင့်တပွင့်ပြောသည်။

"ငြိမ်း ခံနိုင်ရည်မရှိမှာ စိုးလို့ပေါ့လို့စ်"

အားလုံး၏အမြင်မှာတော့ အလွမ်းဟာ ဘာဆိုဘာမှ မပြောင်းလဲသေးတဲ့ အလွမ်းပါပဲ။ ဟိုးအရင်ကလို မင်းဘုံကို ပရောပရီနေပြဆဲ။ စကားကို အနှောင့်မလွတ် အသွားမလွတ် ပြောတတ်မြဲ။

လိမ်ကျွေးနေသော ဆံပင်အတုကြီးကိုလည်း တပ်ထားမြဲပါပဲ။ မျက်နှာမှာ မိတ်ကပ်နူတ်ခမ်းနီတို့ ခြယ်သထားဆဲပါပဲ။

ဒီလို ခြောက်နေတဲ့ အခြောက်မတစ်ယောက်က မိန်းမလှလေးတစ်ယောက်၏အလှအပကို အသေးစိတ်မြင်တွေ့ခွင့်ရပြီး ဆန္ဒတွေကို အလိုလိုက်ခဲ့မိပြီဆိုတာ ဘယ်သူက ယုံမည်တဲ့လဲ။

ငြိမ်းရေ အလွမ်း လူကောင်းမဟုတ်တော့ပါဘူး။

■ ■ ■



## အခန်း (၁၇)

"ရှင်ပျောက်နေတာ ကြာပါပေါ့လား"

နေမင်းဘုံကို တွေ့တွေ့ချင်း ခနိုးခနဲ့ ပြောလိုက်သော အလွမ်း၏မေးခွန်းကို ငြိမ်းကတော့ ဘာမှမသိရှာ။

"အလုပ်တွေများနေလို့"

"စမောလ်ဆွဲနေတာတော့ မဟုတ်လောက်ပါဘူးနော်"

"အောင်မာ စကားကို ဆင်ခြင်ပြောစမ်းပါ ကျုပ်မှာ ဒီလောက်ချစ်စရာကောင်းတဲ့ ဇနီးလေးရှိနေတာကိုများ စမောလ်ဆွဲစရာလား"

မလုံနေသူကို တုတ်နှင့်သွားထိုးသည့်နှယ်၊ နေမင်းဘုံ ဒေါသသံဖြင့် ပြန်ပြောသည်။

"ဒါဆိုလည်း အိမ်မှာနေပေါ့တော့ ခုတော့ မတွေ့ရမမြင်ရတာ ဘယ်လောက်ကြာပြီလဲ"

သူ့အတွက်လိုလို ကိုယ့်အတွက်လိုလို ပြောလိုက်တော့မှ ငြိမ်း

"အဲဒါများ ကိုယ့်ကိုဖုန်းဆက်ခေါ်ရောပေါ့ ငြိမ်းရယ်၊ ကိုယ့်မိန်းမ နေမကောင်းတာဆိုရင် ချက်ချင်းပြေးလာမှာပေါ့"

ဖျားသောညက ဆေးခန်းသွားပြီးအပြန်မှာ လူရမ်းကားသုံးယောက် နှောင့်ယှက်၍ အလွမ်းက ငြိမ်းအတွက် ကာကွယ်ပေးခဲ့ပုံကို မင်းဘုံအား ပြန်ပြောမိခြင်းပါ။

ဒီတော့မှ မင်းဘုံ ငြိမ်းအတွက် စိတ်ပူပန်ဟန်ဖြင့် လွတ်တဲ့ငါး ကြီးပြသည်။

"ဟင့်အင်း ငြိမ်းကြောင့် မင်းဘုံကို အလုပ်ပျက်မခံနိုင်ပါဘူး၊ အလွမ်းကလည်း ငြိမ်းကို ဂရုစိုက်ပါတယ်၊ အဲ့ညက သူ တစ်ညလုံး အိပ်မရဘူးထင်တယ် မင်းဘုံရဲ့"

ထိုစကားကြောင့် မင်းဘုံ မျက်နှာပေါ်မှာ အရိပ်တစ်ခု ဖြတ်သွားသည်။ ထိုအရိပ်ကို ငြိမ်း ပုံမဖော်ခင်မှာပင် မင်းဘုံစကားက အဓိပ္ပာယ်တိတိကျကျ ဖော်ဆောင်ပေး၏။

"ဒါဆို ငြိမ်းနဲ့အဲဒီအခြောက်မနဲ့ တစ်ညလုံးအတူရှိကြတယ်ဆိုတဲ့ သဘောလား"

"ဒီလောက်အဖျားကြီးနေတဲ့ ငြိမ်းဘေးမှာ အလွမ်းက လာစောင့်ပေးတာလေ"

"ဒါပေမဲ့ သူက ယောကျ်ားလေ ငြိမ်းရဲ့"

"အို မင်းဘုံရယ် ယောကျ်ားဆိုပေမယ့် မိန်းမစိတ်ပေါက်နေတဲ့သူပဲ၊ ငြိမ်းကို ဘာလုပ်နိုင်မှာမို့လဲ"





"သူ့အတွင်းစိတ်ကို သူကလွဲပြီး ဘယ်သူက ပိုမြင်နိုင်မှာမို့လဲ ငြိမ်းရယ်"

"ဒါပေမဲ့ သူ ငြိမ်းအပေါ် ရိုးသားခဲ့တာ ငြိမ်းအသိဆုံးပဲ၊ မင်းဘုံရဲ့ တကယ်တမ်း မရိုးသားခဲ့တာက ရှင်ပဲလေ"

"ဟမ် ကိုယ်က ငြိမ်းအပေါ် မရိုးသားခဲ့ဘူး ဟုတ်လား"

"ဟုတ်တယ် ညက အဖျားတွေကြီးပြီး အိပ်ပျော်နေတုန်း မင်းဘုံ အိပ်မက်ထဲမှာ အိမ်ပြန်လာပြီး အဟင်း လူဆိုး သူတော်တော်ကဲတယ်၊ ဖျားနေတဲ့မိန်းမကို အလွတ်မပေးဘူး"

အလွမ်းအပေါ် ဝန်တိုစိတ်ဝင်နေသော မင်းဘုံမှာ အိပ်မက်အကြောင်းပြောကာ အာရုံပြောင်းလိုက်သည်။

"သူ မရိုးသားခဲ့တာက ငြိမ်းအပေါ် မဟုတ်ဘူး"

"အမ် ဘယ်သူ့အပေါ်လဲ"

ငြိမ်း ဘာမှမဖြေဘဲ မျက်လုံးအကြည့်ဖြင့်သာ အဓိပ္ပာယ်ပေါက်သွားပုံရသည်။

"ဟာ သူက ကိုယ့်အပေါ် မရိုးသားတိုင်း ကိုယ်က သူ့အပေါ် အဲဒီစိတ် ပြန်မွေးစရာလား၊ ဝေးပါသေးတယ် ကိုယ်တော့ သူ့ကို သိပ်သဘောမကျဘူး ငြိမ်းရာ"

"ကျွတ် မင်းဘုံရာ လူတစ်ယောက်ရဲ့ရိုးသားမှုကို အဲဒီ သံသယပေတံကြီးနဲ့ မတိုင်းချင်စမ်းပါနဲ့၊ လောကကြီးထဲမှာ ပကတိ ဖြူစင်ရိုးသားဘဲ့ သူတွေ ရှိပါသေးတယ်"

"လူတိုင်းကို အပေါ်ယံအမြင်နဲ့ ရိုးသားတယ်လို့ မတွေးနဲ့ ငြိမ်း၊ လောကကြီးထဲကလူတွေက မာယာများတယ်၊ ငြိမ်း လူတွေအများကြီးအကြောင်းကို မသိသေးပါဘူး"

"ဟုတ်တယ် မင်းဘုံ ငြိမ်းက ငယ်စဉ်ကတည်းက မိဘအရိပ်အောက်မှာပဲ ကလေးလိုနေလာခဲ့တာ၊ အရွယ်ရောက်လို့ ပညာစုံပြန်တော့လည်း ဘာအလုပ်မှမလုပ်ဘဲ မိဘအရိပ်အောက်မှာပဲ ပြည့်ပြည့်စုံစုံနေလာခဲ့ရတယ်၊ ပြီးတော့ မင်းဘုံနဲ့တွေ့တယ်၊ အခု မင်းဘုံခေါ်ရာကို တစ်ဘဝလုံး ပုံအပ်ပြီး လိုက်လာခဲ့ရတယ်၊ အဲဒီအတွက် တခြားလူတွေအကြောင်းကိုသိဖို့မဆိုထားနဲ့ ကိုယ့်ယောကျ်ားအကြောင်းကိုတောင် သေချာမသိရသေးဘူး"

မြားဦးက ကိုယ့်ဘက်လှည့်လာပြီမို့ မင်းဘုံ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ကိုယ့်အကြောင်းက ငြိမ်းသိထားပြီးတဲ့အတိုင်းပဲလေ ငြိမ်းရာ ကိုယ့်ဘဝမှာ ချစ်စရာဆိုလို့ ငြိမ်းပဲရှိတာ"

နားထင်စပ်မှ ဝေ့ကျနေသော ဆံစတို့ကို တို့ထိရင်း ယုံတမ်းစကားဆိုလိုက်သည်။

ငြိမ်း၏နှုတ်ခမ်းတွေ တွန့်ကွေးမသွားပေမယ့် အပေါ်ထပ် ချောင်းကြည့်နေသော အလွမ်း၏နှုတ်ခမ်းကတော့ တွန့်ကွေးမဲ့ရွဲ့သွားသည်။

နေမင်းဘုံဆိုတဲ့ ကောင်ဟာ ဒီလိုအပြောမျိုးတွေနှင့် မိန်





ကလေးဘယ်နှယောက်ကို လှည့်စားပြီးပြီလဲ။

စိတ်ရှိတိုင်းသာဆိုလျှင် ယောကျ်ားစိတ်ဝင်စပြုနေသော ကိုယ့်စိတ်ကိုလွှတ်တင်ပြီး မျက်ခွက်ကိုသာ တရစပ်ထိုးလိုက်ချင်တာပါ။

ငြိမ်းအပေါ်မှာ အမှားကျူးလွန်ခဲ့သူဟာ အလွမ်းဆိုလျှင်တောင် သူဟာလည်း ငြိမ်းအပေါ်မှာ အမှားအကြီးကြီး ကျူးလွန်ခဲ့သူပင်ဖြစ်သည်။

အလွမ်းက ကိုယ့်အမှားအတွက် ကိုယ်တာဝန်ယူချင်စိတ်ရှိပေမယ့် နေမင်းဘုံဆိုတဲ့ကောင်ကတော့ တာဝန်ယူချင်စိတ်မရှိ၍ ငြိမ်းကို လူမသိသူမသိ ဆင်ခြေဖုံးရပ်ကွက်ကလေး၏ ချောင်ကျကျနေရာတွင် လာဝှက်ထားခြင်းဖြစ်သည်။

ထို့ကြောင့် အလွမ်း ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာချလိုက်ပါသည်။

ငြိမ်းကိုရအောင် လက်ထပ်မည်ဟူသော ဆုံးဖြတ်ချက်ပင်ဖြစ်သည်။ ငြိမ်း ကြည်ဖြူသည်ဖြစ်စေ မကြည်ဖြူသည်ဖြစ်စေ သူ ငြိမ်းအပေါ်မှာ ကျူးလွန်ခဲ့သည့်အမှားကို တစ်ချိန်ချိန်မှာ ဖွင့်ပြောမည်။

■ ■ ■

## အခန်း (၁၈)

''ဖေဖေ သားတို့ဒီနေ့ ဘွားဘွားအိမ်ကိုသွားတယ်''

အိမ်ထဲဝင်ဝင်လာချင်း ပြောလိုက်သော သားငယ် ဝသ စကားကြောင့် နေမင်းဘုံ၏အပြုံးမျက်နှာ ဖရိုဖရဲဖြင့် ပျက်ယွင်းသွား သည်။

''ဟင် သားတို့ဘိုးဘိုးအိမ်ကိုသွားကြတယ် ဟုတ်လား''

''ဟုတ်တယ် မောင်၊ ကိုယ့်ယောက္ခမကြီး ဒီလောက်နေ ကောင်းဖြစ်နေတာကို သတင်းသွားမမေးရင် ချွေးမအလွန်ဖြစ်မှာစိုးလို့''

''အဟင်း မောင်ပြောသလို မောင့်အဖေက သေပေါက်သေ မရောက်သေးပါဘူး၊ ဂေါက်ကွင်းသွားပြီး ဂေါက်ရိုက်ဖို့တောင် ပြင်နေသေ တယ်၊ ပြီးတော့ မောင့်ကိုမေးကြတယ်၊ မင်းဘုံ မိဘတွေကိုရော သ





သေးရဲ့လားလို့ မေးလိုက်စမ်းပါတဲ့၊ မောင့်အမေ ပြောပုံအရဆိုရင် မောင် အိမ်ကိုမရောက်တာ တော်တော်ကြာနေတဲ့ပုံပဲ''

ခင်မမနိုင်၏ လေယူလေသိမ်းတွေက သံသယတို့နှင့်အတူ ရိသဲ့ ဆန်နေသည်။

အကြောင်းပြချက်ပေးဖို့ လောလောဆယ် စကားလုံးရှာမရသူ မင်းဘုံ ဖြစ်သည်။

''မောင် မမကို ဘယ်အချိန်ထိ ဆက်ညာနေဦးမှာလဲ''

''ဘာကိုညာနေလို့လဲ''

''မောင် ခုရက်တွေ လတွေမှာ ဘယ်တွေသွားပြီး ဘာတွေလုပ် နေသလဲ မောင်၊ မမက မောင့်ဇနီးပါ၊ ကိုယ့်ယောကျ်ားအကြောင်းတော့ ထားသင့်တာပေါ့''

''မောင် ဘာမှမလုပ်ပါဘူး မမ၊ အလုပ်တွေများနေရုံသက် က်ပါ''

ပြောင်လိမ်လိုက်ပေမယ့်လည်း ခင်မမနိုင် မယုံ။ မဲ့ပြုံးတစ်ခုကို စ်ခနဲ ပြုံးပြီး

''မောင် ပွင့်ပွင့်လင်းလင်းမရှိတာ ကြာပြီနော်၊ အင်းလေ မောင့် ဖုံးကွယ်ထားစရာအကြောင်းကိစ္စရှိလို့သာ မမကို မပြောတာလို့ မမ ကြည်တယ်၊ ဒါပေမဲ့ မမကတော့ ရအောင်စုံစမ်းမယ် မောင်၊ ဒါမှ ာင့်အခက်အခဲကို ဝိုင်းပြီးဖြေရှင်းလို့ရမှာပေါ့၊ အဟင်း မောင် လက်ထပ် ားတဲ့မမက သတင်းထောက်တစ်ယောက်ဆိုတာကိုတော့ မောင် မေ့

မထားနဲ့''

ပြောချင်တာပြောပြီး ချာခနဲ လှည့်ထွက်သွားသော ခင်မမနိုင်ကို ငူငူကြီးငေးကြည့်ပြီး နေမင်းဘုံ ပြောစရာစကားမရှိ။

■ ■ ■



## အခန်း (၁၉)

ငြိမ်း ပူဆာလွန်း၍သာ မင်းဘုံ ဈေးဝယ်ထွက်ခဲ့ရပေမယ့် နောက်ကျောသိပ်မလုံ။ ငြိမ်းနှင့်နှစ်ယောက်ထဲထက်စာလျှင် တစ်ယောက် အပိုပါလျှင် မမ မြင်တွေ့စေဦးတော့ အကြောင်းပြချက် တစ်စုံတစ်ရာ ပေး၍ရသေးသည်။

ထို့ကြောင့် အလွမ်းပါလိုက်မည်ဆိုတာကို မင်းဘုံ မငြင်းတော့။ အလွမ်းကတော့ ကန့်လန့်ကန့်လန့်နှင့် လိုက်ပါလာရ၍ တော်တော်လေး ကျေနပ်နေပုံရသည်။

''ငြိမ်း ဘာဝယ်စရာ ကျန်သေးလဲ''

''သိပ်မကျန်တော့ဘူး မင်းဘုံ ဘာဖြစ်လို့လဲ''

''ကိုယ် ဗိုက်ဆာလာပြီ ကော်ဖီဆိုင်ဖြစ်ဖြစ် ဝင်ကြရအောင်''

''ဟုတ်တယ် ငြိမ်းရဲ့ အလွမ်းလည်း ဗိုက်ဆာလာသလိုပဲ

တစ်ခုခုစားပြီးမှ ဈေးဆက်ဝယ်ကြတာပေါ့''

အလွမ်းရော မင်းဘုံရော တညီတညွတ်ထဲ ဗိုက်ဆာနေကြသည်မို့ အရင်ဆုံး ဗိုက်ပြည့်စေရန် ဈေးဝယ်ခြင်းကို လက်စသတ်လိုက်တော့သည်။

ကော်ဖီဆိုင်ထဲဝင်ပြီး စားပွဲမှာ ကိုယ်စီထိုင်နေကြစဉ်မှာပင်

''ဟော့တော် ကျန်ခဲ့ပြီ''

''ဘာကျန်ခဲ့တာတုန်း''

အလွမ်း အမေးကြောင့် ငြိမ်း ဖြေရခက်နေဟန်ဖြင့်

''ဟို အ အတွင်းခံဘောင်းဘီဝယ်ပြီး အဲဆိုင်မှာ မယူခဲ့မိဘူး''

ပစ္စည်းကျန်ခဲ့သည်ဆို၍ သွားယူဖို့ဟန်ပြင်နေသော မင်းဘုံ တွန့်သွားသည်။ ယူပေးမည်ဟု မပြောဖြစ်တော့။

''အလွမ်း သွားယူပေးမယ်''

''ဟင့်အင်း ရတယ် ငြိမ်းဖာသာပဲ သွားယူလိုက်တော့မယ်၊ အလွမ်းနဲ့မင်းဘုံ မှာနှင့်ကြလေ''

ငြိမ်း ကော်ဖီဆိုင်ထဲမှ ထွက်သွား၏။

''ကဲ မင်းဘုံ မှာလေ၊ အလွမ်းကတော့ ပီဇာနဲ့စတော်ဘယ်ရီမစ်ရှိတ်ပဲ သောက်မယ်''

စားပွဲထိုးလေး လာချပေးသော မီနူးကို မင်းဘုံယူကြည့်ပြီး ဟမ်ဘာဂါနှင့် ကနေဒီယမ်ကော်ဖီတစ်ခွက် မှာလိုက်သည်။

ငြိမ်းအတွက်ကို ဘာမှမမှာထားမိ။ ငြိမ်းလာမှ မှာချင်တာမှာ





ါစေဟူသောစိတ်ကူးကြောင့် ဖြစ်သည်။

ငြိမ်း တော်တော်နှင့်ပြန်မလာ။

''မင်းဘုံ ငြိမ်း ကြာလိုက်တာနော်၊ အလွမ်း လိုက်သွားရင်ကောင်းသား''

''ခုမှ လိုက်သွားရင်ကောင်းသား လုပ်နေတယ်၊ အစောကြီးကတည်းက လိုက်သွားတာတော့ မဟုတ်ဘဲနဲ့''

အပြစ်တင်နေသော မင်းဘုံကို မျက်စောင်းရွယ်လိုက်ပြီး လက်ထဲမှ စားလက်စ ပီဇာကို မင်းဘုံ ပါးစပ်ထဲ ထိုးထည့်ကာ

''အလွမ်းတစ်ယောက်ထဲ တာဝန်ရှိတာလားလို့ မင်းဘုံကရော ဘာဝန်မရှိဘူးလား ဟွန်း သူများကိုဆိုရင် ဘယ်လိုအပြစ်ပြောရပါ့မလဲ ကြည့်နေတဲ့လူကြီး မုန်းဖို့ကောင်းလိုက်တာ''

ပါးစပ်ထဲ ရောက်လာသော ပီဇာကို ထွေးမထုတ်ပဲ အလိုက်သင့်ဝါးလိုက်ပြီး မင်းဘုံကလည်း လက်ထဲမှ ဟမ်ဘာဂါကို အရွဲ့တိုက်ပြီး ပြန်ထိုးထည့်လိုက်သည်။

''ဟယ် ကြည့်စမ်း ခွံ့ချင်တယ်ဆိုရင်လည်း ညင်ညင်သာသာလေးခွံ့ကျွေးလေ၊ အလွမ်းက သေဆေးကျွေးလည်း စားမယ့်သူပါ''

''စေတနာရှိလို့ ခွံ့တာမဟုတ်ဘူး အမြင်ကတ်လို့ ခွံ့တာ၊ ဒီမယ်ငြိမ်းမရှိတုန်း မှာထားရမယ်၊ ငြိမ်းနဲ့ သိပ်အရောမဝင်ပါနဲ့''

''အေး အလွမ်းကလည်း မှာချင်ပါသတဲ့၊ ငြိမ်းကို သစ္စာဖောက်သို့ကတော့ အလွမ်းကလည်း ဒီအတိုင်း ငြိမ်နေမှာမဟုတ်ဘူးနော်၊ ငြိမ်းနဲ့

အလွမ်းကသွေးသောက်ညီအစ်မ ဖွဲ့ထားတာ ရှင်းလား''

''မငြိမ်တော့ ဘာလုပ်မှာမို့လဲ''

''ဟော့ဒီလို ဖက်နမ်းပစ်မှာ''

''ဟာ ဟေ့ ဒါဘာလုပ်တာလဲဟ''

ပြောပြောဆိုဆိုဖြင့် မင်းဘုံ၏ပါးကို အမြင်ကတ်ကတ်ဖြင့် နမ်းလိုက်သည်။ တစ်ကြိမ်ထဲမဟုတ် နှစ်ကြိမ် သုံးကြိမ်။

■ ■ ■



## အခန်း (၂၀)

''ဟင် ဒါ ဒါ အလွမ်းပဲ''

စိုးကျော်သက် အမှတ်တမဲ့ ရိုက်ယူလာသောပုံကို ကြည့်ပြီး ငံမမနိုင် အံ့သြ၍မဆုံးတော့။ မောင်ဟာ ဘယ်လိုလူစားမျိုးလဲဆိုတာ တွေးလို့ပင်မရအောင်ကို မောင့်လုပ်ရပ်က အောက်တန်းကျလွန်းသည်။ သုံပုံအလယ်မှာ နမ်းနေကြရလား။

''မမကြီးက အဲဒီအခြောက်မကို သိလို့လား''

''သိတာပေါ့ မမကြီး ဆံပင်သွားပြင်တဲ့ အလှပြင်ဆိုင်က မာမီ လေ''

''ကိုဘုံကလည်းဗျာ တွဲစရာရှားလို့ အခြောက်မကိုမှ ရှာတွဲရ ဘယ်လို့ ကျွန်တော်လည်း အဲဒီကော်ဖီဆိုင်ထဲကို ကောင်မလေးနဲ့ဝင်မလို့ သုပ်တုန်း ကိုဘုံ့ကို အခြောက်မနဲ့ ပလူးပလဲလုပ်နေတာကိုမြင်ပြီး မဝင်

တော့ဘဲ မမကြီးကိုပြဖို့ ဓာတ်ပုံပဲ ရိုက်ခဲ့တော့တာ''

ရင်ထဲမှာ ခပ်စိမ့်စိမ့်တိုးဝင်နေသော သံသယတစ်ခုကို အေ အမှတ်ပြုဖို့အတွက် တာဝန်သိသော မောင်လေးစိုးကျော်သက်ကို ကျေး တင်နေမိသည်။

''မင်းသာ ဒီနေ့ ဒီမြင်ကွင်းကို မတွေ့ခဲ့ရင် မမကြီး ဘယ် အချိန် ဘယ်ကာလအထိ အလိမ်အညာခံနေရဦးမယ် မသိပါဘူးကွယ်''

''ကျွန်တော်က ဖြစ်နိုင်ရင် တစ်လက်စတည်း ဒဲ့ဝင်ရှင်းချင်တာ ကောင်မလေးက ဘေးမှာပါနေတော့ ပြဿနာဖြစ်လို့ မကောင်းလို့ စိတ်ကို လျှော့ပစ်လိုက်တာ၊ ဒီပုံအတိုင်းဆို ကိုတုံ့ အခြေအနေက မလွယ်ဘူးနော် မမကြီး ငြိမ်ခံနေရင် ကိုယ်ပဲခံလိုက်ရမှာ''

နဂိုကတည်းကမှ မိဘတွေသဘောမတူသည့်ကြားမှ ဖွင့် လက်ထပ်ထားသည့်အိမ်ထောင်ရေးမို့ ခင်မမနိုင်ဘက်မှာဝင်၍ ရပ်တည် ဖြေရှင်းပေးမည့်သူမရှိ။

ကိုယ့်အိမ်ထောင်ရေးကိုမပြိုကွဲစေဖို့အတွက် ပြဿနာတစ်ခုကို လိမ္မာပါးနပ်စွာ ဖြေရှင်းရမည်။

''မမကြီး ဘာလုပ်ရမယ်ဆိုတာ သိပါတယ်၊ မင်း စိတ်မပူပါနဲ့ ဒီတော့ မမကြီး အဲဒီမိန်းကလေးဆီကို လိုက်သွားမယ်''

စိုးကျော်သက် စိတ်ပူသွားသည်။

''မမကြီး အဲဒါ မိန်းကလေးမှမဟုတ်တာ အခြောက်ကြီးလေ နောက်ပြီး အခြောက်တွေက လူကသာနွဲ့တာနော် ရိုင်းစိုင်းပြီး သတ္တိရှိ





ဘဲ့နေရာမှာ တကယ့်ယောကျ်ားအစစ်တွေထက် လက်သံပိုပြောင်တယ်၊ လက်တာအားယဉ်တယ် အထူးသဖြင့် ဒါမျိုးဆို အသေပဲ''

''မမကြီးသွားမှာ ရန်သွားဖြစ်ဖို့မှ မဟုတ်တာ''

''ဒါပေမဲ့ တစ်ယောက်တစ်ခွန်း အခြေအတင်ပြောကြရင်းနဲ့လည်း ဖြစ်နိုင်တာပဲလေ၊ ဒီတော့ မမကြီးနဲ့အတူ ကျွန်တော်ပါလိုက်မယ်ဗျာ၊ မကျေနပ်လို့ ဖိုက်ကြဦး ကျွန်တော်ပါတော့ ဝိုင်းပြီးဖိုက်ပေးလို့ရတာပေါ့''

လူငယ်ပီပီ စိတ်ဆတ်သော မောင်လေး စိုးကျော်သက်ကို ဒီအမှုဘွဲ့ထဲ ဆွဲမထည့်ရက်ပါ။

''မမကြီး ပြဿနာကို အေးအေးဆေးဆေး ဖြေရှင်းမှာပါ မမကြီးအတွက် မင်း ဘာမှမပူနဲ့''

''ကျွန်တော် ကိုဘုံ့ကိုတွေ့ပြီး ယောကျ်ားချင်း ပြောကြည့်မှ ဖြစ်မယ်''

''အို အဲလိုလုပ်ဖို့မလိုဘူး၊ လုံးဝမတွေ့နဲ့ ဒီကိစ္စကို မမကြီး ဘာမှမသိသလိုနေဦးမှာ၊ သိသွားလို့ ပြဿနာရှာလိုက်ရင် သူ့အတွက် ပိုပြီးလွတ်လပ်သွားမှာ မောင်လေးရဲ့၊ ခုတောင် အိမ်ကိုပြန်လာတဲ့ရက်က တစ်ပတ်မှာ နှစ်ရက်သုံးရက်ရယ်''

ဖုံးကွယ်ထားတာက ရင်ဆိုင်ဖြေရှင်းလိုက်ရတာထက်စာလျှင် အများတွေအလွန်အကျွံ ကျူးလွန်ရဲမည်မဟုတ်။

''အင်းလေ ဒါတော့ မမကြီးရဲ့သဘောပါ၊ လိုအပ်ရင်သာ

ကျွန်တော့်ကို အချိန်မရွေးခေါ်၊ ကိုယ့်အစ်မအတွက်ဆိုရင် အသက်ပေးဆိုလည်း ပေးရဲတယ်''

မောင်တစ်ယောက်၏တာဝန် ကျေပွန်ဖို့အဆင်သင့်ဖြစ်နေသော စိုးကျော်သက်ကို ကျေးဇူးတင်စိတ်ဖြစ်မိရုံကလွဲပြီး ရင်ထဲမှာ အင်အားတစ်ခုအဖြစ် အားရှိမလာခဲ့ပါ။

■ ■ ■



## အခန်း (၂၁)

''ဟင် အလွမ်း အလွမ်းမှဟုတ်ရဲ့လား''

အရင်လို ဆံပင်အတုတပ်မထားဘဲ နဂိုဆံပင်ခပ်တိုတိုနှင့် လိုက်ဒက်စွာ စပို့ရှပ်နှင့် 4 ကွာတားဘောင်းဘီဝတ်ထားသော အလွမ်းသည် အရင်နေ့တွေမှာ မြင်နေကျမြင်ပုံမျိုးမဟုတ်၍ ငြိမ်း တအံ့တသြ ဖြစ်နေသည်။

''အလွမ်းပါ ငြိမ်းရဲ့''

''ဘာလို့ မိန်းကလေးလို ဝတ်မထားတာလဲ''

''တစ်ခါတလေ အိမ်နေရင်း ပေါ့ပေါ့ပါးပါးလေး နေကြည့်တာလေ''

''အရမ်းမိုက်တယ်''

''ဘာကိုမိုက်တာလဲ ငြိမ်းရဲ့''

ယောက်ျားလေးစတိုင် အနည်းငယ်ဖမ်းထားသော အလွမ်းကို ကြည့်ပြီး ငြိမ်း လက်မလေးထောင်ကာ ချီးကျူး၏။

"ယောက်ျားလေးလိုသာ နေမယ်ဆိုရင် အလွမ်းကို ကောင်မလေးတွေ ဝိုင်းကြိုက်ကြမှာ သေချာတယ် သိလား၊ ခန့်ချောကြီးမို့လို့"

"အဟက် အဲလိုကြီးလား ဒါပေမဲ့ ရင်မခုန်တာက ခက်တယ်ကွယ်"

"အံမယ် အဲဒါ အလွမ်းရဲ့အကြိုက်မတွေ့သေးလို့ ရင်မခုန်တာပါကွယ်၊ မယုံရင် အလွမ်းရဲ့နေထိုင်မှုဘဝပုံစံကိုလုံးဝ ပြောင်းကြည့်လိုက် ကောင်မလေးတွေ အလွမ်းနားမှာ ဝဲလည်လည်ဖြစ်လာစေရမယ်၊ ငြိမ်း လုံးဝအာမခံတယ်"

ရွှင်မြူးတက်ကြွစွာ ပြောနေသော စကားကြောင့်

"တကယ်လား ဒါဆိုရင် ယောက်ျားလုပ်ပြီး မိန်းမချောချောလေးတွေ ယူရမယ်ပေါ့ ဟုတ်လား"

"အင်းလေ ဒါဟာ အမှန်တရားတစ်ခုပဲလေ"

ဟုတ်တယ် ငြိမ်း၊ အလွမ်း အခု အမှန်တရားကို တပ်မက်လာပါပြီ။ ဒါဟာ ငြိမ်းကြောင့်ပေါ့။ ငြိမ်းနဲ့တွေ့ပြီးမှ ဖြစ်ပေါ်လာတဲ့ခံစားမှုက အလွမ်း အမှားတစ်ခုကို ကျူးလွန်ခဲ့မိတယ်။ အဲဒီအမှားကို တာဝန်ယူချင်တဲ့ လူကောင်းတစ်ယောက်ဖြစ်ချင်လာတာဟာ အလွမ်းအဖို့ အမှန်တရားကို လက်ခံလာတာပဲမဟုတ်လား။

ငြိမ်းကို ပြောပြချင်ပေမယ့် ထိုစကားလုံးပေါင်းများစွာကို ရင်ထဲ





ပဲ ပြောမိခြင်းပါ။ တကယ်တမ်း ပြောဖြစ်ခဲ့တာက

"ဒါပေမဲ့ အလွမ်းက ယောက်ျားတွေကို စိတ်ဝင်စားတုန်းပဲ ကွဲ"

အလွမ်း စကားကြောင့် ငြိမ်း ကိုယ်လေး တသိမ့်သိမ့်လှုပ်ခါအောင် ရယ်ပြီး

"အဲဒီလူက နေမင်းဘုံမှ ဟုတ်ရဲ့လား"

"ဟယ် ပိုင်ရှင်ကြီးနဲ့ လက်လျှော့လိုက်ပါပြီ"

"ဒါဆိုရင် ဘယ်သူ့ကိုစိတ်ဝင်စားချင်သေးလဲ"

"ပြောပါဘူး သုတ်ရင်သတ်ပစ်လိုက်"

"ငြိမ်းကိုပြောလေ ငြိမ်း ကူညီလို့ရရင် ကူညီမှာပေါ့လို့"

"ဒီဘဝ ပေါင်းရဖို့မှ မလွယ်တာ၊ နေပါစေတော့ တိတ်တခိုးပဲကောင်းပါတယ်"

ရယ်သွမ်းသွေးကာ တခစ်ခစ်ဖြင့်ပြောနေသော အလွမ်း၏အမူအရာလေးကို ငြိမ်း ချစ်သည်။

မင်းဘုံက အလွမ်းကို ကြည့်မရသလောက် ငြိမ်းကတော့ အလွမ်းကို ခင်မင်မိသည်။ အလွမ်း အိမ်ပြန်နောက်ကျတဲ့နေ့ဆို ငြိမ်း မျှော်တတ်နေပါပြီ။

ငြိမ်းရဲ့အထီးကျန်အချိန်တွေမှာ အလွမ်းနှင့်သာ အချိန်ကုန်နေကျမို့ မင်းဘုံ သဘောမကျပေမယ့်လည်း အလွမ်းကို ငြိမ်း သဘောကျသည်။

■ ■ ■

## အခန်း (၂၂)

"ငြိမ်းရေ ထမင်းစားပြီးပြီလား တူမကြီး"

ဗေဒင်ဆရာကြီး ကိုသိဒ္ဓိ အိမ်ခန်းအဝတွင် လာရပ်ပြီး နှုတ်ဆက်သည်။

"ဟုတ်ကဲ့ စားပြီးပြီ ဦးလေး၊ ဒီနေ့ အစောကြီး ပြန်လာတယ်နော်"

အိမ်နီးနားချင်းမို့ ဖော်ရွေစွာပြန်၍ နှုတ်ဆက်လိုက်သည်။

"ဒီနေ့ ဗေဒင်ခန်း လူပါးတယ် တူမကြီးရဲ့၊ ဒါကြောင့် စောစော ပိတ်ပြီးပြန်လာတာ၊ ဒါနဲ့ တူမကြီးရော ဇာတာလေး ဘာလေး မစစ်ချင်ဘူးလား"

"ရှင်"

"ဩော် တူမလေးရဲ့ကျန်းမာရေး လူမှုရေး စီးပွားရေးလေး ဘာလေးကို ကံဇာတာ မစစ်ချင်ဘူးလားလို့ ပြောတာပါ"





"ငြိမ်း အဲလို တစ်ခါမှ မစစ်ဖူးဘူး ဦးလေးရဲ့၊ အဲလိုစစ်ရင် ဘာဖြစ်မလဲ"

"ကိုယ့်ကံကိုကောင်းအောင် ယတြာလေး ဘာလေးချေတဲ့အခါ ကျတော့ ကိုယ့်ဆီကို မကောင်းတဲ့ အကုသိုလ်ကံတွေ ကျရောက်မလာဘူးပေါ့၊ ကြားဖူးတယ် မဟုတ်လား၊ ယတြာကောင်းရင် မင်းလောင်းတောင် ပပျောက်တယ်တဲ့"

ဗေဒင်ဆရာကြီး ပြောတာတွေကို ငြိမ်း နားလည်သလိုလို ရှိပေမယ့် သိပ်ပြီးတော့ မရှင်းလင်း။

"ကဲ တူမကြီးရဲ့အသက်က ဘယ်လောက်လဲ၊ အဲ ခုနှစ်သက္ကရာဇ် တစ်ချက်ပြောကြည့်စမ်း"

ဗေဒင်ဆရာကြီး ဗေဒင်ဟောပြီး လက္ခဏာကြည့်ပေးဖို့ ရည်ရွယ်ပုံရသည်။ ငြိမ်း ရှေ့မှာထိုင်လိုက်သည်။

"၁၉၈၇ ခုနှစ် ပြေီလပါ"

ဗေဒင်ဆရာကြီး သူ့ရောမလွယ်အိတ်ကြီးထဲမှ စာအုပ်နှင့်ဘောပင်ကိုထုတ်သည်။ ငြိမ်း ရွတ်ပြသော ခုနှစ်သက္ကရာဇ်အတိုင်း တွက်ချက်နေ၏။

"ကျန်းမာရေးက ဖျားတာနာတာလောက်ပဲ ရှိမှာပါ၊ ကြီးကြီးမားမား အသက်အန္တရာယ်မျိုး မကြုံသေးဘူး၊ စီးပွားရေးကလည်း ငွေခမ်းထွန်းနေတဲ့အတွက် တစ်ဘဝလုံး ငွေကိုပင်ပင်ပန်းပန်း ရှာရမယ့်ကံ မပါဘဲနဲ့ကို ငွေကံကကောင်းနေတယ်"

ကောင်းမှာပေါ့ ငြိမ်းက သူဌေးသမီးပဲ။ မိဘတွေမွေးကတည်းက ချမ်းချမ်းသာသာ နေလာခဲ့တာမို့ ယခု မင်းဘုံနောက်ကို မောင့်မျက်နှာတစ်ချွာထင်ပြီး လိုက်ခဲ့ပေမယ့်လည်း မင်းဘုံက ငြိမ်းကို ငွေလုံလုံလောက်လောက် ပေးသုံးသည့်အတွက် ဘာမှကို မပူပင်ရ။

"ဟား အိမ်ထောင်ရေးကံတော့ မှိန်ဖျော့နေပါလား"

"ရှင် ဘာကိုဆိုလိုတာလဲ ဦးလေး"

"အိမ်ထောင်ရေး ဂြိုဟ်တိုင်မှာ အပျက်ကိန်းပြနေတယ်၊ ဥပမာ လင်မယားအဆင်မပြေဖြစ်တာတို့ စိတ်တိုင်းမကျတာတို့ပေါ့"

မှန်ပါသည်။ ခုတစ်လော မင်းဘုံ အိမ်ပြန်မလာတဲ့ရက်တွေ ညတွေမှာ ငြိမ်း တစ်ယောက်ထဲ စိတ်အားငယ်ရသည်။ တစ်ချိန်ချိန်မှာ ငြိမ်းကို ဒီအခန်းကျဉ်းကျဉ်းလေးထဲမှာပဲ ပစ်ထားသွားမလားဆိုပြီး ပူပန်မိတဲ့အပူဟာ ငြိမ်းတွေ့ ရတက်မအေးနိုင်ခဲ့။

"ဟုတ်တယ် ဦးလေးရယ် မင်းဘုံ ခုတစ်လော အလုပ်တွေအရမ်းများပြီး အိမ်ပြန်မလာတဲ့ရက်တွေကများတော့ ငြိမ်းလည်း စိတ်ထဲမှာ မကြည်လင်ဘူး၊ ဘာကိုသံသယဖြစ်ရမှန်းကို မသိဘူး"

"နေပါဦး ဦးလေး သေချာပြန်စစ်ကြည့်ပါဦးမယ်၊ ဒါနဲ့ တူမကြီး ယောကျ်ား ခုနှစ် သက္ကရာဇ်ရော သိလား"

"ရှင် သူ့ကိုရော တွက်ကြည့်မလို့လား"

"အေးလေ"

ထိုစဉ် အလွမ်း ရောက်လာသည်။





"အမလေး ဦးသိဒ္ဓိကြီး ဘာတွေရိုက်စားလုပ်ဦးမလို့လဲ၊ ငြိမ်းက ခံနေ၁၊ ဗေဒင်ယတြာကြေး ဈေးဦးမပေါက်တိုင်း ဟွန်း"

"ဟာ ငါက ကိုယ့်အိမ်နီးနားချင်းမို့ မေတ္တာနဲ့ ကြည့်ပေးတာ ၊ ငါ ရိုက်စားလုပ်မယ့်ထဲမှာ ဒီကလေးမ မပါဘူး ရှင်းလား"

ဦးသိဒ္ဓိကြီး ရှူးရှူးရှားရှားဖြစ်သွားသည်။ ဒီအခြောက်မ ပြောက်လျှင် ပိဿလေးနှင့်ဘေးပစ်။

"ဟုတ်ပါပြီ ဒါဆိုရင် အလွမ်းကိုလည်း ဇာတာပြန်စစ်ပေးဦး၊ တစ်ခါ ဦးသိဒ္ဓိကြီးပေးတဲ့ ဂါထာရွတ်တာ ဘာမှလည်း မစွမ်းဘူး"

လက်ဝါးကြီးဖြန့်ကာ ဖွတ်အတင်း ဇာတာစစ်ခိုင်းနေသည့် တွက် ဦးသိဒ္ဓိကြီး ငြိမ်းကို ကြည့်ပေးနေရင်း အရှိန်ပျက်ကာ အာရုံက လွမ်းဘက်ရောက်သွားသည်။

ထိုသို့ အာရုံလွဲအောင် အလွမ်းတမင် အကွက်ဆင်လိုက်တာကို သိဒ္ဓိကြီးရော ငြိမ်းရော နည်းနည်းလေးမှ ရိပ်မိပုံမပေါ်။

ဗေဒင်ပညာ အလွန်တော်သော ဦးသိဒ္ဓိကြီး၏ဟောချက်တွေ ကြောင့် မင်းဘုံ၏လုပ်ရပ်တွေ ပေါ်သွားမှာကို အလွမ်းမလိုလား။

ငြိမ်း စိတ်ဆင်းရဲမှာကို အလွမ်း သေရမှာထက်ပိုပြီး ကြောက် သည်။

"အလွမ်းရယ် ငါ့ဂါထာက မစွမ်းတာမဟုတ်ဘူး၊ မင်းကိုက တ်မှုမမှန်တာလေ၊ ဟိုဘက်က အထည်ချုပ်သမတွေကိုပဲကြည့် မိန်း လေးတွေမို့ ယောကျ်ားလေးတွေကို 'တ'တာဟာ သဘာဝကျတော့

သူတို့အတွက် ဂါထာကစွမ်းတယ်၊ မင်းက ယောကျ်ားလေးဖြစ်ပြီး ယောကျ်ားလေးကိုတနေတော့ ဒီဂါထာက ဘယ်လိုအစွမ်းပြမလဲ မှု မမှန်တဲ့ဟာကြီးကို''

ချက်ကျလက်ကျ ပြောနေသော ဦးသိဒ္ဓိ၏စကားကြောင့် အလွှမ်း ခွိခနဲရယ်ကာ စောဒက ထပ်မတက်တော့။

ကိုယ်ကိုယ်တိုင်က သဘာဝတရားကြီးကို ဆန့်ကျင်နေတာကို

တကယ်ဆို ဆရာသိဒ္ဓိဂါထာ စွမ်းပါသည်။ အလွှမ်း၏ရင်ထဲက ငြိမ်း စူးနစ်ခိုင်မာစွာ ရောက်ရှိနေခဲ့တာဟာ ဦးသိဒ္ဓိကြီး၏ဂါထာအစွမ်း ကြောင့်လည်း ဖြစ်နိုင်တာပဲ။

သို့သော် အလွှမ်းအဖို့ ဖွင့်ဟဝန်ခံဖို့မှ မဖြစ်နိုင်တာ။

■ ■ ■



## အခန်း (၂၃)

''ညီမရေ ဒီအိမ်က အလွှမ်းတို့အိမ်လားကွယ်''

မင်းဘုံကို မျှော်နေသော ငြိမ်းမှာ အလွှမ်းနာမည်ကိုမေးပြီး အိမ်လာရှာနေသည့် ခင်မမနိုင်ကို ဖော်ရွေစွာ ပြုံးပြလိုက်ပြီး

''အပေါ်ထပ်အခန်းပါ မမ''

''ဩော် အေး ကျေးဇူးနော်''

''ဒါပေမဲ့ အလွှမ်း မရှိဘူး မမရဲ့''

''သူ ဘယ်သွားလို့လဲ၊ မမသူ့ဆိုင်ကို ဝင်ခဲ့သေးတယ်၊ သူ အိမ်ပြန်သွားပြီဆိုလို့ လိပ်စာမေးပြီးလိုက်လာတာလေ''

သော့ခတ်ထားသော အိမ်ပေါ်ထပ်ကိုမော့ကြည့်ပြီး ခင်မမနိုင် ဘာရကျိုးမနပ်သလိုဖြစ်ကာ စိတ်မောသွားသည်။

''ဘာကိစ္စရှိလို့လဲ မမ၊ ငြိမ်းကိုမှာခဲ့လေ ငြိမ်း ပြောပေးပါ့မယ်''

"ဒီကိစ္စက မှာခဲ့လို့မရတဲ့ကိစ္စပါ ညီမရယ်၊ သူနဲ့လူချင်းတွေ့ပြီး အကျေအလည်ဆွေးနွေးရမယ့်ကိစ္စပါကွယ်"

"ဪ ဟုတ်ကဲ့ ဒါဆိုရင် ခဏစောင့်လိုက်ပါလား၊ လာလေ မမ ငြိမ်း အိမ်ထဲမှာဝင်စောင့်"

အလွမ်းနှင့်တွေ့မှာဖြစ်မှာမို့ လာလက်စနှင့် မထူးဘူးဆိုကာ ငြိမ်းအိမ်ထဲ ဝင်စောင့်ဖို့ စိတ်ကူးလိုက်သည်။

"လာ ထိုင်ပါ မမ၊ ငြိမ်းတို့က ခုမှ ညားခါစမို့ ဆက်တီခုံတော့ မဝယ်ရသေးဘူး မမရဲ့"

အားတုံ့အားနာပြောပြီး ကော်ဇောချပ်လေး ခင်းပေးလိုက်သည်။ ခင်မမနိုင် ကော်ဇောပေါ်ဝင်ထိုင်လိုက်သည်။

"ဘဝတစ်ခုတည်ထောင်ကာစကတော့ ဒီလိုပါပဲ ညီမရယ်၊ အဓိကက ကိုယ့်ယောက်ျား ကိုယ့်အပေါ် သစ္စာမဖောက်ဖို့က အဓိကပါ၊ မမမှာတော့ ယောက်ျားက အိမ်ထောင်ရေးဖောက်ပြန်နေတော့ ငွေကြေး ချမ်းသာပြည့်စုံမှုတွေက ဘဝမှာ အဓိကမကျတော့သလိုပါပဲ"

ရင့်ကျင့်တည်ငြိမ်သော မျက်နှာအလှကို ပိုင်ဆိုင်ထားရုံတင် မဟုတ်ပဲ တောင့်တင်းလှပ၍ ပြေပြစ်သောခန္ဓာကိုယ် အရပ်အမောင်းနှင့် ကျက်သရေရှိသော အမျိုးသမီးတစ်ယောက်မှာလည်း အိမ်ထောင်ရေး အဆင်မပြေသော သောကတို့ ရှိနေသည်တဲ့လား။

"မမလို အရမ်းချောပြီး ကျက်သရေရှိတဲ့ အမျိုးသမီးတစ်ယောက်ကတောင် အိမ်ထောင်ရေးအဆင်မပြေဘူးဆိုတော့ သံယောဇဉ်





ကြိုး သိပ်မခိုင်သေးတဲ့ ငြိမ်းရဲ့အိမ်ထောင်ရေးအတွက်လည်း ရင်လေးစရာပါ မမရယ်"

"ယောက်ျားတွေကို သိပ်မယုံနဲ့ ညီမရေ၊ ဘဝသစ်စခါစမှာသာ ကိုယ့်အပေါ် ဂရုတစိုက်နဲ့ အချစ်တွေပုံပေးတတ်တာ၊ အချိန်တွေကြာလာတာနဲ့အမျှ အဲဒီအချစ်တွေက ပရုတ်လုံးလို ပါးကုန်တာ၊ ခုပဲကြည့်လေ မမအမျိုးသားက မိန်းမစစ်စစ်မဟုတ်တဲ့ အခြောက်မတစ်ယောက်နဲ့ ဖောက်ပြန်နေလို့လေ၊ တစ်ခါတလေ ယောက်ျားတွေက ဘာကြိုက်တတ်မှန်းသိကိုမသိတော့ပါဘူးကွယ်"

"ရှင် ဒါဆို မမအမျိုးသားက အလွမ်းနဲ့ဖောက်ပြန်နေတာလား"

အထိတ်တလန့် မေးလိုက်သော ငြိမ်း၏အမေးကြောင့် ခင်မမနိုင် ခေါင်းညိတ်ဖြေကာ သက်ပြင်းခပ်လေးလေးချလိုက်သည်။

"သူ ဘယ်တော့မှ ပြန်လာမလဲ မသိဘူးကွယ်၊ ပုံစံကြည့်ရတာ ဆိုင်မှာမရှိဘူးဆိုတော့ မမအမျိုးသားနဲ့ တစ်နေရာမှာသွားချိန်းတွေ့နေကြသလား မသိပါဘူးကွယ်"

နာရီတကြည့်ကြည့်ဖြင့် စိတ်လောနေပုံလည်းရသည်။

တော်တော်ကြာကြာစောင့်ပြီး မလာသည့်အဆုံးကျမှ

"ကဲ မမနောက်နေ့မှ တစ်ခေါက်လာခဲ့တော့မယ် ညီမရယ်"

ရင်းနှီးနှစ်လိုဖွယ်ကောင်းသော ငြိမ်းကို နှုတ်ဆက်ပြီး သားလေးကျောင်းကြိုရန် ထွက်ခဲ့လိုက်သည်။

ငြိမ်းရင်ထဲ အလွမ်းအတွက် မရှင်းမလင်းဖြစ် ကျန်ခဲ့ပါသည်။

ငြိမ်း အရမ်းခင်ပြီး မောင်နှမလို ညီအစ်မလို သဘောထာ
ခင်မင်ခဲ့ရသူ ရင်းနှီးတွယ်တာခဲ့ရသူက အိမ်ထောင်ရှိယောကျ်ားတ
ယောက်နှင့် ဖောက်ပြန်နေသည်တဲ့လား။

နောက်ဆုံးတော့ အလွမ်းဟာ ခပ်ညှံ့ညှံ့ မိန်းမလျှာတစ်ယော
ပါပဲ။

■ ■ ■



## အခန်း (၂၄)

"ငြိမ်းရေ ငြိမ်း"

အိမ်ရှေ့အပေါက်ဝမှ ခေါ်နေသော အလွမ်းအသံကို ကြားပေမယ့်လည်း ငြိမ်း မထူးမိ။ ဒီလို ကာရိုက်တာပျက်ပြားသော လူစားမျိုးနှင့် အသိမိတ်ဆွေဖြစ်ရတာကို ငြိမ်း မလိုလားပါ။

ငြိမ်း ရိုးသားသလို အလွမ်းကိုလည်း ရိုးသားစေချင်ခဲ့တာ။ ငြိမ်း၏အတွေ့တစ်ခုဆိုလျှင် ထိုအတွေ့ကိုပဲ မလွတ်တမ်း ဆုပ်ကိုင်ထားလိုက်တော့မည်။

"ငြိမ်း ဟော့တော် အိမ်တံခါးကြီးဖွင့်ပြီး အိပ်ပျော်နေပြီထင်တယ်"

အသံနှင့်အတူ အိမ်ထဲဝင်လာသော ခြေသံကိုကြားလိုက်ရ၍ စာဖတ်နေသော ငြိမ်းဟာ လက်ထဲက စာအုပ်ကိုဘေးချကာ အိပ်ချင်

ဟန်ဆောင်နေလိုက်သည်။

"ဟော ထင်သားပဲ အိပ်ပျော်နေမှာပဲလို့ ညနေစောင်းကြီး အိပ်ပျော်နေတယ်၊ နေထိုင်မကောင်း ဖြစ်တော့မှာပဲ"

လွှာစောင်ပါးလေးကို ငြိမ်းကိုယ်ပေါ် လွှမ်းခြုံပေးသော အလွမ်း၏ အပြုအမူက ငြိမ်းအပေါ် တကယ့်စိတ်ရင်းဖြင့် ဂရုစိုက်မှန်း ငြိမ်းလည်း သိပါသည်။

ငြိမ်းအတွက်ဆိုလျှင် အလွမ်းဟာ ဘယ်တော့မှ ခေါင်းမခါ မငြင်းဆန်ဘဲ လိုအပ်တာမှန်သမျှ ကူညီဖြည့်ဆည်းပေးခဲ့တာ အလွမ်းပါ။ ငြိမ်းကိုတင်မဟုတ် တခြားသူတွေကိုပါ အကူအညီပေးတတ်သဖြင့် ပရဟိတစိတ်ရှိသော အလွမ်းကို ငြိမ်း လိုအပ်တာထက်ပိုပြီး ခင်မင်တွယ်တာခဲ့တာပါ။

အလွမ်း ပြန်ထွက်သွားသော ခြေသံကို ငြိမ်း ကြားမှ မျက်လုံးတို့အသာဖွင့်လိုက်သည်။

စကားပြောချင်စိတ်မရှိ၍သာ ငြိမ်း ရှောင်လိုက်ပေမယ့် အလွမ်းကို ခါးခါးသီးသီး မမုန်းနိုင်ပါ။ အထင်သေးရှုတ်ချမိ၍ စကားပြောချင်စိတ်မရှိရုံလေးပါပဲ။

ငြိမ်းအခန်းထဲမှ အပြင်ကိုထွက်ခဲ့လိုက်သည်။ အပြင်တွင် တော်တော့်ကိုမှောင်ရိပ်သန်း၍နေသည်မို့ နာရီကိုလှည့်ကြည့်လိုက်သည်။ ညရှစ်နာရီထိုးဖို့ ငါးမိနစ်အလို။

မင်းဘုံလည်း ခုချိန်ထိ ပြန်မလာသေး။ အလုပ်တွေ ဘယ်





လောက်များနေ၍ ပြန်မလာသေးတာပါလိမ့်။ မင်းဘုံ လုပ်ငန်းခွင်ကို မရောက်ဖူး၍ ငြိမ်း မခန့်မှန်းနိုင်။

မင်းဘုံနှင့် ရန်ကုန်စပြီးရောက်လာကတည်းက ငြိမ်းဟာ ဒီလူနေတန်းလျားမှ အခန်းကျဉ်းလေးထဲမှာပဲ ငြိမ်းဘဝကို မြှုပ်နှံလိုက်ရသည်။

အထီးကျန်စပြုနေချိန်မှာပဲ စိတ်အားငယ်နေတဲ့ ငြိမ်းကို အလွမ်းက အဖော်ပြုပေးခဲ့သည်။ ထိုကျေးဇူးတရားတွေသည် ငြိမ်းရင်ထဲမှာ ဘယ်တော့မှ ဖျောက်ဖျက်နိုင်မည်မဟုတ်တာတော့ သေချာပါသည်။

■ ■ ■

"ငြိမ်း ခုတစ်လော အလွမ်းမလာပါလား"

ယခင်ကဆိုလျှင် ငြိမ်းဆီသို့ ချောင်းပေါက်မတတ်လာနေသော အလွမ်းကို မင်းဘုံ မမြင်ချင်မှအဆုံးပါ။

"ငြိမ်း သူ့ကိုရှောင်နေမှန်းသိလို့ မလာတာနေမှာပေါ့ မင်းဘုံရယ်"

မင်းဘုံကို ပေးမသိရမှန်းသိပေမယ့် ငြိမ်း၏နှုတ်ကျွံမှုကြောင့် မင်းဘုံ စိတ်ဝင်စားသွားဟန်ဖြင့်

"ဟင် ဘာဖြစ်လို့လဲ ဒီအခြောက် ငြိမ်းကို ဘာတွေမဖွယ်မရာလုပ်လို့လဲ"

ခုတ်ရာတခြား ထစ်ရာတခြားမို့ မင်းဘုံ အထင်မလွဲစေရန် ခေါင်းကိုခပ်သွက်သွက် ခါလိုက်သည်။ မင်းဘုံ ဘယ်လောက်စိတ်ပူသွားသလဲဆိုလျှင် စားလက်စထမင်းပင် ဆက်မစားဘဲ ငြိမ်းအဖြေကို စိတ်စော

စွာ နားထောင်ချင်နေ၏။

"အဲလို မဟုတ်ပါဘူး မင်းဘုံရယ်"

"ဒါဆို ဘာကြောင့်လဲ"

"ဘာမှမဟုတ်ပါဘူး"

ထိုငြင်းဆန်မှုသည် မင်းဘုံ၏သိချင်စိတ်ကို မရိုးမရွ ပို၍ဖြစ်သွားစေသည်။

"ငြိမ်း ဘာလို့ ကိုယ့်ကိုဖုံးကွယ်ဖို့ ကြိုးစားနေရတာလဲကွာ"

"သြော် မင်းဘုံရယ် ငြိမ်းက ဘာကြောင့်ဖုံးကွယ်ရမှာလဲ၊ ငြိမ်းကိစ္စမှမဟုတ်တာ ဟုတ်ခဲ့ရင်လည်း ဖုံးကွယ်ထားစရာအကြောင်းကို မရှိတာ"

"ဒါဆို ဘာကြောင့် ငြိမ်းက သူ့ကိုရှောင်နေရတာလဲ"

"အထင်သေးလို့"

"ဟင်"

ပို၍ စိတ်ဝင်စားသွားသည်။ ငြိမ်းအနေနှင့်လည်း မပြော၍မရတော့ပြီမို့ အလွမ်းနှင့်အိမ်ထောင်ရှိယောက်ျားတစ်ယောက် ဖောက်ပြန်နေ၍ ထိုယောက်ျား၏မိန်းမ လိုက်လာသည့်အကြောင်း ခရေစေ့တွင်းကျ ပြောပြလိုက်သည်။

နဂိုကတည်းက အလွမ်းကိုကြည့်မရဖြစ်နေသော မင်းဘုံမှာ ထိုအကြောင်းကိုသိသွားပြီး အလွမ်းကို ကောင်းကောင်းဝေဖန်ရှုတ်ချတော့သည်။





"ဒီလိုလူစားမျိုးတွေက အရက်သိက္ခာတွေ ဘာတွေကို တန်ဖိုးထားရကောင်းမှန်း မသိဘူး ငြိမ်းရဲ့၊ အထူးသဖြင့် sex ကိစ္စတွေဆိုရင် သူတို့ဟာ အရမ်းကို ဟန်မဆောင်နိုင်ကြဘူး၊ ကြိုက်မရှက် ငိုက်မရှက် ဆိုတာ သူတို့လို လူတန်းစားမျိုးကို ပြောတာ"

"ငြိမ်းလည်း အကြောင်းစုံသိရတော့ အံ့ဩမိတာပေါ့၊ အလွမ်းနဲ့စကားပြောရမှာကိုတောင် ရှက်သလိုလို ဖြစ်သွားတယ်လေ"

"ဒါပေါ့ ရှက်ရမှာပေါ့ ဒီလို ဇာတ်ရှုပ်တွေနဲ့ ငြိမ်း လုံးဝပတ်သက်လို့မဖြစ်ဘူး၊ ငြိမ်းနဲ့အဲဒီအခြောက်မက အရမ်းရောယှက်လွန်းအားကြီးတယ်၊ မတော်လို့ သူ့ဆီက ရောဂါတွေ ငြိမ်းဆီကို ကူးကုန်ရင် ဘယ်လိုလုပ်မလဲ"

ငိုချင်လျက် လက်တို့ဆိုသလိုပင် ယခင်ကတည်းကမှ အလွမ်းကို ကြည့်မရဖြစ်နေသော မင်းဘုံမှာ ပြောသင့်ပြောထိုက်တာထက်ပို၍ ပြစ်တင်ရှုတ်ချ၍နေသည်။

"အို မင်းဘုံကလည်း ငြိမ်းက ဘာရောဂါကူးစရာရှိလို့လဲ၊ ငြိမ်းတို့က ရိုးရိုးသားသားကို"

"ငြိမ်းစိတ်ထဲ ရိုးသားပေမယ့် သူ့စိတ်ထဲ ရိုးသားချင်မှ ရိုးသားမှာလေ၊ ငြိမ်းနားကိုကပ်နေတာ ဘာအကြောင်းရှိလဲဆိုတာ သူ့ထက် ဘယ်သူက ပိုသိနိုင်မှာလဲ"

"မင်းဘုံကို သူက ကြိုက်နေတာလေ ဒါကြောင့် ငြိမ်းကို ခင်သွားတာလည်း ဖြစ်နိုင်တာပဲ"

"ထို့ ဒီလိုအခြောက်မျိုးတွေကို ပတ်သက်ရမှာ ရွံလွန်းလို့၊ သူတို့ခန္ဓာကိုယ်ထဲမှာ ရာဂပိုးတွေလျှံထွက်နေတာ"

အလွမ်းကို ရစရာမရှိအောင် ပြစ်တင်ပြောဆိုနေပြန်တော့လည်း ငြိမ်း ရင်ထဲမှာမကောင်း။

အလွမ်းရယ် ရိုးရိုးသားသား နေပါတော့လား။

■ ■ ■



## အခန်း (၂၅)

"အလွမ်း မင်းခုတစ်လော သိပ်ပြီး ဆတ်စလူးမထတော့ပါလား၊ အရင်လိုလည်း လန်းပျံနေအောင် မဝတ်မစားတော့ဘူး"

ပတ်ဝန်းကျင်ဆိုတာ အမြဲစောင့်ကြည့်ဝေဖန်တတ်သောအမျိုးမို့ ဦးပြုံးချို အမေးကို မချိပြုံး ပြုံး၍သာ ငြိမ်ခံနေလိုက်တော့သည်။

"ငြိမ်းနဲ့မင်း ဘာပြဿနာတက်ထားလို့လဲ"

"ဟင့်အင်း ဘာပြဿနာမှ မတက်ပါဘူး"

"ဒါဆို မင်းဘာဖြစ်လို့ ငြိမ်းရဲ့အိမ်ကို မသွားတာလဲ"

"သူကမှ အလွမ်းကို သိပ်အတွေ့မခံတာ အချိန်ပြည့်တံခါးပိတ်ထားတာပဲကြည့်လေ၊ မလွဲသာမရှောင်သာလို့ မျက်နှာချင်းဆိုင်တွေ့တော့လည်း စကားပြောတာ အသက်မပါဘူး"

"မင်းကိုသူ တစ်ခုခုမကျေနပ်နေလို့ နေမှာပေါ့၊ မင်း သူ့ယောက်ျားကို မရိုးမသား ဘာသွားလုပ်လိုက်လို့လဲ"

ဦးပြုံးချို၏သံသယအမေးကြောင့် အလွမ်းရင်ထဲ နင့်ခနဲ နာကျင်သွားရသည်။ လူတွေဟာ အခြောက်ဆိုလျှင် ဘာကြောင့် အထင်သေးချင်ကြတာလဲ။

တကယ်ဆို အလွမ်းဘဝဟာ သူ့ဘဝအကျိုးပေးကြောင့် မိန်းမလျှာဘဝဖြင့် ရှင်သန်နေရပေမယ့် အလွမ်းရိုးသားခဲ့တာ အလွမ်းပင်အသိဆုံးပါ။

မိန်းမလျှာတိုင်း မကောင်းတာလုပ်စားတဲ့သူမှ မဟုတ်တာ။ သမာအာဇီဝကျကျနဲ့ ရှာဖွေစားသောက်ပြီး စိတ်ထားဖြူစင်ရိုးသားစွာ ရှင်သန်နေထိုင်နေတဲ့ မိန်းမလျှာတွေ လောကမှာတစ်ပုံကြီးရှိသလို မိန်းမလျှာတိုင်း လိင်တူဆက်ဆံနေတာမှ မဟုတ်တာ။

အလွမ်းဟာ ယောကျ်ားတွေကို စိတ်ဝင်စားတတ်ပေမယ့် ခုချိန်ထိ ဘယ်ယောကျ်ားတွေနှင့်မှ လိင်တူဆက်ဆံခဲ့ဖူးခြင်း မရှိပါ။

ဒါနဲ့များ လူတွေရဲ့အကြည့်တွေမှာ ဘာကြောင့် သံသယစိတ်တွေ လွှမ်းနေရသလဲ။

နေမင်းဘုံကို အလွမ်း စိတ်ဝင်စားခဲ့ဖူးပေမယ့် အလွမ်းစိတ်ထဲမှာ ဘယ်လိုမှ မပြစ်မှားမိခဲ့၊ တကယ်တမ်း ပြစ်မှားမိခဲ့တာက ငြိမ်းအပေါ်ကိုပါ။

အလို ဘုရားရေ ဒီကိစ္စကို ငြိမ်း ငြိမ်းများသိသွားလို့လား။

ရင်ထဲမှာ ဒိတ်ခနဲ စိုးရိမ်သွားသည်။ ဒါကြောင့်များ ငြိမ်းသူ့ကိုရှောင်နေတာလား။ စိုးရိမ်ပူပန်စိတ်တွေက ရင်ထဲကို အလုံးအရင်း





နှင့် တိုးဝင်လာသည်။

"အလွမ်း မင်း ဘာဖြစ်နေတာလဲ"

ချွေးများပင် ချက်ချင်းစို့တက်လာသည်မို့ အလွမ်းကို ဦးပြုံးချိုအထိတ်တလန့်ဖြင့် မေး၏။

"ဟင့်အင်း ဘာမှမဖြစ်ပါဘူး"

"ဒါဆို ဘာဖြစ်လို့ မျက်စိမျက်နှာပျက်ပြီး ချွေးတွေပြန်လာတာလဲ"

အမူးသမားပီပီ ဦးပြုံးချိုတို့က ရစ်သည်။

"သြော် အဲဒါ ဖြေစရာလားလို့၊ ဒီမှာ ဗိုက်ရစ်နာပြီး အီးပါချင်လို့ ချွေးပြန်တာပေါ့တော့၊ ရှင်ကြီးက စပ်စုနေတော့ ဒီမှာထွက်တော့မယ်"

အလွမ်းဟာ ကိုယ့်ရင်ထဲက ခံစားချက်နှင့် ထိတ်လန့်မှုတစ်စုံတစ်ရာကို လူတွေမရိပ်မိအောင် ခုလိုလည်း ယုံအောင်ရှိုးတတ်ပါသည်။

ဦးပြုံးချို တကယ်ယုံသွားပြီး

"ဟာ ဟုတ်လား ဒါဆို မြန်မြန်သွား တော်ကြာ ထွက်ကျကုန်မယ်"

ရယ်ကျဲကျဲဖြင့် အတင်းတွန်းလွှတ်နေသော ဦးပြုံးချိုကို မျက်စောင်းထိုးပြီး အိမ်သာရှိရာဘက်သို့ လိမ်ကျစ်လိမ်ကျစ်ဖြင့် လျှောက်လာလိုက်သည်။

■ ■ ■

ငြိမ်း၏အခြေအနေကို စောင့်ကြည့်အကဲခတ်ဖို့အတွက် အလွမ်း ဒီတစ်သက် မကြည့်တော့ပါဘူးဟု ဆုံးဖြတ်ကာ ကြမ်းပေါက်ကို သေတ္တာဖြင့် ပိတ်ထားပြီးကာမှ မတည်ငြိမ်သောစိတ်ကြောင့် သေတ္တာကို တွန်းရွှေ့ကာ အပေါက်မှတစ်ဆင့် ငြိမ်း ဘာလုပ်နေသလဲဟု ချောင်းကြည့်ရပြန်သည်။

ခုတင်ထက်တွင် ထိုင်ပြီး ငြိမ်း ငိုနေသည့်မြင်ကွင်းကြောင့် အလွမ်း စိတ်ပူရပြန်သည်။ ဟိုကောင် နေမင်းဘုံ ဒီညလည်း ပြန်မလာပြန်ဘူးလား။ အလွမ်း ငြိမ်းနားကိုသွားချင်ပေမယ့် အပြစ်ရှိသူတစ်ယောက်လို ခံစားနေရ၍ ငြိမ်းအနားကို မသွားရဲ။

ငြိမ်းထံမှ ထွက်ပေါ်လာမည့် စွပ်စွဲချက်တွေကို ပြန်လည်ငြင်းဆန်ဖို့ အလွမ်းမှာ အမှန်တရားမရှိ။

ဒီတော့ အလွမ်း ဘာလုပ်ရမလဲ၊ ဒီတစ်ညလုံး မျက်ရည်တွေဖြင့် အဖော်ပြုမည့် ငြိမ်းကို ချွေးသိပ်ပေးချင်သည်။ တသိမ့်သိမ့် ရှိုက်ငိုနေသော ငြိမ်းကိုကြည့်ပြီး အလွမ်း ဂနာမငြိမ်ဖြစ်နေသည်။

ထို့ကြောင့် အိပ်ခန်းထဲမှထွက်ခဲ့ပြီး အလွမ်း ငြိမ်းဆီသို့ ဆင်းလာလိုက်သည်။

ငြိမ်း၏တံခါးဝရောက်တော့ အလွမ်း တွေဝေရပြန်သည်။ တံခါးခေါက်ဖို့ ရွယ်လိုက်သော လက်တွေ ပြန်လည်၍ တွန့်ဆုတ်သွားရ၏။

ခက်တော့နေပြီ၊ ဒီတစ်ည ငြိမ်းရဲ့မျက်နှာလေးကို မြင်ခွင့်မရခဲ့ရင် အလွမ်းလည်း အိပ်၍ပျော်မည်မထင်။





တွန့်ဆုတ်နေသော စိတ်တွေကို ရဲဆေးတင်လိုက်ပြီး ငြိမ်း၏အိမ်တံခါးကို နှစ်ချက်ဆင့်ခေါက်လိုက်သည်။

နေမင်းဘုံသည် အိမ်ပြန်လာလျှင် တံခါးကို နှစ်ချက်ဆင့်ခေါက်တတ်သည်ကို အလွမ်း သတိထားမိနေသလို အလွမ်းကလည်း ငြိမ်း၏အိမ်တံခါးကို သုံးလေးချက်ဆင့်ခေါက်တတ်သော အကျင့်ကိုလည်း ငြိမ်းက သိထားသည်။

ထို့ကြောင့် သုံးလေးချက် ဆင့်ခေါက်လျှင် အလွမ်းဆိုတာသိပြီး တံခါးလာမဖွင့်ပေးမည်စိုး၍ မင်းဘုံဟု ထင်ယောင်ထင်မှားဖြစ်အောင် နှစ်ချက်သာ ဆင့်ခေါက်လိုက်ခြင်း ဖြစ်သည်။

သိပ်မကြာလိုက် တံခါးဂျက်ဖွင့်သံနှင့်အတူ တံခါးပွင့်လာသည်။ ငြိမ်း၏ငိုထားသော မို့အစ်အစ်မျက်နှာကလေး ဘွားခနဲ ပေါ်လာသည်။ အလွမ်းကိုမြင်တော့ မျက်နှာပျက်သွားကာ

"အလွမ်း ဘာကိစ္စလဲ"

"ငြိမ်း အလွမ်းကို ဘာကြောင့်ရှောင်နေတာလဲ သိချင်လို့"

"အို ညကြီးအချိန်မတော် ငြိမ်း အိပ်ချင်နေပြီ"

"အလွမ်းကတော့ အိပ်လို့မရသေးဘူး ငြိမ်းရဲ့၊ အိပ်မရခဲ့တာ ဒီညမှမဟုတ်ဘူး ငြိမ်း အလွမ်းကို ရှောင်တဲ့နေ့ကတည်းကပဲ"

"ငြိမ်းက ကာရိုက်တာပျက်တဲ့လူတွေနဲ့ အပေါင်းအသင်းမလုပ်တတ်ဘူး လွမ်းရဲ့"

"ဟင်"

ငြိမ်း ဘာကိုရည်ရွယ်ပြီး ပြောမှန်း အလွမ်း နားမလည်ပါ။

"အလွမ်းက ငြိမ်းအိမ်က ဘာပစ္စည်းများ ခိုးဖူးလို့လဲ၊ ခုချိန်ထိ ငြိမ်းအပေါ်မှာ ရိုးရိုးသားသား ဆက်ဆံခဲ့တာပဲ"

"ကာရိုက်တာပျက်ပြားတယ်ဆိုတာ သူများပစ္စည်းခိုးမှမဟုတ်ဘူး အလွမ်းရဲ့ တခြားမကောင်းတဲ့အပြုအမူတွေကိုလုပ်ရင်လည်း ကာရိုက်တာပျက်ပြားတဲ့လူလို့ ခေါ်လို့ရတယ်၊ အထူးသဖြင့် အလွမ်းက သူများ အိမ်ထောင်ရေးကို ပြိုကွဲအောင်လုပ်တယ်၊ ငြိမ်း အဲဒါကို အမုန်းဆုံးပဲ၊ ဘယ်လောက်ပဲ မိန်းမစိတ်ပေါက်နေပါစေ အိမ်ထောင်ရှိတဲ့ ယောကျ်ားတစ်ယောက်နဲ့ဖောက်ပြန်တာကတော့ အရမ်းကို စိတ်ဓာတ်အောက်တန်းကျလွန်းတယ်"

ပြင်းထန်သော စွပ်စွဲချက်တွေက ရင်ထဲမှာ စိုးထိတ်နေသော အကြောင်းအရာနှင့် လုံးဝလွဲချော်၍နေသည်။

"ငြိမ်းက မင်းဘုံနဲ့အလွမ်းကို သံသယဖြစ်နေတာလား၊ အဲဒါဆိုရင်တော့ အလွမ်းကို ငြိမ်း အထင်လွဲနေတာပါ၊ ငြိမ်းရယ် အလွမ်း ခုချိန်ထိ ပါးစပ်ယားလို့သာ လျှောက်ပြောနေတာ ဘယ်ယောကျ်ားနဲ့မှ မပတ်သက်ဖူးပါဘူး"

"ဒါဆို မယားကြီးလုပ်တဲ့သူ အလွမ်းဆိုတဲ့နာမည်ကိုမေးပြီး ဒီအထိ လိုက်လာပါ့မလား၊ သူ့ယောကျ်ားနဲ့ ဖောက်ပြန်နေတာ အလွမ်းပါလို့ ပြောသွားတာကရော"

အလွမ်း ငိုချင်သွားသည်။ ဘာအမှားမှ မလုပ်ဘဲနှင့် ဘာ





ကြောင့် အလွမ်းပါလို့ အမည်နာမတပ်ပြီး စွပ်စွဲနေရတာလဲဆိုတာ စဉ်းစား၍မရ။ အဲဒီမယားကြီးဆိုတာက ဘယ်ကလဲ ဘယ်သူလဲ။

တစ်ခုခုတော့ မှားနေပြီထင်တယ်။

"မဟုတ်ဘူး မဟုတ်ဘူး ငြိမ်းထင်ထားတာတွေ ဘာမှမဟုတ်ဘူး၊ အလွမ်း အဲလို အမှားမျိုး ဘယ်တုန်းကမှ မကျူးလွန်ဖူးဘူး အဲဒါကိုယုံ"

အကြောက်အကန် ငြင်းနေသော အလွမ်း၏အသံသည် လူခြေတိတ်ချိန်မို့ ဟိန်းနေသည်။ ညကောင်းကင်မှ ကြယ်တွေပင် လန့်သွားလေသလားဟင်။

ငြိမ်း ဘေးဘီဝဲယာကို မလုံမလဲ ငဲ့ကြည့်ရင်း

"အလွမ်း ဖြည်းဖြည်းပြောစမ်းပါ၊ သူများတွေ အိပ်နေကြပြီ နိုးလာကြရင် ငြိမ်းနဲ့ရှင့်ကို တစ်မျိုးထင်ကုန်ကြလိမ့်မယ်"

"မဟုတ်သေးဘူး ငြိမ်းရယ်၊ ဘုရားပေးပေး ကျမ်းပေးပေးပါ ငြိမ်း ထင်ထားတာတွေ တစ်ခုမှမဟုတ်ပါဘူး၊ အလွမ်း အသက်နဲ့ရင်းပြီး ကျိန်ဆိုကျိန်ပါ့မယ်"

ဒူးထောက်မတတ် ဖြေရှင်းပြသည့်တိုင် ငြိမ်း မျက်နှာပေါ်မှာ သံသယရိပ်တို့ မပြယ်သေး။

အလွမ်းလည်း ဒီထက်ပိုပြီး ငြင်းဆန်ဖို့ စကားလုံးမရှိတော့။

■ ■ ■

## အခန်း (၂၆)

''ဒီညရော ဘယ်လိုအကြောင်းပြချက်ပေးပြီး အလုပ်မှာအိပ်မယ်လို့ ပြောဦးမလဲ မင်းဘုံ''

အကျီကြယ်သီးတွေ တစ်လုံးချင်းတပ်ပေးရင်း ပြောလာသော ငြိမ်းကို နေမင်းဘုံ နှစ်သိမ့်အနမ်းပေးလိုက်ပြီး

''ဒီည အလုပ်ပါးတယ် ပြန်လာမှာပါ စိတ်ချ၊ လုံးဝ ကတိပေးတယ်''

''ဒါဆိုရင် ညနေ ပီဇာ ဝင်ဝယ်ခဲ့၊ ငြိမ်း ပီဇာစားချင်တယ်''

''စိတ်ချ ကိုယ့်မိန်းမ စားချင်တာဆို ဘာမဆိုဝယ်ခဲ့ပေးမယ်''

အပြောချိုချို အနမ်းချိုချိုတွေနှင့် ချွေးသိပ်နေသော နေမင်းဘုံအပေါ် ငြိမ်း လုံးဝသံသယရှိသည့်အတွက် အပေါ်ထပ်မှ ချောင်းကြည့်နေသော အလွှမ်းမှာသာ အားမလိုအားမရ ဖြစ်မိသည်။





အမှားတွေအများကြီး လုပ်ထားသူကိုတော့ ယုံစား၊ အချစ်တွေပေးဆပ်ပြီး အလွှမ်းကိုတော့ သံသယတွေနှင့် နှိပ်ကွပ်တတ်သော ငြိမ်းကို အလွှမ်း နားမလည်နိုင်။

''ငြိမ်း ခုတစ်လော နေသိပ်မကောင်းဘူး မင်းဘုံ ညနေဆေးခန်းသွားမလို့''

မင်းဘုံ ရင်ခွင်ထဲ ခိုဝင်ကာ ချွဲပျစ်ပျစ်လေး ပြောလိုက်သော ငြိမ်းကို မင်းဘုံ အလိုက်သင့်ဖက်တွယ်ရင်း နဖူးနှင့်မျက်နှာအနှံ့ကို နမ်းလိုက်သည်။

အလွှမ်း ချောင်းကြည့်နေရင်းမှ မဲ့လိုက်သည်။

ငြိမ်းကလည်း ဒီအပြုအမူလေးတွေနဲ့တင် ကြွေနေတာ မင်းဘုံမှာ ခင်မမနိုင်ဆိုသော မိန်းမနှင့်သားသမီးရှိတယ်ဆိုတာသာ ငြိမ်း သိခဲ့လျှင် ခုလို သာသာယာယာနှင့် ပွေ့ဖက်အနမ်းရှိုက်ခံတော့မလား။

ပုတ်လျှင်ပေါ် ဟုတ်လျှင်ကျော်မည်မို့ အလွှမ်းကစပြီး မင်းဘုံ၏ လုပ်ရပ်တွေကိုစပြီး ဖော်ထုတ်စရာမလို။ သူ့အလိုလို ငြိမ်း သိလာလိမ့်မည်ဟုပဲ သဘောထားကာ အချိန်ကို စောင့်လိုက်တော့မည်။

အတွေးတို့ရှည်လျားနေစဉ်မှာပင် မင်းဘုံ အခန်းအပြင်သို့ ထွက်သွားသည်။ ငြိမ်းပါ အခန်းထဲမှာ မရှိတော့။

အလွှမ်းလည်း ဆိုင်သွားရဦးမည်မို့ ရေချိုးဖို့ အရှိန်ယူလိုက်သည်။

သိပ်မကြာလိုက် အလွှမ်းတို့ တန်းလျားရှေ့သို့ ကားတစ်စီး

ထိုးရပ်လိုက်သံ ကြားရသည်။ ကိုယ်နှင့်မဆိုင်သောကိစ္စမို့ အလွမ်း လုပ်စရာရှိတာကို ခပ်အေးအေး လုပ်နေခိုက်

"အလွမ်း ၊အလွမ်းရှိလား"

"ရှိပါတယ်"

ကြားဖူးသလိုလိုရှိသော အမျိုးသမီးတစ်ယောက်၏ခေါ်သံကြောင့် ရေချိုးပြီးလျှင်ဝတ်ရန် အဝတ်အစားကြိုထုတ်နေသော အလွမ်းမှာ အသံကိုအရင်ပေးပြီး လူက နောက်မှထွက်လာခဲ့လိုက်သည်။

"ဟော့တော် မမနိုင်"

ဆိုင်ကိုလာနေကျ ကာစတန်မာ မမနိုင်ကိုမြင်ပြီး အလွမ်းအံ့လည်းအံ့ဩသွားသည်မို့

"အလွမ်း ဒီမှာနေတာ ဘယ်လိုသိလဲ မမနိုင်"

မမနိုင်မျက်နှာသည် ဆိုင်မှာတွေ့တုန်းကလို ပြုံးချိုကြည်လင်မနေ။ အနည်းငယ် တည်နေသည်ဟု အလွမ်းစိတ်မှာ ထင်လိုက်သည်။

"ဒီလိုပဲ မေးမြန်းစုံစမ်းထားရတာပေါ့ကွယ်"

"လာ ထိုင်ပါ မမနိုင်"

အလွမ်းနှင့်ငြိမ်း ထိုင်ဖို့ဟု ရည်ရွယ်ကာ ဝယ်ထားသော ဖိုက်ဘာ ကုလားထိုင်လေးမှာ ဖော်ရွေသောအပြုံးဖြင့် ထိုင်ခိုင်းလိုက်သည်။

မမနိုင် ခပ်တည်တည်မျက်နှာပေးဖြင့် ဝင်ထိုင်ပြီး အိမ်ရှေ့ခန်းကျဉ်းကျဉ်းလေး၏အပြင်အဆင်ကို ဝေ့ကြည့်လိုက်သည်။

"မမနိုင် အလွမ်းဆီလာတာ ကိစ္စရှိလို့လား"





အားနာပေမယ့်လည်း မလာဖူးသောဧည့်သည်မို့ အကြောင်းအရင်းကိုတော့ မေးမှဖြစ်မည်။ ခင်လို့လာလည်တယ်ဆိုတာ ဖြစ်မှ မဖြစ်နိုင်တာ။

"သိပ်ရှိတာပေါ့ အလွမ်းရယ်၊ မမနိုင်လေ မင်းကို မိန်းမလျှာဆိုပေမယ့် ရိုးသားတယ်လို့ပဲ ယုံကြည်ခဲ့မိတယ်"

ဗုဒ္ဓေါ ရိုးသားတယ်လို့ ယုံကြည်ခဲ့မိတယ်ဆိုတော့ ခု အလွမ်းက မရိုးသားတော့ဘူးဆိုတဲ့ သဘောလား။ မမနိုင် ဘာကိုရည်ရွယ်ပြီး ပြောချင်တာလဲ။ ဘာကိစ္စများဖြစ်နေလို့လဲ။ ခုချိန်ထိ မမနိုင်နှင့် ထွေထွေထူးထူး ပတ်သက်ဖူးခြင်းမရှိခဲ့၍ ရင်ထဲမှာ ပဟေဠိဆန်နေသည်။

"မင်း ဘာကြောင့် မမနိုင်ရဲ့အိမ်ထောင်ရေးကို ဖျက်ဆီးဖို့ကြိုးစားနေရတာလဲ အလွမ်း"

"ဟင် ဘယ်လို"

လာပြန်ပြီ တစ်ယောက်။ မနေ့ကပဲ ငြိမ်းက အတိအလင်းသိနေသယောင်နှင့် အားမနာတမ်း စွပ်စွဲပြီးသွားပြီ။ ယခု မမနိုင်ကလည်း စွပ်စွဲပြန်ပြီ။

"မမနိုင်ယောကျ်ားနဲ့မင်း ဖောက်ပြန်နေကြတာ မင်းမငြင်းနဲ့အလွမ်း"

ထိုစွပ်စွဲချက်ကြောင့် မျက်လုံးနှစ်လုံး အဆမတန် ပြူး၍သွားသည်မှာ ခေါင်းမှဆံပင်အတုပင် ကျွတ်ထွက်မတတ်။

"မင်း မင်းဘုံလား"

“ဟုတ်တယ်လေ နေမင်းဘုံနဲ့မင်း ဖောက်ပြန်နေကြလိမ့်မယ်လို့ ဘယ်လိုမှ ထင်မထားဘူး၊ ယောက်ျားအချင်းချင်းကွယ် အောက်တန်းကျလိုက်ကြတာ”

လွဲပြီ လွဲတာမှ အကြီးကြီးကို လွဲနေတာပဲ။ ငြိမ်း ဘာကြောင့် စွပ်စွဲချက်တွေနဲ့ သံယောဇဉ်ဖြတ်ဖို့ကြိုးစားခဲ့သလဲဆိုတာ အလွမ်း ခုမှပင် ဂဃနဏ သိတော့သည်။ မမနိုင်၏ ယောက်ျားဟာ နေမင်းဘုံဆိုတာကို ငြိမ်း မသိသေး၍သာ စွပ်စွဲချက်တွေက အားနာမှုလုံးဝမရှိတာ ဖြစ်မည်။

ဘယ်လိုလုပ်ရပါ့။

“မင်း ဘာလိုချင်လို့ မမယောက်ျားနား ကပ်နေရတာလဲ”

အလွမ်း သက်ပြင်းရှည်ကြီးကို ဟင်းခနဲ ချလိုက်သည်။

ဘယ်လိုရှင်းပြရပါ့။ လူမှားပြီး လာစွပ်စွဲနေကြောင်း အဖြစ်မှန်ကိုရှင်းပြချင်ပေမယ့် ငြိမ်းဘက်ကို မြားဦးလှည့်သွားနိုင်သည်။

“အဲဒီမေးခွန်းမျိုးကို နေမင်းဘုံကို မေးခဲ့ဖူးလား မမနိုင်”

ခင်မမနိုင် နှုတ်တို့ဆွံ့အသွားသည်။ ပြီးမှ ဟန်ပြန်ကို့ပြီး

“အဲဒါ တို့အပိုင်းပါ၊ မောင်က မင်းအတင်းလိုက်ကပ်လို့ မျက်နှာ သာ မရှောင်သာ ပတ်သက်နေရတာဖြစ်မှာ”

ကိုယ်လိုရာ ဆွဲပြောနေသော မမနိုင်ကိုကြည့်ပြီး သူလည်း သဘောထားသေးသိမ်တဲ့မိန်းမတစ်ယောက်ပဲဟု စိတ်ထဲက ဝေဖန်လိုက်သည်။

“ဒီမှာ မမနိုင်၊ အလွမ်းနဲ့မင်းဘုံကြားမှာ ဘာအကန့်မှမရှိဘူး





ရဲရဲဝံ့ဝံ့ပင် ငြင်းလိုက်သည်။ မမနိုင် မဲ့ခနဲ ပြုံးလိုက်ပြီး သူ့ဖုန်းထဲမှ ဓါတ်ပုံကို ထုတ်ပြသည်။

“မင်း ဘယ်လိုငြင်းငြင်း ဒီသက်သေက ခိုင်လုံနေပြီပဲ ဘာလို့ ဖြောင်လိမ်နေရတာလဲ”

“ဟင်”

အံ့သြလွန်း၍ ပါးစပ်အဟောင်းသား ဖြစ်သွားရသူမှာ အလွမ်းပင်ဖြစ်သည်။

ဒါ ကော်ဖီဆိုင်မှာ ငြိမ်းထွက်သွားတုန်း အလွမ်းနှင့်မင်းဘုံ ရန်ဖြစ်ကြရင်း အလွမ်း အရှုံ့တိုက်နမ်းပြီး မုန့်ခွံ့ကျွေးနေတဲ့ပုံဖြစ်သည်။ ဒါကြောင့် မမနိုင် အထင်လွဲတာပဲဖြစ်မည်။

ဩော် လွဲလိုက်တာမှ အလွဲကြီးကို လွဲတာပဲဟု စိတ်ထဲက ပြောပြီး အသံထွက်အောင် ရယ်လိုက်သည်။

“အဟင်း ဟုတ်တယ် အဲဒီပုံ အရမ်းရယ်ရတယ်နော်၊ မင်းဘုံလေ သူက အလွမ်းကို လူပုံအလယ်မှာ ဖွတ်နမ်းခိုင်းတယ်၊ မနမ်းရင် ကော်ဖီဆိုင်ထဲကလူတွေကြားအောင် အလွမ်းကိုအရမ်းချစ်နေကြောင်း လူကြားအောင် အော်ပြောမယ်ဆိုလို့ အလွမ်းက နမ်းလိုက်ရတာပါ”

ကဲ မှတ်ကရော ဒီလောက်တောင် အထင်လွဲနေတာ လွဲပေါ့။ အလွမ်းက နစ်နာစရာမှမလိုတာ။

“အဟုတ်ပြောတာ မယုံရင် မင်းဘုံကိုမေးကြည့်၊ ခုချိန်ထိ အလွမ်းနဲ့မင်းဘုံ မမနိုင်ထင်သလို ဘာမှမပတ်သက်ရသေးပါဘူး၊ မယုံ

ရင် မင်းဘုံကိုပြန်မေးကြည့်လိုက်ပါ''

''ဒါဆိုရင် သူ့ ညဘက်တွေမှာ ဘယ်မှာသွားအိပ်နေသလဲ၊ အဲဒါ မင်းနဲ့အတူရှိတာ မဟုတ်ဘူးလား''

ဒွဲ့ပင် မေးလိုက်တော့သည်။ အလွမ်း တွန့်ခနဲ ဖြစ်သွားပြီး

''ဘုရားရေ အဲဒါ အလွမ်းကို လာမေးရလား အမလေး နားရှက်လိုက်တာ၊ ဒီက အပျိုစင်စစ်စစ်ပါ၊ ခုချိန်ထိ လိင်တူဆက်ဆံဖူးခြင်း မရှိသေးပါဘူးနော်''

ရင်ဘတ်ကလေး ဖိပြီး အရှက်သည်းစွာဖြင့် ငြင်းလိုက်သည်။

မမနိုင် သံသယအကြည့်တွေ သံသယစကားလုံးတွေကို ပြန်မရုပ်သိမ်းဘဲနှင့် အလွမ်းအိမ်ပေါ်မှ ဆင်းသွားသည်။

ဘာပဲဖြစ်ဖြစ် အလွမ်း ကျေနပ်သည်။ ငြိမ်း၏ဂုဏ်သိက္ခာကို တတ်စွမ်းသလောက် ကာကွယ်ပေးနိုင်လိုက်ခြင်းကြောင့် ဖြစ်သည်။

■ ■ ■



## အခန်း (၂၇)

လှေကားအတက်အဆင်းတွင် ရပ်နားထောင်နေမိသော ငြိမ်းသည် ဒေါသခြေလှမ်းတွေဖြင့် အလွမ်း၏အခန်းမှ ထွက်လာပြီး ငြိမ်းကို ပြုံးပြသွားသော ကျေးဇူးတင်အပြုံးကို ငြိမ်း ပြန်၍ပင် မပြုံးနိုင်တော့။

ရပ်နေသော ခြေအစုံက လှေကားပေါ်မှ ဒလိမ့်ခေါက်ကွေး ပြုတ်ကျသွားမလား ထင်ရအောင် ရင်ထဲမှာရော ခေါင်းထဲမှာပါ တရိပ်ရိပ်နှင့် မူးဝေဆို့တက်လာသည်။

နေမင်းဘုံနဲ့အလွမ်းနဲ့ ဖြစ်နေတယ်ဆိုတာထက် ခုလာသော မမနိုင်ဆိုသော အမျိုးသမီးသည် နေမင်းဘုံ၏ဇနီးတဲ့။ ကြားကြားချင်း ယုံပင်မယုံနိုင်။

ဒါနဲ့များ ငြိမ်းက ဘာကြောင့် အလွမ်းကို အပြစ်တွေတင်မိပါလိမ့်။

"ဟင် ငြိမ်း ဘာဖြစ်တာလဲ"

"ချွေးစေးတွေပြန်ကာ မျက်လုံးတွေပြာဝေလာသော ငြိမ်းသည် လှေကားထစ်တွေပေါ်ကို အရှပ်ကြိုးပြတ် ထိုင်ချလိုက်တော့သည်။

အလွှမ်း အသံကို ကြားလိုက်မိပေမယ့် ဘာမှပြန်၍ မဖြေနိုင်။

"ငြိမ်း ငြိမ်း"

"လာကြပါဦး ဦးပြုံးချို ကြီးတင်မြ ဒီမှာ ငြိမ်း ဘာဖြစ်လဲ မသိဘူး လုပ်ကြပါဦး"

အသားတွေအေးစက်ကာ ဖြူဖျော့သွားသော ငြိမ်းကိုကြည့်ပြီး အလွှမ်း သွေးရူးသွေးတန်း အော်ဟစ်အကူအညီတောင်းတော့၏။

"ဘာဖြစ်တာလဲ အလွှမ်း"

အခန်းကိုယ်စီမှ အသံကြား၍ ပြေးထွက်လာကြသည်။

"ဒီမှာ ငြိမ်း ဘာဖြစ်တာလဲ မသိဘူး"

ကြီးကြီးတင်မြနှင့် အန်တီခိုင်မာလည်း ငြိမ်း၏ခြေတွေလက်တွေကို နှိပ်နယ်ပေးကြရင်း

"ခြေဖျားလက်ဖျားတွေ အေးစက်နေပြီ ဆေးခန်းသွားမှဖြစ်မယ်"

"အေး အေး ငါ ဆိုက်ကားသွားခေါ်လိုက်မယ်"

အရက်နံ့တထောင်းထောင်းထအောင် သောက်ထားသော ဦးပြုံးချိုသည် လှေကားပေါ်မှ ပြေးဆင်းပြီး ဆိုက်ကားသွားခေါ်ဖို့ ထွက်သွားသည်။





ငြိမ်း ခုလိုဖြစ်တော့ တန်းလျားတစ်ခုလုံး အားလုံး ပျာယာခတ်ကုန်တော့၏။

■ ■ ■

ဆေးခန်းသို့ ကြီးတင်မြနှင့်အလွှမ်းတို့ လိုက်ပို့ကြသည်။ ငြိမ်း ဘာများဖြစ်သလဲဟူသော စိုးရိမ်စိတ်တို့သည် ဆရာဝန်က ကိုယ်ဝန်ရှိနေပြီဟု ပြောလိုက်တော့မှ ဟင်းလုံးချနိုင်တော့သည်။

ဆေးခန်းမှ ပြန်လာကြသော ငြိမ်းနှင့်အလွှမ်းတို့ ဆိုက်ကားပေါ်မှပင် မဆင်းသေး ဦးပြုံးချိုတို့ အူယားဖားယား လှမ်းမေးကြသည်။

"ဘာဖြစ်တာတဲ့လဲဟေ့ ဆရာဝန် ဆေးထိုးပေးလိုက်လား"

ကြီးတင်မြက အရင် အော်ချက်ထုတ်သည်။

"ကိုယ်ဝန်ရှိနေတာတဲ့ဟေ့ ကိုယ်ဝန်ရှိနေတာတဲ့"

"ဟေ့ ဟုတ်လား၊ အေး ကောင်းတယ် ကောင်းတယ်"

"ငါ ထင်တော့ထင်သားပဲ ဘာပဲဖြစ်ဖြစ် ငါတို့တန်းလျားလေး ကလေးငိုသံတွေနဲ့ စည်ဝေဦးတော့မှာပဲဟေ့"

အန်တီခိုင်မာ သူ့ထင်ကြေးမှန်၍ အာပေါင်အာရင်းသန်သန်နှင့် ပြော၏။

ငြိမ်းကတော့ ခပ်ယဲ့ယဲ့သာပြုံးပြနိုင်ပြီး ဘာမှပြန်မပြောနိုင်။

"ငြိမ်း ဖြည်းဖြည်းလျှောက်နော် ခုချိန်ကစပြီး အနေအထိုင် အသွားအလာ ဆင်ခြင်ရတော့မှာ"

ငြိမ်းကို အိမ်ထဲထိ တွဲပို့သော အလွှမ်းကို အားနာလွန်း၍

ဘာစကားက စပြောရမှန်းမသိတော့၍ တသိမ့်သိမ့်သာ ရှိုက်ငိုလိုက်သည်။

တကယ်တမ်း ဖောက်ပြန်ခဲ့တာက အလွမ်းမဟုတ်ဘဲ ငြိမ်းယုံမှားပြီး ပုံအပ်ခဲ့တဲ့ မင်းဘုံဖြစ်နေတာဟာ ငြိမ်းဘဝကို အရှင်လတ်လတ် အဆိပ်ကျွေးသတ်လိုက်သလိုပါပဲ။ ငြိမ်းက အငယ်အနှောင်းဖြစ်ရပြီဟူသော နှောင်တတွေကလည်း လောကကြီးထဲမှာ နည်းနည်းမှကို အသက်ရှင်ချင်စိတ်မရှိတော့။

"အလွမ်း ငြိမ်း ဘာလုပ်ရမလဲ၊ ငြိမ်း သိပ်မှားတယ်"

"ဟော့တော် ငြိမ်းက ဘာကိုမှားရမှာလဲ၊ ငြိမ်းမှာကိုယ်ဝန်ရှိလို့လား၊ ဒါအမှားမှမဟုတ်တာ ဒါ ရတနာပဲလေ"

"မဟုတ်ဘူး အဲဒါကိုပြောတာ မဟုတ်ဘူး၊ မင်းဘုံကို လူကောင်း ထင်ပြီး ငြိမ်း လိုက်လာမိတာကိုပေါ့၊ အဲဒီခင်မမနိုင်ဆိုတဲ့အမျိုးသမီးက မင်းဘုံရဲ့မယားကြီးမှန်း ငြိမ်းအစကမသိခဲ့ဘူး၊ ဒါနဲ့များ အမှန်အတိုင်း ဖွင့်ပြောလိုက်ပေါ့ တကယ်တမ်းမင်းဘုံနဲ့ပတ်သက်နေတဲ့သူက အလွမ်းမှ မဟုတ်တာ ငြိမ်းပဲလေ၊ အလွမ်းက အထင်လွဲခံရတာပါ"

အလွမ်း ခပ်ယဲ့ယဲ့ပြုံးပြီး

"ငြိမ်းရယ် အလွမ်းကလေ အသက်သာအသေခံလိုက်မယ်၊ ငြိမ်း လူပုံအလယ်မှာ အရှက်ကွဲမယ့်အဖြစ်မျိုး ဘယ်တော့မှ အဖြစ်မခံဘူး ငြိမ်းရဲ့"

"ဒါပေမဲ့ အလွမ်း အရှက်ကွဲရပြီမဟုတ်လား"





"အဟက် အလွမ်းလို ဟိုမရောက် ဒီမရောက် အခြောက်မတစ်ယောက်က ဒီလောက်ကလေး ကွဲတဲ့အရှက်ကို အထင်သေး လှောင်ပြောင်သရော်တာကို ခံရလွန်းလို့ အရေထူနေပါပြီ ငြိမ်းရာ"

"ငြိမ်း တောင်းပန်ပါတယ်"

မျက်လွှာကို အောက်ချကာ တောင်းပန်တိုးလျှိုးနေသော ငြိမ်း၏ဖြူဖွေ့ဖွေ့ လက်အစုံကို အားပေးသည့်အနေနှင့် ဆုပ်ကိုင်ကာ

"အလွမ်းကို တောင်းပန်ဖို့မလိုပါဘူး ငြိမ်းရယ်၊ ငြိမ်းက အလွမ်းအပေါ် ကရုဏာဒေါသဖြစ်တယ်ဆိုတာ အလွမ်း သိတာပေါ့၊ နောက်ပြီး လူတိုင်း အမှားမကင်းနိုင်ကြဘူး"

အလွမ်းလည်း ငြိမ်းအပေါ် အမှားလုပ်ထားမိတာပါပဲဟု ပြောချင်ပေမယ့် အလွမ်း ဝန်ခံဖို့ နှုတ်မရဲပါ။

"ဟုတ်တယ်နော် အလွမ်း၊ ကိုယ့်ကိုယ်ကိုယ် အမှားကင်းပါတယ်လို့ အမြဲခံယူနေတဲ့ ငြိမ်းတောင်မှ ကိုယ်မသိလိုက်တဲ့အမှားတစ်ခုကြောင့် ဘဝကြီး ဂျွမ်းထိုးမှောက်ခုံ ဖြစ်ရပြီ"

ပြောရင်း တသိမ့်သိမ့် ရှိုက်ငိုပြန်သည်။

"ငြိမ်းရယ် မငိုပါနဲ့၊ ခုလည်း ကိုယ်ဝန်ရှိနေပြီပဲ၊ သူ ငြိမ်းကို ပစ်သွားမယ် မထင်ပါဘူး"

"ဟင့်အင်း သူ ပစ်သွားမှာကို ငြိမ်း စိုးရိမ်လို့ ငိုနေတာ မဟုတ်ပါဘူး၊ လူတစ်ယောက်ရဲ့အလိမ်အညာကို အချိန်အကြာကြီး ခံစားရတဲ့ ငြိမ်းရဲ့ညံ့ဖျင်းမှုကို ငြိမ်း ခံပြင်းဒေါသဖြစ်လွန်းလို့ပါ"

"တချို့ အမှန်တရားတွေက ကိုယ်တိုင်ကိုယ်ကျ မှားပြီးမှ ထွက် ပေါ်လာတတ်တာ အလွမ်းလည်း ခုလက်ရှိဘဝကို ငြီးငွေ့သလိုလို သိမ် ငယ်သလိုလို ခံစားလာရပြီ၊ ဒါကြောင့် အမှန်တရားတစ်ခုထဲကို ပြန်ပြီး ခိုဝင်မလားလို့"

အလွမ်း၏စကားကြောင့် မျက်ရည်တွေကြားထဲမှ ငြိမ်း ခေါင်း တဆတ်ဆတ် ညိတ်လိုက်ပါသည်။

"ကောင်းတယ် အလွမ်း၊ ငြိမ်း အလွမ်းဆန္ဒတွေကို အသိ အမှတ်ပြုထောက်ခံတယ်"

"တကယ်နော် ငြိမ်းရဲ့ခင်မင်မှုတွေ လျော့မသွားရဘူးနော်"

"ဟင့်အင်း အလွမ်းက ငြိမ်းရဲ့အကောင်းဆုံး သူငယ်ချင်းပါ"

"ဒါဆို အလွမ်းဘဝကို ဒီနေ့ကစပြီး ပြုပြင်လိုက်တော့မယ်"

ငြိမ်း မျက်ရည်စတွေကြားမှ အပြုံးယဲ့ယဲ့ဖြင့် ခေါင်းညိတ်လိုက် သည်။

ရင်ထဲက သောကတွေကတော့ မုန်တိုင်းလို ထန်နေဆဲပါပဲ။ မင်းဘုံ ပြန်လာလျှင် ငြိမ်း ဘယ်အကြောင်းအရာကို အရင်စပြီး အသိ ပေးရမလဲ။

မယားကြီး လိုက်လာသည်ဆိုသည့်ကိစ္စကိုလား ဒါမှမဟုတ် ငြိမ်းမှာ ကိုယ်ဝန်လွယ်ထားရပြီဆိုသည့်အကြောင်းကိုလား။

ဟင့်အင်း။ ငြိမ်း ဖြစ်နိုင်လျှင် ဘာမှမပြောချင်ပါ။ ငြိမ်းရင်ထဲက နာကျည်းခံပြင်းစရာကောင်းသည့် ဒေါသတွေကိုလည်း သူမသိအောင်





တ်မပြချင်သလို သူ့ရဲ့အကြောင်းပြ ဖြေရှင်းချက်တွေကိုလည်း ငြိမ်း းမထောင်ချင်တော့။

သူ့အနားမှ တိတ်တိတ်ကလေးပဲ ထွက်သွားချင်နေမိတော့ သည်။

■ ■ ■

## အခန်း (၂၈)

"ဒါက ဘယ်လဲ မောင်"

ည ရှစ်နာရီထိုးမှ အဝတ်အစားလဲပြီး အပြင်ထွက်ဖို့ ဟန်ပြင်နေသော မောင့်ကို ခင်မမနိုင် မသိမသာ စောင့်ကြည့်အကဲခတ်နေရင်း ခပ်ဆတ်ဆတ် မေးလိုက်ခြင်းဖြစ်သည်။

"ဆိုဒ်ထဲက အလုပ်သမားတွေ စကားများလို့တဲ့ မောင့်ကို ခုပဲ ဖုန်းဆက်တယ် မမ၊ ဒါကြောင့် မောင် လိုက်သွားရမယ်"

ခင်မမနိုင် ပြုံးသည်။ ညာပြောနေသည်ဆိုတာ အသိသာကြီးပဲ။

"မောင့်အကြောင်းပြချက်တွေက တစ်နေ့တစ်မျိုး မရှိဘူးနော် မောင်"

"ဘာလဲ မမရာ မောင့်ကို ညာနေတယ် ထင်လို့လား"

"ဒါပေါ့ မောင် ဘယ်ကိုသွားမယ်ဆိုတာကိုပါ မမ သိနေတယ်"





နေမင်းဘုံ ခင်မမနိုင်ကို တအံ့တဩဖြင့် စောင်းငဲ့ကြည့်ပြီး

"ဘယ်လို မောင် ဘယ်ကိုသွားမယ်ဆိုတာကို မမက သိနေတယ် ဟုတ်လား၊ အဲဟက် ကဲ ပြောစမ်းပါဦး ခု မောင် ဘယ်ကိုသွားမှာလဲ"

ခနိုးခနဲ့ ရယ်ရင်း မေးလိုက်သည်။

"အလွမ်းဆီကိုလေ"

အလွမ်းဆို၍ မျက်လုံးပြူးသွားသည်။ ဘာကြောင့် အလွမ်းကို မမက သိနေရတာလဲ။ တကယ်ဆို ငြိမ်းဆိုလျှင်တောင် ကိုယ့်ဖောက်ပြန်မှုကို မမ သိသွားပြီဆိုပြီး အမှန်အတိုင်း ဝန်ခံရင်ဝန်ခံရဦးမယ်။ ခုတော့ အလွမ်းတဲ့။ တစ်ခုခုတော့ လွဲနေပြီဟု တွေးလိုက်သည်။

"အလွမ်း ဟုတ်လား ဘာလဲ အလွမ်း"

"မောင်နဲ့ဖောက်ပြန်နေတဲ့ တစ်ယောက်လေ"

"ဘာ ဟား မမရယ် ဒုက္ခပါပဲ အဲဒီအလွမ်းက အခြောက်ကြီးလေ"

"သြော် သိတော့သိတယ်ပေါ့"

ခနဲ့ပြီး မေးသည်။

"သိတယ် ဒါပေမဲ့ မိတ်ဆွေသူငယ်ချင်းလိုမျိုး ခင်ပြီးသိတာမဟုတ်ဘူး၊ မောင့်ရဲ့ဘော်ဒါတစ်ယောက်နဲ့ ပတ်သက်ပြီးသိတာ၊ အရှင်းဆုံး ပြောရရင် သူက မောင့်ကိုလိုက်ကပ်နေတာ"

"ဒါနဲ့ပဲ နိုင်ငံခြားတွေမှာလို လိင်တူဆက်ဆံလိုက်တယ်ပေါ့

ဟုတ်လား မောင်''

ထိုစကားကြောင့် နေမင်းဘုံ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး မမကို လှမ်းဖက်လိုက်သည်။

''အို နေပါ''

ခင်မမနိုင် တွန်းထုတ်သည်။

''မောင့်ကို အဲဒါကြီးနဲ့ နိူင်းလိုက်တာ တကယ် စိတ်လေတယ်မမရာ၊ ဒီအခြောက်ကို မောင်က စိတ်ဝင်စားစရာလား၊ အနားကပ်လာရင်တောင် မောင့်မှာ စိတ်ပျက်လွန်းလို့''

''ဒါကြောင့် ကော်ဖီဆိုင်မှာ တစ်ယောက်နဲ့တစ်ယောက် မှန်ခွဲကျွေးပြီး သူ့အနမ်းကို ကြည်ကြည်နူးနူး လက်ခံနေတာပေါ့''

''ဟင်''

ဟိုးအရင်ရက်က ငြိမ်းနဲ့ဈေးဝယ်ထွက်တုန်း နောက်ကနေ ကန့်လန့်ကန့်လန့် လိုက်ပါလာသောနေ့က အဖြစ်ကို သတိရသွားသည်။

ဗုဒ္ဓေါ ကံကောင်းလို့ ငြိမ်းကို မမြင်လိုက်တာပေါ့။

''ဟာ အဲဒါ အထင်လွဲတာ မောင့်သူငယ်ချင်းနဲ့ ကော်ဖီဆိုင်ထိုင်နေတုန်း သူ ရောက်လာတာလေ၊ မောင့်သူငယ်ချင်းက သူဝယ်ထားတဲ့ပစ္စည်း မေ့ကျန်ခဲ့လို့ သွားပြန်ယူနေတဲ့အချိန်မှာ သူက မောင့်ကို မုန့်တွေအတင်းခွံ့ကျွေးနေလို့ မောင်ကလည်း အရွဲ့တိုက်ပြီး သူ့ပါးစပ်ထဲ ပြန်ထိုးထည့်လိုက်တာ၊ ဒါပဲ ကျန်တာ ဘာပတ်သက်မှုမှ မရှိဘူး''

ငြိမ်းနေရာမှာ တခြားသူငယ်ချင်းတစ်ယောက်ကို အစားထိုး





ပြီး အကြောင်းပြချက်ပေးလိုက်သည်။

ခင်မမနိုင်ဆိုတာ လူကဲခတ်အင်မတန်တော်သော သတင်းထောက်ကောင်းတစ်ယောက်မို့ လိမ်သာလိမ်နေရသည့် နေမင်းဘုံ စိတ်ထဲ သိပ်တော့မလုံချင်။

''အင်းလေ မမ ဒီထက်ပိုသေချာအောင် စုံစမ်းပြီးမှပဲ မောင်ပြောတာ မှန်တယ် မမှန်ဘူးဆိုတာကို အတိအကျပြောတော့မယ် ကဲ စောင့်နေတဲ့သူလည်း စောင့်နေလောက်ရောပေါ့ သွားတော့လေ မောင်''

''အင်း ဒါ ဒါဆို မောင်သွားတော့မယ်နော် ဂွတ်နိုက်''

''ဂွတ်နိုက်ပါ မောင်''

အခွင့်အရေးပေးတုန်း အချိန်ဆက်ပြီး မဆွဲချင်သဖြင့် မြန်မြန်ထွက်သွားပုံရသည်။ ခင်မမနိုင်ကို တစ်ချက်တောင် လှည့်မကြည့်တော့။

ဖုန်းယူပြီး မောင်ဖြစ်သူ စိုးကျော်ဆန်းကို လှမ်းဆက်လိုက်သည်။

''မောင်လေးရေ သူ ထွက်သွားပြီ၊ မမကြီးပြောတဲ့ ရပ်ကွက်မှာ သွားကြိုစောင့်နေလိုက်တော့ မင်းအရင်ရောက်သွားပါစေနော်''

စပိုင်လွှတ်လိုက်ပြီမို့ မကြာခင်မှာ အမှန်တရားတစ်ခုက မမရှေ့ကို ဘွားခနဲ ပေါ်လာတော့မည်။

''ဘာ ငြိမ်းမှာ ကိုယ်ဝန်ရှိနေတယ် ဟုတ်လား''

ဝမ်းသာပြီး ငြိမ်းအပေါ် သံယောဇဉ်ပိုလောက်မည်ဟု တိတ်တခိုး မျှော်လင့်ထားသောအရာတို့သည် မင်းဘုံ၏ မနှစ်မြို့သောအမူအရာ

တွေကြောင့် အငွေ့ပျံထွက်ကုန်၏။

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ မင်းဘုံ၊ ဘာလို့ စိတ်လှုပ်ရှားသွားတာလဲ"

အေးစက်သော ငြိမ်း အမေးကို မင်းဘုံ ခေါင်းတဆတ်ဆတ်ခါရင်း ငြိမ်းကို သံသယမျက်လုံးဖြင့် ခပ်စိမ်းစိမ်းကြည့်သည်။

မင်းဘုံနှင့်ငြိမ်း ပေါင်းသင်းခဲ့စဉ်တစ်လျှောက် မင်းဘုံထံမှ ထိုသို့သော အကြည့်မျိုးကို မခံခဲ့ဖူး။

"ငြိမ်း ကိုယ့်ကိုမှန်မှန်ပြောစမ်း ငြိမ်းမှာ ကိုယ့်အပြင် ဘယ်သူရှိသေးလဲ"

ဘာကိုဆိုလိုတာလဲ ငြိမ်း နားမလည်။

"ငြိမ်း နားလည်အောင် ရှင်းရှင်းပြောပါ မင်းဘုံ"

မင်းဘုံ သက်ပြင်းမောကို ဟင်းခနဲချကာ

"မဟုတ်သေးဘူး တစ်ခုခုတော့ လွဲနေပြီထင်တယ်၊ ငြိမ်းမှာကိုယ်ဝန်ရှိနေတယ်ဆိုတာ တကယ်လား၊ ဆေးစစ်ချက်မှားတာရော မဖြစ်နိုင်ဘူးလား၊ ဒါပေမဲ့ ကိုယ်နဲ့ရတဲ့ကိုယ်ဝန် မဖြစ်နိုင်ဘူး"

ထင်မှတ်မထားသော စကားကြောင့် ငြိမ်း မျက်နှာကို ဖြတ်ရိုက်သလို ခံစားလိုက်ရသည်။

"ဘာ ဘာပြောတယ် မင်းဘုံ၊ ရှင် ငြိမ်းကို စော်ကားလိုက်တာပဲ၊ ငြိမ်းနဲ့ရှင်နဲ့က တရားဝင်ပေါင်းသင်းနေတဲ့ လင်မယားပါ၊ ဒီကိုယ်ဝန်က ရှင်နဲ့မရလို့ ဘယ်သူနဲ့ရရမှာလဲ"





အသံတို့က ခံစားချက်ပြင်းထန်လွန်း၍ တုန်ခိုက်၍နေသည်။ ရင်တွေတလှပ်လှပ်ခုန်လာကာ ခြေအစုံကို မတ်မတ်ပင် မရပ်ချင်တော့။

ငြိမ်းဘဝမှာ အကြီးမားဆုံး စွပ်စွဲချက်တစ်ခုပါ။

"ကိုယ်လည်း အဲဒါကို သိချင်တယ် ငြိမ်း"

"ဖြန်း"

စိတ်တွေလွတ်ထွက်ကာ မင်းဘုံပါးကို ခပ်ပြင်းပြင်း ရိုက်ချလိုက်သည်။ ဒါဟာ စွပ်စွဲချက်တွေ တာဝန်ယူလိုမှုကင်းသော စကားတွေကြောင့် လက်တုန့်ပြန်လိုက်ခြင်း ဖြစ်သည်။

"ငြိမ်း ကိုယ်ပြောတာကို နားထောင်ဦး၊ ပြီးမှ ကိုယ် ဘာကြောင့် ဒီစကားမျိုးကို ပြောရသလဲဆိုတာကို ငြိမ်းစဉ်းစားပြီးမှ ကိုယ့်ကိုအပြစ်တင်ပါ၊ ဒါကြောင့် ကိုယ်ပြောတာကို နားထောင်ပါ"

"မလိုဘူး ရှင်ဟာ လူယုတ်မာတစ်ယောက်ဆိုတာ သိသိကြီးနဲ့ ကျွန်မ ဒီစကားမျိုးပြောမိတာကိုက ကျွန်မအမှား"

ပြောရင်းဖြင့် ငြိမ်း မျက်ရည်တို့ တလိမ့်လိမ့်စီးဆင်းကျလာသည်။

"ကိုယ် ငြိမ်းအပေါ် ဘာများ ယုတ်မာခဲ့လို့လဲ"

နေမင်းဘုံ စိတ်မလုံချင်တော့။

"ရှင့်မှာ မယားကြီးရှိရဲ့သားနဲ့ ကျွန်မကို ညာပြီးလက်ထပ်ခဲ့တာလေ၊ အပွန်နဲ့ ကျွန်မလိုသူဌေးသမီးကို ဒီလိုချောင်ကြိုချောင်ကြားမှာ လာထားရတဲ့ အကြောင်းအရင်းက တိတ်တိတ်ပုန်း လက်ထပ်ထားရလို့

မဟုတ်လား''

''ငြိမ်း ကိုယ့်ကိုအထင်မလွဲနဲ့ကွ''

''အထင်မလွဲဘူး ကျွန်မ မျက်စိနဲ့ကို သေချာတွေ့ခဲ့ရတာ ရှင့်မယားကြီးက အလွမ်းကို လာစွပ်စွဲနေတာလေ၊ နေမင်းဘုံနဲ့ဖောက် ပြန်ရမလားဆိုပြီးပေါ့''

''ဟင် မမ လာသွားပြီးပြီပေါ့ ဟုတ်လား''

အလိုအလျောက် ဝန်ခံသွားပြီဖြစ်သော မင်းဘုံကို ငြိမ်း နာကျင်စွာ ကြည့်လိုက်ပြီး

''ရှင် သိပ်ကိုယုတ်မာတယ် မင်းဘုံ၊ မိဘရင်ကို ခြေစုံကန်ပြီး လိုက်လာမိတဲ့အတွက် ကျွန်မ ရှင်လိုလူယုတ်မာရဲ့ယုတ်မာမှုကို ဘဝနဲ့ ရင်းပြီး ခံလိုက်ရတာ''

''မဟုတ်ဘူး ငြိမ်း ကိုယ့်မှာ အိမ်ထောင်ရှိခဲ့ပေမယ့် ငြိမ်းကို ယုတ်မာချင်တဲ့ဆန္ဒနဲ့ လက်ထပ်ခဲ့တာ မဟုတ်ဘူး၊ ကိုယ် တကယ်ချစ်လို့ လက်ထပ်ခဲ့တာပါ၊ ဒါကိုတော့ ယုံပေးပါ''

''ယုံပေးရမယ် ဟုတ်လား၊ ရှင့်လို လူယုတ်မာဆီမှာ ကျွန်မ ယုံချင်စရာ သိက္ခာတရားရော ရှိလို့လား''

ငြိမ်းအသံတွေသည် ပုံမှန်ထက်ပို၍ ကျယ်လောင်သွားသည်နှင့် နေမင်းဘုံ ဘေးအခန်းတွေကြားမှာကိုလည်း ကြောက်သည်။

''တိုးတိုးပြောပါ ငြိမ်းရယ် ဘေးအခန်းတွေ ကြားသွားပါမယ်''

''ကြားပါစေ ငြိမ်းဆိုတဲ့မိန်းမမှာ ဒီထက်ဆိုးရွားတဲ့ကံကြမ္မာမျိုး





ရှိမလာနိုင်တော့လို့ 'လူတွေကြားလည်း မမှုတော့ပါဘူး''

''ဒါပေမဲ့ ကိုယ် ရှက်တယ်''

''အဲဒီမှာ လဲသေလိုက်လေ၊ မင်းဘုံရဲ့မိန်းမကြီးရှိပါလျက်နဲ့ ညာပြီးလက်ထပ်တယ်၊ ကိုယ်ဝန်ရလာတော့ သူနဲ့ရတာမဟုတ်ဘူးဆိုပြီး ငြင်းတယ်၊ ရှင့်လောက် အောက်တန်းကျတဲ့လူစားမျိုး လောကကြီးထဲမှာ မရှိလောက်တော့ပါဘူး''

စကားလုံးတွေက တဖြည်းဖြည်း ရင့်သီးလာသည်။

မင်းဘုံ ဖျတ်ခနဲ လှမ်းကြည့်ပြီး

''ဒီမှာ ငြိမ်း ကိုယ်ဟာ ကလေးမရနိုင်ဘူး၊ ဒါကြောင့် ငြိမ်းနဲ့ ကိုယ် ဘယ်လောက်ပဲ လက်ထပ်ပေါင်းသင်းပါစေ ကိုယ်ဟာ ကလေးအဖေ ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူး''

''ဒါဆို ရှင့်မိန်းမနဲ့ရတဲ့ ကလေးကရော''

''အဲဒီကလေးက သူ့ညီမကလေးမွေးရင်း ဆုံးသွားလို့ မွေးစားထားတာ၊ ကိုယ် ကလေးမရနိုင်ဘူးဆိုတာ ဆရာဝန်နဲ့စစ်ဆေးမှု ခံယူပြရမလား၊ ဒါဆို ခုကိုယ်ပြောနေတာတွေကို ငြိမ်း သဘောပေါက်သွားလိမ့်မယ်''

ငြိမ်း နှုတ်တွေ ဆွံ့အ၍သွားသည်။ ဒါဟာ အမှန်ဆိုလျှင် ဗိုက်ထဲကကလေးက ငြိမ်းဖောက်ပြန်လို့ရတဲ့ ကလေးဟု ဆိုလိုချင်တာလား။

''ငြိမ်း ဘယ်သူနဲ့ ငြိခဲ့တာလဲ၊ ကိုယ့်ကိုမှန်မှန်ပြော''

မြားဦးက ကိုယ့်ဘက်ကို ပြန်လှည့်လာပြီမို့

"ရှင် ကလေးတကာယ်မရနိုင်ဘူးဆိုတာ ကျွန်မ လုံးဝမယုံဘူး ဒီကိုယ်ဝန်ဟာ ရှင်နဲ့မရလို့ ဘယ်သူနဲ့မှ ရစရာအကြောင်းမရှိဘူး"

"အိုကေ ကောင်းပြီ၊ ကိုယ် ဆရာဝန်နဲ့ စစ်ဆေးပြမယ် ငြိမ်း ယုံအောင်ပေါ့"

■ ■ ■



## အခန်း (၂၉)

ဆေးခန်းထဲမှ ထွက်လာသော ဆရာဝန်ဆေးစစ်ချက်စာရွက်ကို ကိုင်ပြီး ငြိမ်း ဆောက်တည်ရာမရ ဖြစ်ရပြန်ပါပြီ။

လောကကြီး ငြိမ်းကို မျက်လှည့်ပြနေတာလား။ ဒီကိုယ်ဝန်ဟာ မင်းဘုံနှင့်ရသည့်ကိုယ်ဝန် မဟုတ်ဘူးဆိုတာ ဘယ်လိုမှ မဖြစ်နိုင်။ ဆရာဝန် စစ်ချက်များတာပဲဖြစ်မည်ဟု ငြိမ်း ဖွတ်တွေးလိုက်သည်။

"ကဲ ဘယ်လိုလဲ ငြိမ်း၊ ကိုယ် လွှန်ခဲ့တဲ့ ငါးနှစ်က ဆေးစစ်ချက်နဲ့ ခုဆေးစစ်ချက် အတူတူပဲမဟုတ်လား၊ ဒါကြောင့် ဒီကိုယ်ဝန်ဟာ ဘယ်သူနဲ့ပတ်သက်ထားပြီး ရထားတဲ့ကိုယ်ဝန်လဲ"

ထိုမေးခွန်းကို မဖြေခင် ငြိမ်း မင်းဘုံကို အံကြိတ်ကြေကွဲနေသော အကြည့်ဖြင့် ခပ်စိမ်းစိမ်းကြည့်လိုက်ပြီး

"ကျွန်မဘဝမှာ ရှင်ကလွဲပြီး ဘယ်ယောကျ်ားနဲ့မှ မဆက်ဆံ

ခဲ့ဖူးဘူးဆိုတာ ကျွန်မ ကျိန်ပြောရဲတယ်၊ ဒါပေမဲ့ ရှင့်ကလေးမို့ ရှင်ပဲ တာဝန်ယူပေးပါလို့တော့ ဘယ်တော့မှ တောင်းဆိုမှာမဟုတ်တော့ဘူး မင်းဘုံ အခု ဒီဆေးခန်းထဲက ထွက်တာနဲ့ ရှင်လည်း ရှင့်လမ်းရှင်လျှောက် ကျွန်မလည်း ကျွန်မလမ်းကို ကျွန်မလျှောက်တော့မှာမို့ ပတ်သက်ဖို့ မလိုတော့ဘူး''

နာကျင်ခံခက်မှုတွေက ရင်ထဲမှာ အစိုင်အခဲလို အုံကြွနေ၏။ ထို့ကြောင့် လမ်းခွဲစကားကို ငြိမ်းဘက်ကပဲ စတင်၍ ဆိုလိုက်သည်။

မင်းဘုံ တုန်လှုပ်သွားသောအမူအရာဖြင့် ငြိမ်းကို အသနားခံ ကြည့်သည်။

''ငြိမ်း အဲလိုစိတ်လိုက်မာန်ပါ မဆုံးဖြတ်ပါနဲ့ကွာ၊ မင်း ဘယ်သူနဲ့ ပဲ မှားခဲ့မှားခဲ့ ကိုယ် အပြစ်မတင်ပါဘူး၊ လူတိုင်း အမှားနဲ့မကင်းကြတာ ကိုယ်လည်း ငြိမ်းလိုပဲ မှားခဲ့တာပဲလေ''

''တော်စမ်းပါ ကျွန်မက ဘာကြောင့်မှားရမှာလဲ''

ဆေးခန်းရှေ့မှာ ငြိမ်း အာခေါင်ခြစ်၍ အော်ပြောလိုက်သည်။ သူခိုးသားရေပေါ်ငြိနေသော မင်းဘုံ၏ မင်းသားခေါင်းစွပ် ဘီလူးမျက်နှာ ကို စက်ဆုပ်ရွံရှာစွာကြည့်ပြီး

''ကျွန်မ ဘယ်တော့မှ ဘယ်တုန်းကမှ မမှားခဲ့ဘူး၊ ကျွန်မ အမေမွေးတဲ့အချိန်ကစလို့ ခုချိန်ထိ ငြိမ်းသစ္စာ ရိုးသားစွာ ရှင်သန်ခဲ့တာ ရှင့်ကြောင့် ဘဝပျက်ခဲ့ရတာကလွဲလို့ပေါ့''

ဒီထက်ပိုပြီး စကားနာထိုးဖို့ မလိုတော့၍ ငြိမ်း ချာခနဲ လှည့်





ထွက်ခဲ့သည်။

ခံပြင်းလွန်း၍ နှုတ်ခမ်းတွေ ပျက်ထွက်မတတ် အံကြိတ်ထားမိ သည်။

ငြိမ်း ဒီကလေးကို ရအောင်မွေးမယ် စိတ်ချ။

■ ■ ■

## အခန်း (၃၀)

"ဘယ်လို သူက ကလေးမရနိုင်ဘူးဆိုတော့ အမြှုပ်ပေါ့ ဟုတ်လား"

ငြိမ်းစကားကြောင် အလွမ်း မြွေပေါက်ကို တက်နင်းမိသလို လန့်ခနဲ ထခုန်မတတ် ဒရောသောပါး မေးလိုက်သည်။

"ဟုတ်တယ် ငြိမ်းလည်း မယုံလို့ သူနဲ့အတူ ဆေးခန်းသွားပြီး ဆရာဝန်နဲ့ ပြခိုင်းကြည့်တယ်၊ လွန်ခဲ့တဲ့ နှစ်တွေက ဆေးစစ်ချက်နဲ့ တစ်ပုံစံထဲ ထွက်လာတယ်"

"ဆ ဆရာဝန်နဲ့များ ပင်းထားသလား"

အလွမ်း သေချာစေရန် ထပ်မေးသည်။

"ဟင့်အင်း အဲဒီအထူးကုဆေးခန်းကို ငြိမ်း ရွေးတာ၊ ဒါပေမဲ့ ဒါဟာ သိပ်ကိုထူးဆန်းမနေဘူးလား၊ ဒီဗိုက်ထဲက ကလေးက သူနဲ့မရ





လို့ ငြိမ်းက ဘယ်သူနဲ့ရရမှာလဲ အလွမ်းရယ်"

ဒီတစ်ခါ အလွမ်း အထိတ်တလန့် မဖြစ်တော့ဘဲနှင့် ဝမ်းသာမှုတစ်ခုက ရင်ထဲကို ဒိန်းခနဲ ဝင်ဆောင့်သည်။

ဘုရားရေ ဒါ ဒါဆိုရင် ငြိမ်းဗိုက်ထဲက ကလေးက ငါ့ကလေးများလား။ ငါက အဲလောက်ထိ အစွမ်းအစရှိတယ်တဲ့လား။

စိတ်ထဲမှာတွေးပြီး အလွမ်းတစ်ယောက် ကယောင်ချောက်ချားပင်ဖြစ်ချင်သလိုလို ဘယ်လောက်ကြီးပဲ သဘာဝတရားကို ဆန့်ကျင်မိပါစေ ရှိရင်းစွဲဗီဇကတော့ ပျောက်ပျက်သွားတာမှ မဟုတ်တာ။

"ဒါဆို သူ့ သူ့မှာရှိတဲ့ ကလေးကရော"

ထောက်ပြစရာတစ်ခုက ရိပ်ခနဲ ပေါ်လာပြန်ပြီမို့ မဆိုင်းမတွပင် မေးလိုက်သည်။

"အဲဒီကလေးက မွေးစားထားတာ"

"ဟင်"

ပို၍ သေချာသလောက်ကို ရှိသွားပြီမို့ အလွမ်းရင်ထဲမှာ စပ်ပူစပ်လောင်ကြီး ဖြစ်လာသည်။ ခုချက်ချင်းပဲ ငြိမ်းရှေ့မှာ ဒူးထောက်ထိုင်ချပြီး မှားခဲ့မိတဲ့အမှားကို တာဝန်ယူပါ့မယ်ဟု ပြောရမလား၊ ဒါမှမဟုတ် ဒီအတိုင်း မျောလိုက်ပြီးမှ ငြိမ်းထံမှ အချစ်ကိုရအောင် အရင်ကြိုးစားရမည်လား။

ချိုတုံချတုံ အတွေးတွေက ငြိမ်းရှေ့မှာ အမူအရာပျက်နေသည်။

"ငြိမ်း သူ့ကို မပေါင်းတော့ဘူး၊ နောက်ပြီး ဒီမှာလည်း မနေ

တော့ဘူး အလွမ်း''

ငြိမ်း၏ဆုံးဖြတ်ချက်က အလွမ်းအတွက် ပျော်တစ်ဝက် ငို တစ်ဝက်။

''ဒါဆို ငြိမ်းက မိုးကုတ်ပြန်မယ်ပေါ့၊ ငြိမ်းပြန်ရင် အလွမ်းလည်း လိုက်မယ်၊ အလွမ်းဘဝက အရင်တုန်းက အရမ်းအထီးကျန်ဖို့ကောင်းတဲ့ တစ်ကောင်ကြွက်ပေါ့၊ ငြိမ်းနဲ့ခင်ပြီးမှ အလွမ်း အထီးမကျန်တော့ဘူး၊ အခု ငြိမ်းက ပြန်မယ်ဆိုတော့ အလွမ်းဘဝကြီးက ပြန်ပြီး အထီးကျန်တော့မှာ''

သံယောဇဉ်ကြီးလွန်းသော အလွမ်းကိုကြည့်ပြီး ငြိမ်းလည်း ဝမ်းနည်းလာသည်။

ကာလတစ်လျှောက်လုံး ငြိမ်းကို အဖော်ပြုလာပေးတာ အလွမ်းပါ။ ငြိမ်းကလည်း အလွမ်းကို သံယောဇဉ်ဖြစ်မိတာပင်။ ခုအခြေအနေဟာ ငြိမ်းဘဝမှာ အခက်ခဲဆုံးအခြေအနေတစ်ခု။

''ငြိမ်း ကိုယ်ဝန်ကြီးနဲ့ပြန်ရင် ဆွေမျိုးအသိုင်းအဝိုင်းအလည်မှာ ငြိမ်းမိဘတွေ အရှက်တကွဲ ဖြစ်လိမ့်မယ်၊ လိုက်လာခဲ့စဉ်တုန်းက ကိုယ့်သဘောဆန္ဒနဲ့ လိုက်လာခဲ့တာပါ၊ ခု လမ်းခွဲတော့မှ ဗိုက်တစ်လုံးနဲ့ မိဘအိမ်ပြန်ရတဲ့အဖြစ် ဘယ်လောက်အရုပ်ဆိုးအကျည်းတန်လိမ့်မလဲ''

အိမ်အပြင် ခပ်ဝေးဝေး လမ်းသွားလမ်းလာတွေကို ငေးရင်း လေးလေးနက်နက် ပြောလာသော ငြိမ်းကို ရင်ခွင်ထဲဆွဲနှစ်ပြီး အင်အားတွေအဖြစ် ပေးစွမ်းချင်ပါသည်။ သို့သော် အခွင့်မသာသေး။





''ဒါဆို ငြိမ်း ဘယ်လိုလုပ်ချင်လဲ၊ အလွမ်း ငြိမ်းရဲ့ဆန္ဒတွေကို ည့်ဆည်းပေးမယ်''

''ငြိမ်း ဒီနေရာကနေ ပြောင်းမယ်၊ ရန်ကုန်ထဲမှာပဲနေမယ်၊ လေးမွေးပြီးမှ မိဘတွေဆီကို ပြန်သင့်မပြန်သင့် စဉ်းစားမယ်''

ငြိမ်း မျက်နှာပေါ်မှာ ရင်ဆိုင်ရဲသည့်သတ္တိတွေ ထွေးလိပ်၍ နေသည်။

''မင်းဘုံကို ငြိမ်း ပြတ်နိုင်လို့လား''

ငြိမ်း နာကျင်စွာမဲ့လိုက်ပြီး

''ငြိမ်း သူ့ကိုစိတ်နာတယ်၊ သူနဲ့သေတဲ့အထိ သက်ဆုံးတိုင် ေါင်းသင်းသွားမယ်ဆိုတဲ့စိတ်ကူး လုံးဝမရှိတော့ဘူး''

ငြိမ်း၏ဆုံးဖြတ်ချက်တွေကို အလွမ်း ဘာမှဝင်ပြီး အကြံမပေး ဲ ငြိမ်း ဆုံးဖြတ်ချက်မှန်သမျှကို တိတ်တဆိတ် နာခံပြီး ငြိမ်းအနားမှာနေ ္ငင့်ရဖို့ကိုပဲ ကြိုးစားမည်။

''ငြိမ်း ဘယ်လိုပဲဆုံးဖြတ် ဆုံးဖြတ် ငြိမ်းအနားမှာနေပြီး ငြိမ်း ဲ့ အလွမ်း စောင့်ရှောက်မယ်၊ ငြိမ်း ဒီအခန်းပြန်အပ်သလို အလွမ်း ည်း ဒီအခန်းကို ပြန်အပ်မယ်၊ ပြီးရင် ငြိမ်းကိုယ်ဝန်ကို စောင့်ရှောက် ့ အလွမ်း လုံးချင်းအိမ်လေးတစ်လုံး ငှားမယ်၊ ပြီးရင် ကိုယ်ပိုင်အလှ ပြင်ဆိုင်လေးဖွင့်မယ်၊ ဒါမှ ငြိမ်းကို မျက်ခြေမပြတ် စောင့်ရှောက်လို့ရမှာ ငြိမ်းရဲ့''

အကွက်ကျကျ စီစဉ်နေသော အလွမ်းကိုကြည့်ပြီး ငြိမ်းရင်မှာ

ကျေးဇူးတင်မဆုံးတော့။

အလွှမ်း ငြိမ်းအပေါ် ကောင်းခဲ့တာတွေ များနေပါပြီ။

■ ■ ■



## အခန်း (၃၁)

"ငြိမ်း"

"ဟင် ရှင် ဘာလာလုပ်တာလဲ၊ ဒီနေရာက ရှင်လာခွင့်မရှိတဲ့ နေရာလေ"

အိမ်ပြောင်းဖို့ပစ္စည်းတွေ သိမ်းဆည်းနေသော ငြိမ်းမှာ အခန်းသဲဝင်လာသော နေမင်းဘို့ကြောင့် ဒေါသတွေထွက်ရပြန်သည်။

"ကိုယ်နဲ့ငြိမ်းက လင်မယားပဲ၊ မပြီးပြတ်သေးတဲ့ကိစ္စတွေကို ရှင်းရဦးမယ်"

"ဘာ မပြီးပြတ်သေးတဲ့ကိစ္စ ဟုတ်လား"

"ဟုတ်တယ်လေ ငြိမ်းရဲ့ကိုယ်ဝန်ဟာ ကိုယ်နဲ့ရတာမဟုတ်တဲ့ အတွက် ကိုယ့်ဘက်က မေးခွန်းမေးရမယ်လေ ဘယ်သူနဲ့လဲလို့"

ဒေါသထွက်လွန်း၍ ငြိမ်း အသားတွေတဆတ်ဆတ် တုန်လာသည်။

"ရှင် ခုချက်ချင်း ဒီအခန်းထဲက ထွက်သွားစမ်း"

"မထွက်ဘူး ငြိမ်း၊ ကိုယ် ငြိမ်းကိုချစ်တယ်၊ ဒါကြောင့် ငြိမ်း ဘယ်သူနဲ့ပဲမှားခဲ့ မှားခဲ့ ကိုယ်ရလည်းကြိုးထမ်းရဖို့လည်း ဝန်လေးမယ့် ကောင်မျိုးမဟုတ်ဘူး၊ ဒါကြောင့် ကိုယ်နဲ့ငြိမ်း ဇာတ်လမ်းက မပြီးသေးဘူး"

နေမင်းဘုံ ငြိမ်းနှင့်မျက်နှာချင်းဆိုင်ရပ်နေရာမှ ငြိမ်း ကိုယ်လေးကို သူ့ရင်ခွင်ထဲ ဆွဲသွင်းပြီး ဒေါသကြောင့် တည်တင်းနေသော ငြိမ်း၏ မျက်နှာအနှံ့ကို အနမ်းတို့တရစပ် ခြွေလိုက်သည်။

ငြိမ်း ရုန်းကန်ထုရိုက်ပြီး

"ရှင် လွှတ်နော်၊ လူယုတ်မာ ရှင့်ကို ဒီတစ်သက် မပြောနဲ့ နောင်ဆယ်သက်ထိ ရွံတယ်"

ငြိမ်း ပြောလည်းပြော ငိုလည်းငို။ နေမင်းဘုံကလည်း အနမ်းတို့ အရှိန်မပြယ်။ ငြိမ်း အားကုန်ဆောင့်ရုန်းလိုက်ပြီး ပါးရိုက်လိုက်၏။

"ကိုယ့်ကိုခွင့်လွှတ်ပါ ငြိမ်းရယ်၊ ငြိမ်းကိုမြင်မြင်ချင်း ချစ်မိသွားတာနဲ့ ကိုယ့်မှာအိမ်ထောင်ရှိတယ်ဆိုတာကို ဖွင့်မပြောပဲ ငြိမ်းကို ပိုင်ဆိုင်ရအောင် ကြိုးစားခဲ့မိတယ်၊ တကယ်တမ်း ကိုယ်ချစ်ခဲ့တာ ငြိမ်းကိုပါ၊ ကိုယ့်တဝမှာ ငြိမ်းကိုပဲ အချစ်စစ်နဲ့ချစ်ခဲ့တာပါ ငြိမ်းရယ်၊ ဒါကြောင့် ကိုယ် ဟိုဘက်ကအိမ်ထောင်ရေးကို အဆုံးသတ်ပြီး ငြိမ်းနဲ့ပဲ အတူတူ နေပါရစေ"

"အဲဒီမှာ လဲသေလိုက်စမ်း နေမင်းဘုံ၊ ရှင်နဲ့အတူတူ မယား





ယ်ဆိုတဲ့ဘဝနဲ့ ကျန်တဲ့သက်တမ်းမှာ ရှင်နဲ့အတူတူ ကုန်ဆုံးရတော့မယ်ပေါ့ ဟုတ်လား၊ ရယ်စရာကောင်းလိုက်တာ၊ ရှင့်ကြောင့် ကျွန်မလို သူဌေးသမီးက မယားငယ်ဘဝရောက်ခဲ့ရတဲ့အပြင် ရလာတဲ့ကိုယ်ဝန်ကိုလည်း ငါ့ဟာမဟုတ်ပါဘူးလို့ အငြင်းခံရတဲ့ ခပ်ညံ့ညံ့မိန်းမတစ်ယောက် ဖြစ်မှန်းမသိဖြစ်သွားရပြီ၊ ဒါနဲ့တောင် အားနာစိတ်မရှိ ဒီလိုစကားမျိုး ပြောထွက်ရက်သေးလား"

နာနာကျင်ကျင်နှင့် အံတကြိတ်ကြိတ် ပြောနေသော ငြိမ်းကို ကြည့်ပြီး နေမင်းဘုံ အာစေးထည့်ထားသူလို ငြိမ်ကုပ်နေ၏။

"ဒါပေမဲ့ ကိုယ် ငြိမ်းကိုချစ်တယ်၊ မခွဲနိုင်ဘူး၊ ဒါကြောင့် အနှောင်အဖွဲ့တွေကလွတ်အောင်ရှင်းပြီး ငြိမ်းနဲ့ပဲ အတူတူနေတော့မယ်"

ငြိမ်းခေါင်းကို ခပ်ဖြည်းဖြည်း ခါရမ်းလိုက်ပြီး အရှိန်ပြင်းပြင်း ပေါက်ကွဲချင်နေသည့် သူ့စိတ်ကိုသူ မနည်းပြန်ဖမ်းယူရင်း

"ကျွန်မမှာတော့ ရှင့်အတွက် ချစ်စရာအချစ်တစ်စက်မှ မရှိတော့ဘူး၊ အရှက်သိက္ခာတွေ၊ ခံပြင်းနာကျင်မှုတွေက အဲဒီအချစ်ကို ဝါးမြိုလိုက်ပြီ၊ ဒါကြောင့် ရှင်နဲ့ပတ်သက်စရာအကြောင်းကို မရှိတော့ဘူး၊ ဒါ နောက်ဆုံးစကားပဲ"

ငြိမ်း၏လည်တိုင်စင်းစင်းလေးမှာ ကြောကွဲမှုတွေကို ဖွတ်အတင်း မျိုချလိုက်ဟန်ဖြင့် အံကိုဖိကြိတ်လိုက်ပြီး ကျောခိုင်းလိုက်သည်။

ဘယ်တော့မှ မျက်နှာချင်းဆိုင်ဆုံဖို့ စိတ်မကူးတော့ဘူးဟု ရာသက်ပန် ဆုံးဖြတ်ချက်ချပြီးမှတော့ နောက်ထပ် စကားနာတွေ ထပ်

မထိုးချင်တော့။

အတိတ်က ကိုယ်ပြုခဲ့သည့်အကြောင်း မကောင်းခဲ့၍ ခုလို အကျည်းတန်သည့်အကျိုးတရားတွေကို ငြိမ်း ပိုင်ဆိုင်လိုက်ရတာမို့ ဒီထက် ပိုစရာအကြောင်းမရှိတော့။

နာကျင်ခံခက်မှုတွေနှင့်အတူ ကိုယ့်စိတ်ကိုယ့်သဘောနှင့် ပြီးပါပြီဟု စာတန်းထိုးလိုက်ရုံလေးပါပဲ။

အဖတ်တင်သွားသော ရင်သွေးလေးကို ငြိမ်း ရအောင်မွေးမှာပါ။

ရင်သွေးလေးအတွက် ငြိမ်း အင်အားသစ်တွေမွေးဖွားရဦးမည်။ အချစ်ကို ကိုးကွယ်ခဲ့၍ ရရှိလာသော ဒဏ်ရာဒဏ်ချက်တွေကို ထိုအင်အားသစ်တွေနှင့် ထိုးနှက်ချေဖျက်နိုင်ဖို့ အချိန်တစ်ခုတော့ လိုအပ်တာပေါ့လေ။

■ ■ ■



## အခန်း (၃၂)

"အလွမ်း ငြိမ်းကို သေချာဂရုစိုက်လိုက်ပါဟယ်"

အကောင်းနှင့်အဆိုး အတင်းနှင့်အဖျင်းကြားထဲမှ ဥပေက္ခာပြုနိုင်သမျှ ပြုပြီး အလွမ်းနှင့်ငြိမ်း တန်းလျားမှ ပြောင်းဖို့ ကားပေါ်ကို ပစ္စည်းတွေတင်ပေးကြသည်။

ကိုယ်ဝန်နှင့် ငြိမ်းကို အားလုံးက ကရုဏာသက်ကြသလို နေမင်းဘုံကိုလည်း ဒေါသဖြစ် ကျိန်ဆဲကြသည်။

အလွမ်းကို ဂရုစိုက်ကြဖို့ မှာကြသည်။

"အလွမ်း ငြိမ်းမွေးရင် ငါတို့ဆီ ဖုန်းဆက်နော်၊ ငါတို့ လာဝိုင်းကူမယ်"

"အင်းပါ အန်တီခိုင်မာရဲ့"

"မထူးပါဘူးအလွှမ်းရာ မင်းယောကျ်ားစိတ်ပြန်ပြောင်းပြီး ငြိမ်းကို ရာသက်ပန်သာ တာဝန်ယူလိုက်ပါတော့ကွာ"

"အေး ဟုတ်တယ် မင်းလည်း လူချောတစ်ယောက်ပဲကွ ဘာကို ဒီပုံစံကြီးနဲ့ ဇာတ်မသိမ်းစမ်းပါနဲ့"

ဦးပြုံးချိုနှင့် ဦးသိဒ္ဓိ အတိုင်အဖောက်ညီညီ ငြိမ်းနှင့်အလွှမ်း ရှေ့ရေးအတွက် ဝိုင်းလှော်ပေးကြသည်။

"ဟယ် လူကိုဘာတွေလာပြောနေကြတာလဲ မဟုတ်တမ်းတရားတွေ မပြောကြနဲ့နော်၊ များတို့က သွေးသောက်ညီအစ်မတွေလို့စ်"

အားလုံး၏ရှေ့မှာတော့ အရုက်ပိုနေသော အလွှမ်း၏သရုပ်ကို ပီပြင်အောင် ပြလိုက်ပါသည်။ အလွှမ်း ရင်ထဲမှာ ဖြစ်ပေါ်လာတဲ့ အမှန်တရားတစ်ခုကိုသူတို့ သိဖို့မှ မလိုတော့တာ။

ဒါဟာ အလွှမ်းဖာသာ ကြိုးစားဖန်တီးယူရမည့်ကိစ္စဖြစ်သည်။

■ ■ ■

"ပစ္စည်းတွေအားလုံး ကုန်ပြီဟေ့"

နှစ်အိမ်စာပစ္စည်းဆိုပေမယ့် သိပ်ပြီးများများစားစား ရှိလှတာမဟုတ်၍ ပစ္စည်းတင်တာ သိပ်မကြာလိုက်။

"ငြိမ်း လာ ကားပေါ်တက်တော့ ဖြည်းဖြည်းတက်နော် ချော်မယ်"

ဒိုင်နာကား ခေါင်းခန်းပေါ်သို့ ငြိမ်းကို တွဲတင်ပေးလိုက်သည်။ အလွှမ်းနှင့်ငြိမ်းကိုကြည့်ပြီး ကျောခိုင်းထွက်လုဆဲဆဲ ပတ်ဝန်းကျင်မှ





လူအချို့ ဘယ်လိုမြင်ကြမလဲ မသိ။

အလွှမ်း ဂရုမစိုက်ပါ။ သိပ်မကြာခင်မှာ မှုန်ဝါးဝါးကွယ်ပျောက်တော့မည့် တီးတိုးဝေဖန်သံတွေကို နောက်လှည့်ငဲ့ကြည့်နေမည်ဆိုလျှင် ရှေ့ကို ခရီးဆက်ဖို့ တွန့်ဆုတ်နေရုံသာ ရှိတော့မည်။

"ကဲ အားလုံးပဲ သွားပြီနော်"

ငြိမ်းဘေးမှာ ဝင်ထိုင်ပြီး အားလုံးကို အလွှမ်းကပဲ နှုတ်ဆက်တာတာပြလိုက်သည်။

ဒိုင်နာကား ဘက်ကြည့်မှန်မှ မြင်နေရသော နေရာဟောင်းမှ သံယောဇဉ်မျက်နှာတစ်စု ဒီမှာတင် တစ်ခန်းရပ်ခဲ့ပြီပဲ။

အလွှမ်းတို့ ပြောင်းသည့်နေရာကို လွှဲပြောနိုင်ခဲ့၍ နေမင်းဘုံလိုက်ခဲ့မည်ဆိုလျှင်တောင် သူတို့အားလုံး နေရာအတိအကျ ညွှန်နိုင်မည်မဟုတ်။

ငြိမ်းဘေးမှာ အလွှမ်းရှိနေမှာပဲ နေမင်းဘုံဆိုတာ ဗီလိန်သက်သက်ပဲ။

ကိုယ့်ပီတိနှင့်ကိုယ် အတွေးတွေဒေါင်ချာလည်အောင် တွေးရင်း ငြိမ်းကို ငဲ့ကြည့်လိုက်သည်။ ငြိမ်းမျက်နှာပေါ်မှာ ခံစားချက်မဲ့နေသလို ထင်ရ၏။

"ငြိမ်း ဘာတွေတွေးနေတာလဲ"

ငြိမ်း ငဲ့ကြည့်သည်။

"ဘာမှမတွေးပါဘူး"

''ဟုတ်လို့လား နေမင်းဘုံ ခြေရာခံမိသွားမှာကို စိတ်ပူနေတယ် မဟုတ်လား''

''သူ့ကို ငြိမ်း အပြတ်ပြောပြီးသားပါ အလွမ်းရယ်''

''စိတ်ထဲမှာ ဘာမှတွေးပြီး ပူမနေနဲ့ ငြိမ်းဘေးမှာ အလွမ်းတစ်ယောက်လုံးရှိတယ်နော်''

အပ်ကြောင်းထပ်နေပြီဖြစ်သော အားပေးစကားကြောင့် ငြိမ်း ပြုံးပြီးခေါင်းညိတ်ပါသည်။ ထိုအပြုံးသည် အလွမ်းဘဝကို ရဲရဲကြီးပြောင်းလဲနိုင်သော အင်အားတစ်ခုသာ ဖြစ်သည်။

ချစ်တယ်ဆိုတာ ရိုးရိုးလေးပါပဲ။ ဘာမှ အဆန်းတကြယ် မလိုပါ။ အလင်္ကာမြောက်အောင် သီကုံးထားသော ကဗျာတွေလည်း မလိုပါ။ ပန်းရနံ့တွေလည်း မလိုသလို ဂီတသံစဉ်တွေလည်း မလိုပါဘူး။

အလွမ်းအတွက် လိုအပ်တာ တစ်ခုထဲပါပဲ။

ငြိမ်းထံမှ တုန့်ပြန်လာမည့် အချစ်ဆိုတဲ့အရာပဲပေါ့။

■ ■ ■

'ဟယ် အိမ်လေးက ချစ်စရာလေးနော် အလွမ်း''

တစ်ထပ်တိုက် အပြာရောင်ကလေးနှင့် ရှေ့တွင် မှန်လုံဆိုင်ခန်းတစ်ခန်းတွဲလျက်ပါသော အကွက်အကွင်းကောင်းသောနေရာလေးကို ကြည့်ပြီး ငြိမ်း ကျေနပ်မည်ဆိုလျှင် အလွမ်း ပင်ပန်းခံရှာရကျိုးနပ်ပါသည်။

''ငြိမ်း သဘောကျလား''





''အင်း အလွမ်း အလှပြင်ဆိုင်ဖွင့်ဖို့ ဆိုင်ခန်းပါ တွဲပါတော့ ပိုပြီးသဘောကျတာပေါ့ ဒါနဲ့ လခကရော''

လစာ တစ်လတစ်သိန်းခွဲပါဟု ပြောလျှင် ငြိမ်း နှမြော၍ဆုံးမည်မဟုတ်တော့။

''လစာလား ခပ်ပါးပါးပါ ငြိမ်းရယ်''

''သိန်းဂဏန်းလောက်တော့ ရှိမှာ အလွမ်းရဲ့၊ ငြိမ်းဆီကလည်း ငွေတစ်ပြားမှမယူဘဲ ဒီလောက်ဈေးကြီးတဲ့အိမ်ကို ငှားတော့ ငြိမ်း အားနာမိတယ်''

အားတုံ့အားနာဖြစ်နေသော ငြိမ်းကိုကြည့်ပြီး အလွမ်းကိုယ်ကို ခပ်နွဲ့နွဲ့လှုပ်ရမ်းပြီး ခွက်ထိုးခွက်လန် ရယ်သည်။

''ဟင့် ဘာရယ်တာလဲ ရယ်စရာလည်းမပါဘဲနဲ့''

''ရယ်စရာမပါပေမယ့် ရယ်ချင်တယ် ငြိမ်းရဲ့၊ ငြိမ်းအမြင်မှာ အလွမ်းက အရမ်းကိုမွဲတေနေတဲ့ အလှဖန်တီးရှင်အခြောက်မပေါ့လေ ဟုတ်လား''

''အဲလိုလည်း မဟုတ်ဘူးလေ၊ ဒါပေမဲ့ တစ်နှစ်စာတောင် ချုပ်တယ်ဆိုတော့ ငွေက နည်းမှမနည်းပဲလို့''

''ဟုတ်တယ် နည်းတော့မနည်းဘူး၊ ဒါပေမဲ့ ဒီလိုအခြေအနေရောက်ဖို့ အလွမ်းဟာလေ အင်မတန် ရှုပ်ပွေတဲ့ရပ်ကွက်ကြိုရပ်ကွက်ကြားက တန်းလျားမှာနေ ဆိုင်ထမင်းဆိုင်ဟင်း ခပ်ညံ့ညံ့တွေကို ဈေးပေါပေါနဲ့ဝယ်စားပြီး ရသမျှငွေကို အသက်မသေရုံ ထမင်းကြမ်းခဲကိုက်ပြီး စုလာရတာပါ ငြိမ်းရဲ့''

အလွမ်းဘဝ ကြမ်းတမ်းခဲ့တာ ငြိမ်း မျက်မြင်မို့ မသိပဲနေပါ့မလား။

"အလွမ်းရဲ့ရည်မှန်းချက်က တစ်ချိန်မှာ ကိုယ်ပိုင်လုပ်ငန်းလေး ထောင်ဖို့ပဲလေ၊ ခု အလွမ်းရဲ့ရည်မှန်းချက်ကို အကောင်အထည်ဖော်ခွင့်ရပြီ"

ကိုယ့်ရင်ထဲမှာ သောကတွေ ထုတက်နေသလောက် အလွမ်းကတော့ ပျော်ရွှင်တက်ကြွနေသည်။

"ကဲ ငြိမ်း ဒီနေ့တော့ ပင်ပန်းသွားပြီ၊ ခဏသွားလှဲနေလိုက် ပစ္စည်းတွေနေရာချတာက အလွမ်းရဲ့တပည့်မလေးတွေ လာကြလိမ့်မယ်"

"ဟင် အလွမ်းမှာ တပည့်တွေရှိတယ် ဟုတ်လား"

"အင်း ရှိတာပေါ့ ဆိုင်မှာ အလွမ်းဆီက ပညာသင်နေတဲ့ ကလေးတွေလေ၊ အလွမ်းတစ်ဆိုင်ခွဲမယ်ဆိုတာ သူတို့လည်း သိကြတော့ အလွမ်းနဲ့လာပြီး ပူးပေါင်းကြမှာလေ"

စနစ်တကျနှင့် အကွက်ကျကျ စီစဉ်နိုင်သော အလွမ်း၏အရည်အချင်းနှင့် ကြိုးစားမှုကို ငြိမ်း မအံ့သြ မချီးကျူးပဲနှင့် မနေနိုင်။

တကယ်တော့ အလွမ်းဟာ အများအမြင်မှာ ပေါပေါလောလော အခြောက်မတစ်ယောက်ဟု မြင်နေကြပေမယ့် ငြိမ်းအမြင်မှာတော့ စနစ်ကျသိုသိပ်ပြီး ရည်မှန်းချက်နှင့် ရှေ့ကိုတက်နေသော အမိပ္ပာယ်ရှိသည့် လူတစ်ယောက်ပါ။

■ ■ ■



## အခန်း (၃၃)

"ငြိမ်းရေ ရေချိုးတာ ကြာလှချည်လားကွယ်၊ ထမင်းစားဖို့ ဟင်းတွေနွှေးထားတာ ပြန်အေးကုန်တော့မယ်လို့"

ရေချိုးခန်းအပြင်ကနေ အလွမ်းတစ်ယောက် ဘယ်နှကြိမ်မြောက် အော်နေမိမှန်းတောင် မသိ။

"ပြီးပါပြီ အလွမ်းရဲ့၊ အဝတ်ကလေးတွေ လျှော်နေလို့ ကြာနေတာပါ"

ရေချိုးခန်းတံခါးချပ် ပွင့်လာပြီး ရေချိုးပြီးစ ကြည်လင်လတ်ဆတ်သော မျက်နှာလေးဖြင့် ငြိမ်းကို ကြည့်ပြီး အလွမ်း ရင်တွေတဒိတ်ဒိတ် ခုန်နေသည်။

ပြည့်တင်းဝင်းမွတ်သော ရင်အစုံနှင့် အပြစ်အနာအဆာ ရှာ၍မတွေ့နိုင်သော ငြိမ်း၏အလှတရားတွေသည် အလွမ်းအဖို့တော့ စာဖွဲ့ပြလျှင်တောင် မီနိုင်မည်မထင်။

"ကိုယ်က မပေါ့မပါးကြီးနဲ့လေ ငြိမ်းရယ်၊ အဲဒီအဝတ်တွေက

ထားစမ်းပါ အလွမ်းလျှော်ပါမယ်လို့"

"အို အဲလိုလျှော်မှာစိုးလို့ ငြိမ်း လျှော်နေတာပေါ့ အလွမ်းရယ် မနေ့ကလည်း ငြိမ်းရဲ့လုံချည်နဲ့ဂါဝန်တွေ အလွမ်း လျှော်ထားတယ်"

"အဲဒါ ဘာဖြစ်လဲ ငြိမ်းက မပေါ့မပါးနဲ့လေ၊ အလွမ်း ဒီလောက်တော့ လုပ်ပေးရမှာပေါ့"

အမြဲတမ်း အရိပ်လိုကြည့်ပြီး ဂရုစိုက်နေသော အလွမ်းကြောင့် ငြိမ်း အနေပင်ခက်ရချည့်သေး။

"ငြိမ်း အားနာတယ် အလွမ်းရယ်၊ အလွမ်းမှာ ဆိုင်တစ်ဖက်နဲ့ ငြိမ်းဝေယျာဝစ္စတွေကိုပါ လိုက်လုပ်နေရတယ်၊ ငြိမ်းက လူပိုကြီးလို ဖြစ်နေပြီ"

"ငြိမ်းက အလွမ်းအတွက် ဘယ်တော့မှ လူပိုမဖြစ်ဘူး၊ အရမ်းကိုအရေးပါတဲ့ သွေးသောက်ညီအစ်မ သိလား"

ရေစက်ပေါက်လေးတွေ တွဲခိုနေသော ငြိမ်း၏ပါးပြင်ကို ချစ်စနိုးဆွဲလိမ်ကာ ဖြေသိမ့်ပေးသော အလွမ်း၏မေတ္တာတရားတွေသည် ငြိမ်းအတွက်တော့ နွေးထွေးလုံခြုံသည်ဟု ထင်မိသည်။

"မမငြိမ်း ဖုန်းလာနေတယ်"

အလွမ်း၏တပည့်မလေး အထဲဝင်လာပြီး ငြိမ်းကို သီချင်းသံမြည်နေသော ဖုန်းကို လာပေးသည်မို့ ငြိမ်း ဖုန်းကိုလှမ်းယူပြီး နံပါတ်ကိုကြည့်လိုက်သည်။

"ဟင် အိမ်ကဖုန်းပဲ"





ကြည့်နေသော ငြိမ်းမျက်နှာလေး ချက်ချင်းဆိုသလို ညှိုးနွမ်း၍ သွားသည်။ အလွမ်းကို စစ်ကူတောင်းသူလို အားကိုးတကြီး လှမ်းကြည့်ပြီး မဝံ့မရဲဖြင့် ဖုန်းထူးလိုက်သည်။

"ဟဲလို မေမေ"

"သမီးလေး နေနိုင်လိုက်တာကွယ်၊ မေမေတို့မှာလေ သမီးလေး ပြန်လာနိုးပြန်လာနိုးနဲ့ စောင့်တာ တစ်နှစ်တောင် ပြည့်တော့မယ်ကွယ်"

ဝမ်းနည်းသံဖြင့် ပြောနေသော မေမေ့အသံကြောင့် ငြိမ်း ငိုချင်သွားကာ နှာသီးဖျားလေး ရဲတက်လာသည်ထိ မျက်ရည်တို့ ဝဲတက်လာ၏။

"ငြိမ်းကို ခွင့်လွှတ်ပါ မေမေရယ်၊ ငြိမ်းလေ မေမေတို့ကို အသိုင်းအဝိုင်းအလယ်မှာ အရှက်ရအောင် လုပ်ခဲ့မိတယ်၊ ဒါကြောင့်လည်း ငြိမ်း ပြန်မလာရဲတာပါ"

မှားခဲ့မိသည့်အမှားတွေသည် ပြန်ပြင်၍မရတော့မှန်း သိပေမယ့် ဘဝကို အစကနေပြန်ပြီး ဖြတ်သန်းခွင့်ရလျှင် ငြိမ်း ဖြတ်သန်းချင်ပါသည်။

"ပြီးခဲ့တာတွေကို မေမေရော ဖေဖေရော အပြစ်မတင်ချင်တော့ပါဘူးကွယ်၊ ဒါကြောင့် သမီးရော သမီးရဲ့ကောင်လေးကိုပါ ခေါ်ပြီး မေမေတို့ဆီ ပြန်လာခဲ့ပါ"

ဝမ်းသာစရာစကားဖြစ်ပေမယ့် ငြိမ်း ဝမ်းမသာနိုင်ပါ။ အဖြစ်မှန်ကို ပြောပြဖို့လည်း မဝံ့ရဲ။ ငြိမ်းကြောင့်မိဘတွေ ပိုပြီစိတ်ဆင်းရဲသွား

လိမ့်မည်။

ငြိမ်းတို့မျိုးရိုးထဲမှာ ဗိုက်တစ်လုံးနှင့်ကျန်ခဲ့ပြီး လင်ကောင်မပေါ်ဘဲ ကလေးမွေးတဲ့မိန်းကလေးမျိုး မရှိခဲ့ဖူးပါ။ ငြိမ်းကျမှ ဒီလိုအကျည်းတန်သည့်အဖြစ်ကြီးနှင့် မိဘတွေဆီပြန်ရမည်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်။

"ငြိမ်းမှာ ကိုယ်ဝန်ကြီးနဲ့မေမေ၊ ဒါကြောင့် ခုလောလောဆယ်တော့ ငြိမ်းလာလို့ မရသေးပါဘူး"

"ဟင် သမီးမှာ ကိုယ်ဝန်နဲ့ ဟုတ်လား"

တစ်ဖက်ဖုန်းထဲမှ မေမေ့အသံသည် ဝမ်းသာသွားသော အသံမျိုး။

"ဟုတ် ဟုတ်ကဲ့ မေမေ"

"အမလေး သမီးဖေဖေသာသိရင် သူ မြေးချီရတော့မယ်ဆိုပြီး ဘယ်လောက်ဝမ်းသာလိမ့်မလဲကွယ်"

ငြိမ်း ရင်ထဲမှာ နင့်သွားသည်။ ငြိမ်းကတော့ ဝမ်းမသာနိုင်ပါ။

"ခု သမီးတို့ ဘယ်မှာနေနေလဲ၊ မေမေ့ကိုလိပ်စာပြောစမ်းနောက်ပြီး သမီးကောင်လေးရော အလုပ်အကိုင်ကောင်းရဲ့လား၊ အဆင်ရောပြေကြရဲ့လား၊ လိုအပ်တာရှိရင် အထူးသဖြင့် ငွေကြေးလိုအပ်ရင်ပြော မေမေပို့ပေးမယ်"

ငြိမ်း မျက်ရည်တို့ကျလာပြီး အသံကိုမတုန်အောင် မနည်းထိန်းပြောရ၏။ အလွမ်း အလိုက်တသိဖြင့် ငြိမ်း အအေးပတ်မည်စိုး၍ သဘက်လာခြုံပေးပြီး ပါးပေါ်မှ မျက်ရည်တို့ကို တယုတယ သုတ်ပေးရှာ





သ်။

"ငွေမလိုပါဘူး မေမေ"

"ဒါနဲ့ ကောင်လေးက ဘာလုပ်လဲ သမီး"

ငြိမ်း ဘာဖြေရမှန်းမသိ။ ဖုန်းက စပီကာဖွင့်ထား၍ အလွမ်းပါငြိမ်း မေမေပြောတာတွေ အကုန်ကြားနေရသဖြင့် အကြံပေးသည့်အနေဖြင့် ဆံပင်ညှပ်သည့်ဟူသော အဓိပ္ပာယ်ပေါ်အောင် လက်ဟန်ခြေဟန်ဖြင့် လုပ်ပြလိုက်သည်။

"ဟို ဟိုလေ hair designer ပါ မေမေ"

"ဩော် ဟုတ်လား အင်းလေ ဒီခေတ်က ဒီဇိုင်နာတွေရေပန်းားတဲ့ခေတ်ဆိုတော့ သိပ်တော့ စိတ်မပူရပါဘူး၊ သမီးရော ကိုယ်ဝန်ဘယ်နှလရောက်ပြီလဲ"

"သုံးလကျော်ပါပြီ မေမေ"

"ဂရုစိုက်နော် သမီး၊ ဒီရက်ထဲမှာ သမီးဖေဖေနဲ့မေမေ တိုင်ပင်ြး ရန်ကုန်ဆင်းလာခဲ့မယ်၊ မေမေ့ကို လိပ်စာအပြည့်အစုံကို message ့ပေး ကြားလား"

ငြိမ်းရင်တွေ ပြောင်းဆန်အောင် တုန်လှုပ်ချောက်ချားသွားပြီးသုက ညွှတ်ခွေကျမတတ် စိတ်လှုပ်ရှားသွားသည်။

"ဟုတ် ဟုတ်ကဲ့ပါ မေမေ"

"အေး အေး ဒါဆို မေမေ ဖုန်းချလိုက်တော့မယ်၊ ညကျမှ ာစ်ခေါက်ပြန်ခေါ်မယ်နော် သမီး"

"ဟုတ်ကဲ့ပါ မေမေ"

■ ■ ■

"ငြိမ်းတော့ သေချင်တာပါပဲ အလွှမ်းရယ်"

အလွှမ်းရှေ့မှာ ချုံးပွဲချငိုနေသော ငြိမ်းကိုကြည့်ပြီး အလွှမ်းလည်း ငြိမ်းနှင့်ထပ်တူထပ်မျှ စိတ်ရှုပ်သွားရသည်။ သူတို့ရန်ကုန်လာလျှင် ဖြစ်ရာ သမက်ကမရှိ။

ငြိမ်း စိတ်သောကရောက်မည်ဆိုလည်း ရောက်လောက်သည်။ အလွှမ်းတောင် ဘယ်လိုအကြံပေးရမှန်းမသိတော့။

"ပြဿနာတစ်ခုမှာ အဖြေတစ်ခုကတော့ ဖြေရှင်းဖို့ ထွက်လာတတ်ပါတယ် ငြိမ်းရယ်၊ သိပ်လည်း စိတ်သောကဖြစ်မနေပါနဲ့"

"မေမေတို့က ရှေ့အပတ်ထဲ လာမှာလေ အလွှမ်းရဲ့၊ ငြိမ်းက သူတို့မမြင်ဖူးသေးလို့ မြင်ချင်တဲ့သမက်ကို ဘယ်ကသွားဆွဲခေါ်ထားရမလဲ"

"အလွှမ်း အကြံပေးကြည့်မယ် ငြိမ်း လက်ခံမလား"

ထွက်ပေါက်တစ်ခု ရှာတွေ့တော့မည့်သူတစ်ယောက်လို ငြိမ်းအကြည့်တွေက အလွှမ်းဆီသို့ ဖျတ်ခနဲ ရောက်သွားပြီး

"ဘာအကြံလဲ အလွှမ်း"

"မင်းဘုံကို ခဏပြန်ခေါ်ပြီး ပြဿနာကို ဖြေရှင်းကြည့်ပါလား"

ငြိမ်း ခေါင်းတဆတ်ဆတ် ခါရင်း

"လုံးဝ မဖြစ်နိုင်ပါဘူး အလွှမ်းရယ်၊ ငြိမ်း သူနဲ့မပတ်သက်





ချင်တော့သလို မေမေတို့ ဖေဖေတို့အမြင်မှာလည်း သူတို့သမက်အဖြစ် ဘယ်လိုမှ မမြင်စေချင်ဘူး၊ ပြဿနာက ဒီမှာတင်ပြီးမှာမှ မဟုတ်တာ နောက်ဆက်တွဲတွေပါ ပေါ်လာမှ မေမေတို့ ဖေဖေတို့ ငြိမ်းမိုက်ပြစ်ကြောင့် နေရာမှာတင် အသက်ပျောက်သွားကြလိမ့်မယ်၊ မေမေက နှလုံးရောဂါသမား ဖေဖေက သွေးတိုးသမား အလွှမ်းရဲ့"

အလွှမ်းပေးသော အကြံသည် ငြိမ်းအတွက် အသုံးမဝင်သဖြင့် အလွှမ်းလည်း အကြံထပ်မထွက်တော့။ ငြိမ်း၏တရှုံ့ရှုံ့ငိုနေသော ဝမ်းနည်းစရာမြင်ကွင်းကိုသာ စိတ်မကောင်းစွာ ထိုင်ကြည့်နေရ၏။

အလွှမ်းလည်း ထပ်တူထပ်မျှ ခံစားရတာပါပဲ။

အလွှမ်းချစ်တဲ့ ငြိမ်းမှာရှိနေသော သောကအပူတွေ ပြေပျောက်စေမည့် နည်းလမ်းကောင်းတွေ့မည်ဆိုလျှင် အသက်ကိုစတေးရမည်ဆိုလျှင်တောင် အလွှမ်း စတေးရဲပါသည်။

ငြိမ်းကို ပျော်စေချင်တာ အလွှမ်းရဲ့ အဖြူစင်ဆုံးစိတ်ခံစားချက်ပါ။

■ ■ ■

## အခန်း (၃၄)

''ဟမ် ဘယ် ဘယ်လို ငြိမ်း၊ နားရှင်းအောင် ပြန်ပြောစမ်းပါကွဲ့''

လက်ထဲမှ ထမင်းလုပ် ဘုတ်ခနဲ ပြုတ်ကျရလောက်အောင်ပင် ငြိမ်း စကားတွေက စိတ်လှုပ်ရှားစရာ ကောင်းလွန်းသည်။

''ဖေဖေတို့ မေမေတို့ သိပ်တွေ့ချင်နေတဲ့ သမက်နေရာမှာ အလွမ်း အစားထိုးဟန်ဆောင်ပေးနိုင်မလားလို့''

ထိုတောင်းဆိုမှုသည် အလွမ်းအတွက်တော့ အတိုင်းထက်အလွန် ဝမ်းသာစရာပင်။ ထိုနေရာကို တိတ်တခိုး မက်မောခဲ့တာ ကြာခဲ့ပြီပဲ။ သို့သော် ဝမ်းသာမှုကို ထုတ်မပြရဲ။ တအံ့တသြနှင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိသောဟန်ဖြင့်သာ





''ဟယ် မဟုတ်တာ၊ ကျုပ်က အခြောက်မလေ ငြိမ်းမိဘတွေ ကျုပ်ကိုမြင်တာနဲ့တင် ဒေါသတွေ ဆွေ့ဆွေ့ခုန်နေကြလိမ့်မယ်''

''ငြိမ်းအတွက်တော့ ဒီတစ်နည်းပဲ ရှိတော့တယ် အလွမ်း၊ မင်းဘုံကိုပြန်ခေါ်ပြီး သမက်လုပ်ခိုင်းမှာထက်စာရင် အလွမ်းကပဲ ယောကျ်ားပီပီသသ ဝတ်စုံဝတ်ပြီး ဟန်ဆောင်လိုက်ရင် အားလုံးအဆင်ပြေသွားလိမ့်မယ် အလွမ်းရဲ့''

''ဖြစ်ပါ့မလား ငြိမ်းရာ အလွမ်းတော့ ဟန်ဆောင်ရင် အလိမ်ပေါ်သွားမှာကို အကြောက်ဆုံးပဲ သိလား''

''ငြိမ်းမိဘတွေက ဒီမှာ အကြာကြီးနေမှာမှ မဟုတ်တာ အလွမ်းရယ်''

ခခယယ ပြောနေသော သနားစရာ ငြိမ်းမျက်နှာလေးကို ကြည့်ပြီး အလွမ်း စိတ်မကောင်းဖြစ်သွားကာ

''အလွမ်းက ငြိမ်းအခက်အခဲကို မဖြေရှင်းပေးချင်တာမဟုတ်ဘူး ငြိမ်းရဲ့၊ မဖြေရှင်းရဲတာ တစ်ခုခုလွဲချော်သွားရင် ငြိမ်းနစ်နာသွားမှာစိုးတယ်၊ ကဲပါလေ အလွမ်း စောဒကတက်မနေတော့ပါဘူး၊ အတတ်နိုင်ဆုံး ကြိုးစားကြည့်မယ် ငြိမ်းရယ်''

ဒီထက်ဆက်ပြီး မူနေလျှင် ငြိမ်း စိတ်ဆင်းရဲရှာတော့မည်။

''တကယ်ပြောတာနော် အလွမ်း''

''အင်းပေါ့လို့''

''ဟယ် ဒါဆို ငြိမ်း အဲဒီကိစ္စကို စိတ်အေးလိုက်တော့မယ်နော်''

"အေးလိုက်တော့ပေါ့အေ"

ခုမှပင် ငြိမ်းမျက်နှာလေး ပြန်လှည့်ကြည်လင်လာပြီး ပြုံးရွှင်နိုင်တော့သည်။

"အဲ နေဦး တစ်ခုကျန်သေးတယ်"

"ဟင် ဘာကျန်တာလဲ"

"ဟို ဟိုလေ ငြိမ်းမိဘတွေလာရင် ဘယ် ဘယ်မှာအိပ်နိုင်းမတုန်း၊ ဒီမှာက အိပ်ခန်းနှစ်ခန်းထဲရှိတဲ့ဟာကို"

"အဲ ဟုတ်သားပဲ"

ငြိမ်း တွေးစစလေး ဖြစ်သွားကာ အကြံထုတ်သည်။

"ဘယ်တတ်နိုင်မလဲ အလွမ်းရယ် လင်မယားဟန်ဆောင်ကြမှတော့ ငြိမ်းရယ် အလွမ်းရယ် တစ်ခန်းအိပ်ကြရတော့မှာပေါ့၊ ဖေဖေတို့ မေမေတို့ကို အလွမ်းရဲ့အခန်းပေးသုံးလိုက်မယ်လေ"

အလွမ်းရင်တွေ တဒိန်းဒိန်း အခုန်မြန်လာသည်။ ကံကြမ္မာကြီးက အလွမ်းနဲ့ငြိမ်းကို တစ်စထက်တစ်စ ပို၍နီးကပ်လာအောင် ကြံဆောင်ပေးနေကြသည်ဟုတွေးပြီး အလွမ်း ကျေနပ်နေမိသည်။

"အလွမ်းကြောင့် ငြိမ်း စိတ်အနှောင့်အယှက်ဖြစ်မှာ စိုးတယ်"

"ဟင် ဘာဖြစ်လို့လဲ"

"အလွမ်းက အိပ်နေရင်းနဲ့ ယောင်တတ်တယ် ငြိမ်းရဲ့"

"ဟောက်ရော ဟောက်တတ်လား"

"သိပ်မဟောက်ဘူးထင်တယ်"





ငြိမ်း ခပ်ပေါ့ပေါ့လေးရယ်ကာ

"အမလေး အလွမ်းရယ် ငြိမ်းအဖေနဲ့အမေဆိုရင် ပိုတောင်ဟောက်သေးတယ်"

နှစ်ယောက်သား ပြိုင်တူရယ်မောလိုက်ကြသည်။

■ ■ ■

## အခန်း (၃၅)

"ဝါး တကယ်မိုက်တယ် ကြည့်စမ်း"

ကော်လံကတုံး အော်တာရှပ်လက်ရှည် နီညိုရောင်ကို အောက်ခံ ယောပုဆိုးအရောင်ခပ်ရင့်ရင့်နှင့် တွဲဝတ်ပြီး အခန်းအပြင်ကို ထွက်လာသော အလွမ်းကိုကြည့်ပြီး ငြိမ်း မချီးမွမ်းပဲ မနေနိုင်။

အလွမ်းဟာ တကယ့်ကိုဂျန်းတဲမန်းလေးပါလား။ ယောကျ်ားလေးလို ဝတ်လိုက်လျှင် ထိုမျှ ဆွဲဆောင်မှုရှိလိမ့်မည်ဟု ငြိမ်း ထင်မထားမိ။

"စီနီယာ အရမ်းမိုက်တယ်၊ စူပါမင်းသား ပြေတီဦးတို့ နေတိုးတို့ ထိုင်ငိုသွားလောက်တယ်"

အလှပြင်ဆိုင်ထဲမှ တပည့်မလေးတွေပါ အားလုံး တအံ့တသြ





ချီးမွမ်းကြသည်။

"စီနီယာ ရုပ်ပြောင်းရုပ်လွှဲ သိပ်တော်တာပဲ"

"အေးဟယ် ဒီပုံတိုင်းလေးပဲ နေသွားရင် ပိုတောင်ကောင်းသေးတယ်"

"ဒါရိုက်တာတွေ မျက်စိကျပြီး မင်းသားလုပ်ဖို့ လာငှားနေဦးမယ်"

"ဟဲ့ ကောင်မတွေ ငါ့ကိုသိပ်မမြှောက်နဲ့၊ ဘဝင်တွေလေဟပ်ပြီး ခါးထဲက ပုဆိုးကျွတ်ကျသွားဦးမယ်၊ ငါက ထဘီပဲဝတ်တတ်တာ ပုဆိုးသိပ်ဝတ်တတ်တာ မဟုတ်ဘူး"

ရှက်ကိုးရှက်ကန်း လှမ်းပြီး ရန်ထောင်လိုက်သေးသည်။ လေသံက နွဲ့နေသေးသည်မို့ အားလုံး ဝိုင်းရယ်ကြပြန်သည်။

"လေယူလေသိမ်းက ပျော့နေသေးတယ်လေ အလွမ်းရဲ့၊ ယောကျ်ားတစ်ယောက်ရဲ့လေယူလေသိမ်းလို ပြောကြည့်ပါဦး"

"အင်းပါ ကြိုးစားပြီး ပြောကြည့်တာပေါ့ကွာ"

"ဟုတ်ပြီ အဲဒီ လေယူလေသိမ်းက လုံးဝယောကျ်ားပီသပြီး ကြည်လင်ပြတ်သားတဲ့အသံမျိုးပဲ အလွမ်းရဲ့"

"ဟုတ်ပါပြီ ယောကျ်ားပီသတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အပြောအဆိုအနေအထိုင်မျိုးဖြစ်အောင် ကိုယ် ခုကတည်းက မှန်သွင်းပြီး ကြိုးစားကျင့်ပါ့မယ် ငြိမ်းရယ်"

အလွမ်းစကား အဆုံး ငြိမ်း လက်ခုပ်ကလေးတီးကာ လက်မ

ထောင်ပြ၏။

ရင်ထဲက အမှန်တကယ် ထွက်ပေါ်လာသည့်စကားလုံးတွေမို့ အလွမ်းအတွက် သိပ်ပြီး အားမစိုက်လိုက်ရ။ ငြိမ်းကျေနပ်လျှင် ငြိမ်း အဆင်ပြေလျှင် အလွမ်း ချစ်ရကျိုးနပ်သည်ပေါ့။

ဒီဘဝမျိုးကို အလွမ်းကိုယ်တိုင် နှစ်သက်နေပါပြီ။

■ ■ ■



**အခန်း (၃၆)**

"ဖေဖေနဲ့မေမေ ဒါ ငြိမ်းရဲ့ လွမ်းဝေလေ"

"ဟုတ်ကဲ့ပါ ဖေဖေနဲ့မေမေ ကျွန်တော် ငြိမ်းကိုချစ်လို့ ခိုးပြေးလာခဲ့မိတဲ့အတွက် ခွင့်လွှတ်ပါ"

ဟန်ဆောင်သမက်ဆိုပေမယ့် ယောက္ခမတွေရဲ့ကြည်ဖြူမှုတွေ လိုအပ်တာပဲမို့ ငြိမ်း ကြိုမသင်ထားသော အပိုစကားတွေကိုပါ ကိုယ့်နည်းကိုယ့်ဟန်နှင့် ယဉ်ကျေးစွာတောင်းပန်လိုက်သည်။

တကယ်ဆို အလွမ်းက ခိုးပြေးတာမဟုတ်ပေမယ့် ငြိမ်းရဲ့ အသွေးအသားကို အချစ်စိတ်တွေမွှန်ပြီး ရယူထားပြီးသည့် အပြစ်ကြီးက အလွမ်းမှာရှိနေသည်ပဲ။ ထို့ကြောင့် တောင်းပန်ရခြင်းလည်း ဖြစ်ပါသည်။

ဖြူစင်မွှန်ရည်ပြီး ချောသန့်နေသော သမက်ကိုကြည့်ပြီး ဦးထိုက်အောင်နှင့် ဒေါ်မိုးခမ်း မပြုံးမရယ်ပြပဲနှင့်ကို မနေနိုင်ကြ။

"ရပါတယ်ကွယ် ပထမတော့ ဖေဖေတို့လည်း သိက္ခာမဲ့တဲ့ အလုပ်ကို လုပ်သွားတယ်ဆိုပြီး အမွေဖြတ်ဖို့အထိပါ ဆုံးဖြတ်လိုက်ကြတာ ဒါပေမဲ့ ဒါက ဖေဖေတို့လူကြီးတွေရဲ့ခံစားချက်လေ"

"ဟုတ်တယ် သားရဲ့၊ အချိန်တွေကြာလာတာနဲ့အမျှ မေမေတို့လည်း လူငယ်တွေအပေါ် အပြစ်မမြင်ရက်တော့ပါဘူး၊ လူငယ်တွေဆိုတာ အချစ်ကို ကိုးကွယ်တတ်ကြတယ်လေ၊ ဒါနဲ့ သားရဲ့မိဘများကရော"

"ကျွန်တော် လူပျိုပေါက်ဘဝထဲက ဆုံးသွားကြပါတယ် ဖေဖေနဲ့ မေမေ"

"ညီအစ်ကို မောင်နှမတွေကရော"

"ကျွန်တော်က တစ်ဦးတည်းသောသားပါ"

ဒေါ်မိုးခမ်း ကရုဏာသက်စွာ ခေါင်းတညိတ်ညိတ် လုပ်ရင်း

"ဒီဆိုင်ကရော အဲ အလှပြင်ဆိုင်ကရော သား ဖွင့်တာလား"

"ဟုတ်ပါတယ် မေမေ၊ hair designer လုပ်ရတာကို ဝါသနာပါလို့ ဒီပညာနဲ့ပဲ အသက်မွေးဝမ်းကျောင်းပြုပါတယ်"

မိဘတွေရှေ့မှာ အနေကျုံ့နေရှာသော အလွမ်းကိုကြည့်ပြီး ငြိမ်း သနားနေမိသည်။ သူ့ခမျာ အခြောက်မဘဝကနေ တကယ့် ယောကျ်ားရင့်မကြီးတစ်ယောက်ရဲ့ပုံစံကို ရုတ်တရက် ပြောင်းလိုက်ရတာမို့ စိတ်ကသိကအောက် ဖြစ်နေမှာ သေချာသည်။

"ယဉ်နုရေ"

"ရှင် မမငြိမ်း"





"မမငြိမ်းရဲ့ မိဘတွေအတွက် ထမင်းပွဲလေး သွားပြင်ထားပေးပါဦး"

စကားဖြတ်သည့်အနေနှင့် အလွမ်းအပေါ် အာရုံကျနေသော မိဘတွေ၏စိတ်ကို လွှဲလိုက်သည်။

"ကိုယ် ပြင်ထားပြီးပြီ ငြိမ်း"

"ဟင် ဟုတ်လား ငြိမ်းကိုပြောပေါ့ ကိုရယ်၊ ဘာလို့ ကိုကိုယ်တိုင်လုပ်ရတာလဲ ဆိုင်မှာလဲ လူတွေက ကျနေတာ"

ငြိမ်း အားတုံ့အားနာဖြင့် ပြောသည်။ မိဘတွေကတော့ တော်လိုက်သည့်သမက်လေးဟု မချီးကျူးဘဲ မနေနိုင်အောင် အလွမ်းကိုယ်တိုင် လက်စွမ်းပြထားခြင်း ဖြစ်သည်။

ဒါဟာ အလွမ်း ဟန်ဆောင်နေတာမဟုတ်ပါဘူး။ အလွမ်းချစ်သော ငြိမ်း၏မိဘတွေမို့ စေတနာပိုရခြင်းသက်သက်ပါ။

■ ■ ■

## အခန်း (၃၇)

"အလွမ်း ခုတင်ပေါ်မှာ အိပ်လိုက်လေ၊ ငြိမ်း ကြမ်းခင်းမှာ အိပ်လိုက်ပါ့မယ်"

ခုတင်ဘေး ကြမ်းခင်းတွင် အိပ်ရာခင်းနေသော အလွမ်းကို ငြိမ်း အားနာ၍မဆုံးဖြစ်ရသည်။ ငြိမ်းအပေါ် အနစ်နာခံတာ အကြိမ်ပေါင်းမနည်းတော့သော အလွမ်းကို ငြိမ်း ဘယ်လိုကျေးဇူးတုန့်ပြန်ရမှန်းပင်မသိလောက်အောင် အလွမ်းဟာ စိတ်ထားဖြူစင်တဲ့သူပါ။

"အမလေး မပေါ့မပါးကြီးနဲ့ တမံတလင်းမှာ မအိပ်ရပါဘူး"

ငြိမ်းနှင့်ပတ်သက်လာလျှင် အိုဟာဖြစ်မတတ် သဲသဲလှုပ် ပျာယာခတ်နေသော အလွမ်း၏ ဂရုစိုက်မှုတွေကို ငြိမ်း ဘယ်လိုအဓိပ္ပာယ်ကောက်ရမှန်းပင် မသိတော့။

အလွမ်းရင်ထဲမှာ ဘာတွေရှိနေသလဲ။ ဘာကြောင့် ငြိမ်းကို





သူ့သွေးရင်းသားရင်းတစ်ယောက်လို ဂရုစိုက်နေရသလဲဆိုတာ ငြိမ်း သိချင်နေသည်။

"သမီးရေ ငြိမ်း"

"ရှင် မေမေ"

အခန်းရှေ့မှ ခေါ်သံကြောင့် ခုတင်ဘေးတွင် အိပ်ရာခင်းနေသော အလွမ်း ပြူးပြူးပျာပျာဖြင့် ခင်းလက်စ အိပ်ရာကို ခုတင်ပေါ် ကပျာကယာပြင်တင်လိုက်ရသည်။

ငြိမ်း အခန်းတံခါး သွားဖွင့်ပေးလိုက်သည်။

"သမီး မအိပ်သေးဘူးလား"

"ဟုတ် အိပ်တော့မှာပါ မေမေရယ်"

"သားရော အိပ်ပျော်သွားပြီလား"

အလွမ်း ခုတင်မှာ အိပ်ချင်ဟန်ဆောင်နေလိုက်သည်မို့ ငြိမ်း လှည့်ကြည့်ပြီး

"အိပ်ပျော်သွားပြီ မေမေ"

"ဪ အေး အမေ သမီးနဲ့သားကို ပြောစရာရှိလို့ကွယ်"

"ဘာပြောမလို့လဲ မေမေ"

"ဪ ထွေထွေထူးထူးတော့မဟုတ်ပါဘူး၊ သမီးတို့မိသားစုလေးရဲ့ ရှေ့ရေးကိုစဉ်းစားမိပြီး အတွေးတစ်ခု ဝင်လာလို့ပါ၊ ရပါတယ် မနက်ကျမှပဲ မေမေ ပြောပြတော့မယ် အိပ်တော့ အိပ်တော့"

"ငြိမ်းလည်း အိပ်မပျော်ပါဘူး မေမေရဲ့ ပြောပါ"

"ဟင့်အင်း သမက်ပါသိရမယ့်ကိစ္စမို့ မနက်မှပဲ ပြောတော့မယ် သမီးရယ်၊ ကဲ တံခါးပိတ်လိုက်တော့"

အခန်းရှေ့မှ မေမေ ထွက်သွားသည်။ ငြိမ်း ခုတင်ဆီသို့ ပြန်၍လျှောက်လိုက်သည်။

"ဟော့တော် အလွမ်း တကယ် အိပ်ပျော်သွားပြီပဲ"

ခုတင်ပေါ်တွင် အိပ်မောကျစပြုနေသော အလွမ်းကို ငြိမ်း မနှိုးရက်တော့။ ငြိမ်းလည်း ကြမ်းခင်းတွင် အိပ်ဖို့ စိတ်ကူးပေမယ့် တကယ်တမ်း ကိုယ်ဝန်လွယ်ထားရသူမို့ အိပ်၍မဖြစ်နိုင်။

မထူးတော့ပြီမို့ ငြိမ်းပါ ခုတင်မှာ တက်အိပ်လိုက်တော့၏။

စိတ်တွေက ရှုံးသားကြတာပဲလေ။

■ ■ ■



## အခန်း (၃၈)

"ဟင် ငြိမ်း"

မနက် ဝေလီဝေလင်းအချိန် အလွမ်း အိပ်ရာမှ နိုးနေကျမို့ မျက်လုံးတွေက တစ်မိနစ် တစ်စက္ကန့်တောင် ပိုအိပ်၍မရ၍ ထမည့်အလုပ် ရင်ဘတ်ပေါ်မှ လေးလံသောအထိအတွေ့ကြောင့် ဘေးကို ငုံ့ကြည့်လိုက်သည်။

ငြိမ်းက အလွမ်းကိုဖက်ပြီး အိပ်မောကျနေဆဲကိုး။ ညက ငြိမ်းနှင့်တစ်ခုတင်ထဲမှာ အတူအိပ်ဖို့အတွက် တမင်ပင်အိပ်ချင်ဟန်ဆောင်ခဲ့မိနေရင်းမှ အလွမ်း ဘယ်လိုအိပ်ပျော်သွားမှန်း မသိလိုက်။

ခုမနက်နိုးတော့ ငြိမ်းက အလွမ်းကိုဖက်ပြီး အိပ်နေလေရဲ့။ ရင်ထဲမှာ ခံစားရသော ကြည်နူးမှုတွေသည် ဘယ်လိုမှပင်စာဖွဲ့၍ပင် မရနိုင်။

အလွမ်းနှင့်ငြိမ်း အကြင်လင်မယားဘဝကို တကယ်ရောက်သွားလျှင် ဘယ်လောက်ကောင်းလိုက်မလဲ။

ငြိမ်း နိုးသွားမည်စိုး၍ အလွမ်း ငြိမ်ငြိမ်လေးပဲနေလိုက်တော့သည်။ သိပ်မကြာလိုက် ငြိမ်း နိုးလာသည်။ မျက်လုံးတို့ ဖျတ်ခနဲ ပွင့်လာသည်။

"ဟင် အလွမ်း နိုးနေပြီလား"

"အင်း နိုးနေပြီ ငြိမ်းရဲ့၊ လှုပ်လိုက်ရင် ငြိမ်း နိုးသွားမှာစိုးလို့ ဒီအတိုင်း ငြိမ်နေတာ"

အလွမ်း၏ရင်အုပ်ကျယ်ကျယ်ကြီးကို ဖက်ထားမိသော ငြိမ်း၏လက်ကိုဆတ်ခနဲ ရုပ်လိုက်ပြီး အိပ်ရာနီးထစ မျက်နှာလေးမှ ရှက်ရိပ်တို့ရဲခနဲ ဖြစ်သွားသည်။

"ငြိမ်း ဖက်လုံးမှတ်ပြီး ဖက်အိပ်မိတာထင်တယ် အလွမ်းရဲ့"

"အလွမ်းလည်း အဲလိုပဲထင်ပါတယ် ငြိမ်းရဲ့၊ ကဲ ပြန်အိပ်လိုက်ဦး ခုမှ ငါးနာရီပဲ ရှိသေးတယ်၊ ကိုယ် အဲ အ အလွမ်း မောနင်းအတွက် စီစဉ်လိုက်ဦးမယ်"

ယောကျ်ားတစ်ယောက်၏ လေယူလေသိမ်းကို ပြောနေရာမှ သတိရသွားပြီး ခပ်နွဲ့နွဲ့ပြန်ပြင်ပြောလိုက်သဖြင့်

"မေမေတို့မြင်နေတဲ့ ကိုလွမ်းဝေ ကာရိုက်တာမျိုးနဲ့ပဲ နေလိုက်ပါတော့လား အလွမ်းရယ်"

"ဟင် ဘာဖြစ်လို့လဲ ငြိမ်း"





"ငြိမ်း မျက်စိထဲမှာ ခုမှ အလွမ်းက လူပီသလာတယ်လို့ထင်မိလို့ပေါ့"

"ကိုလွမ်းဝေလို ကာရိုက်တာမျိုးနဲ့နေရင် ဒီခုတင်ပေါ်မှာ နှစ်ယောက်ဘယ်လိုအိပ်မလဲ ငြိမ်းရဲ့၊ မသင့်တော်ဘူးလေ"

ငြိမ်း ဘာမှပြန်မပြောဘဲ ငြိမ်သွားသည်။ ငြိမ်းတစ်စုံတစ်ခုကို တွေတွေကြီး စဉ်းစားနေဟန်ဖြင့် သုံးလေးစက္ကန့်လောက် ငြိမ်သွားသည်။ ပြီးမှ အလွမ်းကို မော့ကြည့်ပြီး

"ဒီနေ့ ငြိမ်း ဗိုက်သွားအပ်ရမယ် အလွမ်းရဲ့"

"အင်းလေ အလွမ်းသိတာပဲ မေဓမနဲ့သွားမှာမို့လား အလွမ်းရော လိုက်ပေးရမလား"

ငြိမ်း ခေါင်းညိတ်ပြလိုက်သည်။ အလွမ်းရင်ထဲမှာ စိမ့်ခနဲ နွေးသွားသည်။

"ဗိုက်အပ်ရင် ကလေးရဲ့အဖေနာမည်လိုတယ်လေ အလွမ်းရဲ့"

"ဒါ ဒါဆို ကိုယ်က ကလေးရဲ့အဖေအဖြစ် အမည်ခံပေးရမယ်ပေါ့ ဟုတ်လား"

အပျော်မျက်နှာဖြင့် အလွမ်း ဝမ်းသာအားရ မေးကာ ငြိမ်းပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ အလွမ်းဘဝမှာ နင့်နင့်သီးသီး ဘစ်ခါမှ မပျော်ဖူးခဲ့ပါ။

ခုတော့ အလွမ်းပျော်ရပါပြီ။

"အားနာပါတယ် အလွမ်းရယ်၊ ဒါပေမဲ့ အလွမ်းကူညီမှ ဖြစ်

မှာလေ''

"ကိုယ့်ကို အဲလောက်ထိ ခွင့်တောင်းစရာ မလိုပါဘူး ငြိမ်းရယ် တကယ်တော့ ကိုယ် ကိုယ်လေ''

ဒီကလေးဟာ ကိုယ့်ကလေးပါဟု ငြိမ်းကို အစအဆုံး ဝန်ခံ လိုက်ချင်ပေမယ့် ရခဲလှသော ပျော်ရွှင်စရာအချိန်လေးကို ရာသက်ပန် ဆုံးရှုံးလိုက်ရမှာကိုတော့ အလွမ်း ကြောက်သည်။

လူချင်းတောင် တစ်ခုတင်ထဲ အတူအိပ်သည့်အဆင့်ရှိနေ တော့ နှလုံးသားချင်းနီးဖို့ဆိုတာ အရမ်းကိုသေချာသလောက် ရှိနေပြီ

ထို့ကြောင့် အလွမ်း၏မိုက်မဲမှုကြောင့် ဖြစ်ပေါ်လာသည့် ဒီရင် သွေးလေးဟာ အလွမ်းရင်သွေးစစ်စစ်ပါဟု ပြောပြဖို့အချိန်တွေကို ဟိုး အဝေးကြီးကို ခဏတော့ တွန်းပို့ထားချင်သည်။

''ဘာဖြစ်လို့လဲ အလွမ်း ငြိမ်းခွင့်တောင်းတာ တအားများ သွားပြီလား''

ငြိမ်းရယ် ဘာကြောင့်များ အလွမ်းစိတ်တွေ ထန်လာအောင် ပွတ်သီးပွတ်သပ် လာလုပ်နေရတာလဲ။ ချုပ်တီးမျိုသိပ်ထားရတဲ့အချစ်တွေ အုံကြွလာဖို့အတွက် အလွမ်းရဲ့ရင်တွေကို လာပြီး ထုနှက်နေတာလား

''ဟင် မ မဟုတ်ဘူး တ တကယ်တော့ ကိုယ် ကိုယ်လေ ငြိမ်းကို ချစ်တယ်''

''ရှင်''

အိပ်ရာနိုးထစ မျက်နှာလေးပေါ်မှ အုံ့ညိုရိပ်တွေကို ဖရိုဖရဲ





တွေ့လိုက်ရသည်။ နီရဲရွှန်းစိုနေသော ငြိမ်း၏နှုတ်ခမ်းသားလေးတွေ ဘဆတ်ဆတ် လှုပ်ခပ်ကာ ရင်အစုံမှာလည်း နိမ့်ချည်မြင့်ချည်ဖြင့် ငြိမ်း သည်း စိတ်တွေလှုပ်ရှားနေသည်ဆိုတာ မြင်ရုံနှင့်သိသာနေပြီ။

ငြိမ်း မျက်နှာပေါ်မှာ ဒေါသတို့ တစိုးတစိမျှ ရှိမနေ။

''ကိုယ် ငြိမ်းကို ချစ်မိသွားပြီ''

နီထွေးထွေး နှုတ်ခမ်းအစုံကို ဖိကပ်ရှိုက်နမ်းပြီး ငြိမ်း၏ကိုယ် လေးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။ ရုန်းကန်ခြင်းမရှိသော ငြိမ်း၏ ကိုယ်လေး အလွမ်းရင်ခွင်ထဲ အလိုက်သင့်တိုးပါလာသည်။

အိပ်ရာထက်မှာ ရင်ခုန်လှိုက်မောမှုတွေကို ဖြန့်ခင်းပြီး ချုပ် ဘည်းမျိုသိပ်ထားသမျှ အချစ်တွေကို ပန်းပွင့်တွေလို ကြဲချဖို့ စိတ်ကို ပြည်လျှော့လိုက်သည်။

တကယ်ဆို အလွမ်းဟာ အခွင့်အရေးသမားတစ်ယောက်ပါ ငြိမ်းရယ်။ ကိုယ်သာလျှင် ဗီလိန်စစ်စစ်ပါ။ အလွမ်းရဲ့အသွေးအသားတွေ ကို လူမသိသူမသိ ခိုးယူစားသုံးခဲ့မိတဲ့ လူယုတ်မာတစ်ကောင်ပါ။

''ဖြန်း''

ရုတ်တရက် ပူထူသွားသော ပါးတစ်ဖက်ကြောင့် အလွမ်း၏ ပန်းတွေကြဲဖို့ တာဆူနေသောစိတ်တွေဟာ အိပ်မက်မှ လန့်နိုးလာသူလို ငေါက်ခနဲ ဖြစ်သွားသည်။

''ငြိမ်း''

''မခေါ်နဲ့ တစ်ညလေး ဒီခုတင်ပေါ်မှာ အတူတူအိပ်လိုက်မိတာ

နဲ့ အခွင့်အရေးယူချင်တယ်၊ စိတ်တွေက အပြောင်းအလဲ မြန်တယ် အင်းပေါ့လေ ဘာမှမကြိုးစားလိုက်ရပဲနဲ့ အချောင်ရမယ့်အရေးပဲ''

မိန်းမပီပီ စကားနာထိုးလာသော ငြိမ်းစကားတွေကြောင့် ကိုယ့်ကိုယ်တိုင် လောဘတော်တော်ကြီးသွားမိမှန်း ပြန်၍သတိချပ်လိုက်သည်။

''ဒီနေ့ ငြိမ်းဆေးခန်းသွားရင် လုံးဝမလိုက်နဲ့တော့၊ ကလေးအဖေနာမည်တပ်တာပဲ ပါးစပ်ထဲတွေ့ကရာ နာမည် ပေးလိုက်လို့ရတယ်''

ခုတင်ထက်မှ ဆတ်ခနဲ ထကာ အခန်းအပြင်သို့ ထွက်သွားသော ငြိမ်းကို ဆင်ခြေပေး ငြင်းဆန်ဖို့ အကြောင်းပြချက်စကားလုံးမရှိ။

ရင်ထဲမှာ ရှက်ခြင်းတွေကြောင့် လူပုံအလယ် မျက်နှာပင်ထွက်မပြရဲတော့။

အလွမ်းစိတ်တွေ ငြိမ်းကြောင့် ပြောင်းလဲသွားတာကြာခဲ့ပါပြီ ငြိမ်းရယ်။

ခေါင်းအုံးကို မျက်နှာအပ်ကာ ကိုယ့်လုပ်ရပ်တွေအတွက် ယူကျုံးမရ ဖြစ်မိသည်။

■ ■ ■



## အခန်း (၃၉)

''ဗျာ ကျွန်တော့်ကို ဒီထက်ကြီးတဲ့ အလုပ်ပြင်ဆိုင် ဖွင့်ပေးမယ်ဟုတ်လား ဖေဖေနဲ့မေမေ''

လိမ်ညာဟန်ဆောင်ထားတဲ့ဘဝကြီးနဲ့ ဒီအခွင့်အရေးကို အလွမ်း လက်မခံရဲ။ လက်လည်းမခံသင့်။ အလွမ်း ဒါတွေကို လုံးဝမမက်မော။ ကမ္ဘာမှာ အလွမ်းမက်မောမိတာ ငြိမ်းတစ်ယောက်ထဲပါ။

''သားတို့သမီးတို့ ရှေ့ဆက်လျှောက်ရမယ့်လမ်းက အရှည်ကြီးကျန်သေးတယ်၊ နောက်ပြီး မေ့မေ့မြေးလေးရဲ့အနာဂတ်အတွက် ဒီလောက်လုပ်ငန်းသေးသေးလေးနဲ့ မတင်းတိမ်ကြပါနဲ့၊ သားလည်း ကိုယ်လုပ်နေတဲ့အလုပ်ကို ဒီထက်အောင်မြင်အောင် ကြိုးစားချင်မှာပဲလေ၊ ဒါကြောင့် မိဘတွေရဲ့ဝတ္တရားအတိုင်း လုပ်ငန်းတိုးချဲ့ဖို့ ငွေသိန်းတစ်ထောင် ထုတ်ပေးမယ်၊ သမီးကိုလည်း သားနဲ့အတူ တွဲလုပ်ဖို့ ရတနာဆိုင်

လေးတစ်ဆိုင် ထောင်ပေးမယ်၊ လင်မယားနှစ်ယောက် တက်ညီလက်ညီ ကြိုးစားကြပေါ့ကွယ်''

အခွင့်အရေးတွေက ဘာမှမမျှော်လင့် မတောင်းဆိုပါပဲနှင့် အလွမ်းထံသို့ ရေတံခွန်မှရေလို တရှိန်ရှိန် စီးဆင်းလာကြသည်။

ဒါတွေကို လက်ခံဖို့ အလွမ်း ကိုယ့်လိပ်ပြာကိုယ် မလုံ။ လက်မခံပါဘူးဟုလည်း မငြင်းရဲ။ ငြိမ်းကို ငဲ့ကြည့်တော့လည်း ငြိမ်းမျက်နှာပေါ်မှာ ပြောင်းလဲတဲ့ခံစားချက် ထွေထွေထူးထူးမရှိ။

အလွမ်းသာ ငြိမ်းနှင့် တကယ့်လင်မယားစစ်စစ်ဆိုလျှင် ငြိမ်းနှင့် အလွမ်းတို့ရဲ့အနာဂတ်မှာ ရွှေရောင်နေ့ရက်တွေချည်းပဲ ထိန်ထိန်တောက် ၍နေပြီပေါ့။

သို့သော် ထိုအခွင့်အရေးတွေဟာ အလွမ်းလို ဗီလိန်တစ်ကောင်နှင့် တန်မှမတန်တာ။

ငြိမ်းရေ အလွမ်းလေ ကိုယ့်အပြစ်ကိုကိုယ်ဝန်ခံဖို့ သတ္တိတွေမွေးလိုက်ပါပြီ။ ဒါမှ အလွမ်းရဲ့ အနာဂတ်နေ့ရက်တွေကို လိပ်ပြာသန့်သန့်နဲ့ ဆက်လျှောက်ရဲမှာမို့ပါ။

■ ■ ■



## အခန်း (၄၀)

''ဒါ ဘာလုပ်တာလဲ အလွမ်း''

မှန်တင်ခုံရှေ့တွင် ဆေးခန်းသွားဖို့ ပြင်ဆင်နေသော ငြိမ်းဘေးမှာ ဒူးထောက်ထိုင်ချလိုက်သည့်အတွက် ငြိမ်း တအံ့တဩဖြင့် မေးသည်။

''ငြိမ်းကို ကိုယ် ဝန်ခံစရာရှိလို့ပါ''

ငြိမ်း ဆိုးလက်စ နှုတ်ခမ်းနီကိုပင် ဆက်မဆိုးဘဲ ဒူးထောက်နေသော အလွမ်းဘက်သို့ လှည့်ထိုင်လိုက်သည်။

''အလွမ်းက ဘာကိုဝန်ခံမှာလဲ''

''အလွမ်းစိတ်တွေဟာ ငြိမ်းနဲ့တွေ့ကတည်းက ယောကျ်ားတစ်ယောက်ရဲ့စိတ်မျိုး ပြောင်းလဲခဲ့တာပါ''

''ဟင်''

ငြိမ်းထံမှ အာမေဋိတ်သံ ခပ်တိုးတိုးလေး ထွက်လာသည်။

"ကိုယ့်ဘဝတစ်ခုလုံးကို ငြိမ်းအတွက် ပေးဆပ်ချင်တဲ့စိတ်တွေဟာ ကိုယ့်ရဲ့အကြီးမားဆုံး တောင့်တစိတ်တစ်ခုပါပဲ၊ ဒါကြောင့် နေမင်းဘုံကို အားကျစိတ်နဲ့ မနာလိုစိတ်တွေ ဝင်ခဲ့မိတယ်၊ အခြောက်မတစ်ယောက်အပေါ် အထင်သေးစိတ်နဲ့ ဆက်ဆံခဲ့တဲ့ နေမင်းဘုံကို မုန်းခဲ့တယ်"

ရှည်လျားထွေပြားသော အလွမ်း၏ဖြေရှင်းချက်စကားလုံးတွေကို ငြိမ်း ဂရုတစိုက်တော့ နားထောင်ပေးရှာသား။

"နေမင်းဘုံကိုမုန်းလေ ငြိမ်းကို ပိုပြီးချစ်မိလေပါပဲ၊ အိမ်ထောင်ရှင်မမိန်းမတစ်ယောက်ကို မချစ်သင့်မှန်းသိပေမယ့် အလွမ်းရဲ့သဘာဝမဟုတ်တဲ့ စိတ်ခံစားချက်တွေဟာ သူ့သဘာဝစိတ်တွေအတိုင်း ပြောင်းလဲစေခဲ့တာ ငြိမ်းကြောင့်ပဲလေ၊ ငြိမ်းကို ချစ်လာလေ ကိုယ့်စိတ်တွေဟာ ယောကျ်ားပိုဆန်လာလေပဲ၊ ကုန်လွန်ခဲ့တဲ့အချိန်တွေကို အရမ်းနှမြောခဲ့မိတယ်၊ ကိုယ် ယောကျ်ားစစ်စစ်ဘဝကို တဖြည်းဖြည်း ပြောင်းလဲကျင့်ယူခဲ့တယ်"

"နေမင်းဘုံမှာ မိန်းမရှိနေမှန်း ကိုယ်သိရတော့ ငြိမ်းကို အရမ်းသနားမိတယ်၊ ဖွင့်မပြောရက်ခဲ့ဘူး၊ အရာအားလုံးကို ငြိမ်းကိုယ်စားကိုယ် လည်စင်းခံချင်ခဲ့တယ်"

လေးနက်သော အသံလှိုင်းတွေက ငြိမ်းရင်ကိုပါ အမှန်တကယ်လှုပ်ခတ်စေခဲ့ပါသည်။





"ငြိမ်းကလည်း ကိုယ့်ကို စေတနာပို ခင်မင်လာတော့ ငြိမ်းနဲ့အတူသွား အတူစား လက်ပွန်းတတီးနေခဲ့မိတိုင်း ကိုယ့်စိတ်တွေဟာ ငြိမ်းအပေါ် ချစ်ချင်လာခဲ့တယ်၊ ဒါပေမဲ့ ကိုယ် မျိုသိပ်ခဲ့ပါတယ် ငြိမ်းရယ့် ဒါပေမဲ့ တစ်ညမှာတော့ ကိုယ် ဘယ်လိုမှ မမျိုသိပ်နိုင်ခဲ့ဘူး"

"ဟင်"

"ဟုတ်တယ် ငြိမ်း အပြင်းဖျားတဲ့ညကို ငြိမ်း မှတ်မိလား၊ အဲဒီညက ဆေးခန်းကအပြန် ညဥ့်နက်လေ ငြိမ်းအဖျားက မကျပဲ ကယောင်ကတမ်းတွေဖြစ်နေတယ်၊ ကိုယ် ကိုယ်လေ ကိုယ်ပူအားကြီးနေတဲ့ငြိမ်းကို ရေပတ်တိုက် အဝတ်အစားလဲပေးခဲ့တယ်၊ ကိုယ့်ရဲ့ဘဝမှာ မိန်းမတစ်ယောက်ရဲ့အလှတရားတွေကို ပထမဦးဆုံးအကြိမ် မြင်လိုက်ရတော့ ကိုယ့်စိတ်တွေ ထိန်းချုပ်နိုင်မှု မဲ့ခဲ့တယ်၊ အဲဒီအချိန်မှာပဲ ငြိမ်းကယောင်ကတမ်းတွေ ပြောတယ်၊ ကိုယ့်ကို နေမင်းဘုံထင်ပြီး မလွတ်တမ်းဖက်ထားတဲ့၊ ငြိမ်းရဲ့အထိအတွေ့က ကိုယ့်ရဲ့တောင့်ခံနိုင်ခဲ့တဲ့စိတ်တွေ လုံးဝကို လွှတ်ထွက်သွားစေခဲ့ပါတယ်"

အလွမ်း၏အသံတို့ အဖျားခတ်ပြီး တုန်ခါသွားသည်။ ငြိမ်းကြက်သေ သေသွားသည်။

ဒီကိစ္စကို ငြိမ်း သိပြီးတာလည်း မကြာသေးပါဘူး။ ခုလိုဝန်ခံလာမည့်အချိန်ကို ငြိမ်းလည်း စောင့်နေတာပါ။ သို့သော် ဒီလောက်မြန်ဆန်လိမ့်မည်ဟု မတွက်ထားမိ။

ခုတော့ ငြိမ်း အလွမ်းကို ခွင့်လွှတ်ရမှာလား။ အပြစ်တင်ပြီး လမ်းခွဲရမှာလား။ ငြိမ်း ဘာလုပ်ရမလဲ။

အလွမ်းကို အထင်လည်းသေးချင်သည်။ အထင်လည်း မသေးရက်ခဲ့။ ငြိမ်း၏လက်တွေမှာ မှန်တင်ခုံ အံဆွဲထဲသို့ လက်ရောက်သွားသည်။ လက်ပြန်အရုပ်မှာ အညိုရောင်မှတ်တမ်းစာအုပ်လေး ထွက်လာသည်။

ပြီးနောက် အလွမ်းရှေ့သို့ ဘုတ်ခနဲနေအောင် ပစ်ချပေးလိုက်သည်။ ဒူးထောက်ထိုင်နေဆဲဖြစ်သော အလွမ်းရှေ့သို့ စာအုပ်ကလေး ရောက်သွားသည်နှင့် အလွမ်း တအံ့တသြ မော့ကြည့်လာပြီး

"ဟင် ငြိမ်း ဒီ ဒီစာအုပ်က ဘယ်လိုလုပ် ငြိမ်းဆီရောက်နေတာလဲ"

"ဖေဖေတို့မေမေတို့ မရောက်ခင် အလွမ်းအခန်းထဲက ပစ္စည်းတွေကို ငြိမ်းအခန်းထဲ ရွှေ့ရင်းတွေ့လိုက်တာလေ၊ တန်းလျားမှာနေတုန်းက အလွမ်းရဲ့အခန်းထဲမှာ ငြိမ်းကိုချောင်းကြည့်ဖို့ အပေါက်ဝိုင်းလေး ရှိတယ်ဆိုတာသိရင် အဲဒီကတည်းက အဲဒီအပေါက်ကို တက်ပိတ်တယ် သိလား နှာဘူးလေးရဲ့"

"ဟင်"

မျက်နှာကို ရေနွေးနှင့်ပက်လိုက်သလို ငြိမ်း၏စကားတွေက ဖျဉ်းခနဲ ပူသွားစေသည်။ ထိုစာအုပ်ထဲတွင် အလွမ်းရင်ထဲက ငြိမ်းနှင့်





ပတ်သက်သမျှသော ခံစားချက်တွေ လုပ်ရပ်တွေ၊ အချိန်တွေ နေ့ရက်တွေ ယုတ်စွအဆုံး အလွမ်းချောင်းကြည့်တိုင်း ငြိမ်းဝတ်ထားသော ဂါဝန်အရောင် ငြိမ်းကိုယ်ပေါ်က အမှတ်အသားလေးတွေကအစ အသေးစိတ် ရေးမှတ်ထားခဲ့တာပါ။

ဒါ့အပြင် ငြိမ်း အပျင်းဖျားခဲ့သောညက အဖြစ်အပျက်တွေကို အလွမ်းကိုယ်တိုင် အမှားနှင့်ခံစားမှုစစ်စစ်တွေကို အချစ်ကြောင့်ဟု ခေါင်းစဉ်တပ်ပြီး ငြိမ်းကို တောင်းပန်ထားသော မှတ်တမ်းတွေ။ အားလုံး အားလုံး အသေးစိတ်ရေးထားမိသည်ပဲ။

ဘုရား ဘုရား ရှက်လိုက်တာ။ အမှန်တရားဆိုတာ ကြာရှည် ဖုံးကွယ်လို့မရနိုင်ဘူးဆိုတာ အခု အလွမ်း လက်တွေ့ကြုံနေရပါပြီ။

ဒီတော့ ငြိမ်း ဘယ်လိုအပြစ်ပေးမလဲ။ ခုချိန်မှာ ကိုယ်ဟာ သေမိန့်ကိုစောင့်နေရတဲ့ အကျဉ်းသားတစ်ကောင်လိုပါပဲ။

အနာဂတ်အတွက် ရေးရေးလေးတောင် စဉ်းစားဖို့ အခွင့်အရေးမရတော့။

"ကိုယ့်ကို ငြိမ်း ကြိုက်တဲ့အပြစ်ပေးပါတော့၊ ကိုယ်လေ ငြိမ်းအနားကထွက်သွားဆိုရင်တောင် ကိုယ် ထွက်သွားပေးပါ့မယ်၊ တကယ်တော့ ကိုယ်ဟာ ဗီလိန်တစ်ယောက်ပါ ငြိမ်းရယ်၊ အချစ်တွေ ရင်ဘတ်ထဲက အဆမတန် လျှံထွက်လာလို့ အတွေ့အထိတွေကြောင့် ကိုယ် ငြိမ်းအပေါ်မှားခဲ့မိပါတယ်"

"ဟွန်း တော်ပါ အဲဒီတုန်းက ငြိမ်း မင်းဘုံနဲ့ အိပ်မက်ထဲမှာ စိတ်တူကိုယ်တူ ချစ်နေကြတယ်လို့ထင်ခဲ့တာ၊ တကယ်တော့ ရှင်က ငြိမ်းစိတ်ကို ထင်ယောင်ထင်မှားဖြစ်အောင်လုပ်တဲ့ ဗီလိန်တစ်ယောက်ပဲ"

"ဟော့ ဒီလင်မယားနှစ်ယောက် ဘာလုပ်နေကြတာလဲ ဟင် စကားများနေကြတာလား"

ဒူးထောက်ထိုင်နေသော အလွှမ်း၏အနေအထားကိုကြည့်ပြီး ဒေါ်မိုးခမ်း စိုးရိမ်တကြီး မေးလိုက်သည်။ ငြိမ်း ပျာပျာသလဲ ခေါင်းခါပြီး

"ဟင့်အင်း မဟုတ်ပါဘူး မေမေရဲ့၊ ငြိမ်းခြေထောက်တွေကို လိုးရှင်းလိမ်းပေးမလို့လုပ်နေတာပါ"

"အို ကိုယ့်ယောကျ်ားကို အဲလောက်ထိ နှိမ်ပြီးခိုင်းစရာလား ကွယ်၊ သား ထ ထစမ်း မိန်းမကိုချစ်လို့ အလိုလိုက်တာလဲလိုက်ပေါ့ ဒီလောက်ထိ လုပ်ပေးဖို့တော့ မလိုဘူး၊ ယောကျ်ားဆိုတာ ဘုန်းနဲ့ကံနဲ့ နေတာအေ့"

ဒေါ်မိုးခမ်း အလွှမ်း လက်မောင်းကို ဆွဲထူပြီး ထခိုင်းသည်။ အလွှမ်း မလွှဲသာ၍ ထလိုက်ရသည်။ တကယ်ဆို ငြိမ်း ဘယ်လိုအပြစ်ပေးမလဲဆိုတာကို ဒူးထောက်ပြီး နာခံချင်သေးတာပါ။

"ကဲ ဆေးခန်းသွားဖို့ နောက်ကျနေမယ် မြန်မြန်ပြင်ဆင်ကြတော့၊ ဆေးခန်းကအပြန် သမီးဖေဖေက ရွှေတိဂုံဘုရားကို သွားမယ်လို့ ပြောတယ်"





"ဟုတ်ကဲ့ မေမေ"

"အေး အေး အားလုံးပြင်ဆင်ပြီးရင် ထွက်လာကြတော့ မေမေ ဧည့်ခန်းထဲကစောင့်နေမယ်"

ဒေါ်မိုးခမ်း ထွက်သွားသည်နှင့် အလွှမ်း အခန်းတံခါးကို ပြေး ပိတ်ပြီး ငြိမ်းရှေ့မှာ ပြန်၍ ဒူးထောက်လိုက်သည်။

"ကဲ ထပါတော့ အဲဒါ ဘာလုပ်ပြန်ပြီလဲ"

"ငြိမ်း ကိုယ့်ကို အပြစ်မပေးရသေးဘူးလေ"

"ကဲပါ အလွှမ်းရယ် ငြိမ်းက ရှင့်ကိုအပြစ်မပေးချင်လို့ ညက ခုတင်ပေါ်မှာ အတူတူအိပ်ကြတာပေါ့လို့ ကဲထပါ ရှင့်ကလေးရဲ့ဗိုက်ကို ဆေးခန်းမှာ သွားအပ်ရမယ်လေ အချိန်မဆွဲနဲ့တော့"

"ဟင် ငြိမ်း ငြိမ်း ကိုယ့်ကိုအပြစ်မတင်ဘူးပေါ့ ဟုတ်လား"

"တင်တော့ရော ဘာထူးမှာလဲ၊ ဒီကလေးက ရှင့်ကလေးပဲ ဟာကို"

စိတ်ဆိုးဟန်တစ်စက်မှမပြဘဲ မျက်စောင်းရွယ်ရင်း ပြောနေသော ငြိမ်းစကားကြောင့် အလွှမ်း ပေးခနဲ ထခုန်လိုက်သည်။ တကယ် တမ်း ငြိမ်း စိတ်ဆိုးချင်ပေမယ့် အလွှမ်းကို မင်းဘုံကိုမုန်းခဲ့သလို မုန်း ကြည့်ဖူးသည်။ ဘယ်လိုမှ မုန်း၍မရ။ ငြိမ်းလည်း အလွှမ်းကိုချစ်နေမိပြီ ထင်ပါရဲ့။

"ဟုတ်တယ် ကိုယ့်သား ကိုယ့်သားအတွက် ကိုယ်အဖေလုပ်

ဖို့ ပြင်ဆင်ရဦးမယ် ငြိမ်းရ၊ ပြီးရင် ငြိမ်းကို အမုန်တကယ် ချစ်ခွင့်ရသွားပြီ၊ ကျေးဇူးပါပဲ ငြိမ်းရယ်''

ငြိမ်းကို ရင်ခွင်ထဲဆွဲသွင်းပြီး ငြိမ်း၏ပါးပြင်အနှံ့ကို စိတ်ရှိလက်ရှိ နမ်းရှိုက်လိုက်သည်။

ငြိမ်း ပြုံးရွှင်စွာဖြင့် အလွမ်း၏အနမ်းတွေကို လက်ခံပါသည်။

အားလုံးအတွက်
နတ်သမီး